

www.burmeseclassic.com
တက္ကသိုလ်
ငှပင်းဝံ့သောင်
ဝမ်အင်း၏ချင်ကျောဝင်းလျှံ
မြိုင်ဘာက်သိုင်းကျောင်း
BURMESE CLASSIC .com
ပထမပိုင်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ပြင်သစ်ကဗျာနှင့်အရေး

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## ပြိုင်ပွဲ

ယွန်ဂေါင်ဒေါင်းမြို့ ...

အလွန်စည်ကားသိုက်မြိုက်ပြီး လူဦးရေထူထပ်လှသော မြို့ကြီးပြကြီးတစ်ခုဖြစ်သည်။

ယွန်ဂေါင်ဒေါင်းမြို့တွင် သိုင်းသမားများ၊ ကျော်ကြားသော သိုင်းအဖွဲ့အစည်းများ၊ သိုင်းကျောင်းများ လက်ညှိုးထိုး မလွဲအောင် ပင် ရှိနေသည်။

မြို့စားကြီးကိုယ်တိုင် စာသိုင်းပညာအား ချစ်မြတ်နိုးပြီး သိုင်းသမားများအား မြှောက်စားတတ်သည့်အပြင် လူစွမ်းကောင်း များ ပေါ်ထွက်ရေးအတွက် သုံးနှစ်တစ်ကြိမ် သိုင်းပြိုင်ပွဲအား စည် ကား သိုက်မြိုက်စွာ ကျင်းပပေးလေ့ရှိသည်။

ထို့ကြောင့် ...

ယွန်ဂေါင်ဒေါင်းမြို့သည် အခြားမြို့များနှင့်မတူ သိုင်း သမားအများဆုံး ထွက်ရှိရာမြို့ကြီးတစ်မြို့လည်း ဖြစ်လာခဲ့ရခြင်း ဖြစ်ပေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဂေါင်ဒေါင်းမြို့ရှိ ထင်ရှားသော သိုင်းအဖွဲ့အစည်း၊ သိုင်းကျောင်းများအနက် လုသိုင်းကျောင်းနှင့် ပန်သိုင်းကျောင်းမှာ လျှမ်းလျှမ်းတောက် ကျော်ကြားလှပေသည်။

သိုင်းကျောင်းပိုင်ရှင်များသည် သိုင်းလောက၌ အအောင်မြင်ဆုံး သိုင်းထိပ်သီးများ ဖြစ်ခဲ့ခြင်းကြောင့်ပင်။

ယွန်ဂေါင်ဒေါင်းမြို့စားကိုယ်တိုင် ယင်းသိုင်းကျောင်းနှစ်ခုအား လေးစားရလေသည်။

လုသိုင်းကျောင်းနှင့် ပန်သိုင်းကျောင်းသည် မြို့ဝဲဝယ် မြို့စားနည်းတူ သြဇာသက်ရောက်နိုင်သော အစွမ်းများ ရှိနေကြလေတော့သည်။

✷



တံခွန်လုပွဲ ...။

သုံးနှစ်တစ်ကြိမ်ကျင်းပသော သိုင်းပြိုင်ပွဲတစ်ခုဖြစ်သည်။

မြို့စားကြီးကိုယ်တိုင် သိုင်းပညာအရည်အချင်းပြသည့် အပြင် အဖွဲ့ဝင်များ၏ စည်းလုံးညီညွတ်မှု၊ ပရိသတ်များအား ပျော်ရွှင်ဖွယ်ဖြစ်အောင် သရုပ်ပြမှုတို့အား ထည့်သွင်း၍ တီထွင်ထားခြင်း ဖြစ်သည်။

တံခွန်လုပွဲသည် သိုင်းပြိုင်ပွဲသက်သက် မဟုတ်သည်ကား ထူးခြားလှသည်။ ပါဝင်သော အဖွဲ့ဝင်များသည် တံခွန်တိုင်များ အားလုံးယူကာ သိုင်းစွမ်းပြသရသည်။

တံခွန်တိုင်ရရှိသော အရေအတွက်အလိုက် အဖွဲ့ဝင်များသည် ဂုဏ်ပြုချီးမြှင့်ခံရသည်။ တံခွန်တိုင်များများရရှိသောအဖွဲ့သည် စွမ်းဆောင်ရည်မြင့်မားသောအဖွဲ့အဖြစ် ဂုဏ်ရှိသည်။

ထို့ကြောင့် သိုင်းပြိုင်ပွဲသီးသန့်မဟုတ်သော တံခွန်လုပွဲသည် လူတိုင်းက စိတ်ဝင်စားရပြီး ထူးခြားသော ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ရလေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

"လုထားကွ"

ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်နေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူတစ်ဦးသည် ရာဘာဖြင့် ပြုလုပ်ထားသော တံခွန်တိုင်တစ်ခုအား ဆုပ်ကိုင်ကာ လှည့်ပတ်ပြေးလွှားနေ၏။

အညိုရောင်ဝတ်ဆင်ထားသော လူတစ်စုက လုယူရန် ပြေးလိုက်လာကြသည်။

ထိုအခါ ...

အနက်ရောင်ဝတ်ဆင်ထားသူများက ဟန့်တားကာကွယ်ကြသည်။

အညိုရောင်ဝတ်ဆင်ထားကြသူများ အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။

အချို့က ပြေးလိုက်ကာ အနက်ရောင်ဝတ်ဆင်ထားသူအား ခုန်အုပ်ကာ လက်ထဲမှ တံခွန်တိုင်အား လုယူလိုက်ကြသည်။

အားလုံး လဲပြိုကျသွားသည်။



တံခွန်တိုင်သည် တစ်ယောက်မှတစ်ယောက်ထံ ရွှေ့ပြောင်းနေတော့သည်။ နံရံအား ကျောမှီထားသော လူငယ်တစ်ယောက်သည် ထိုအဖြစ်အား ကြည့်ကာ သဘောကျနေ၏။

သူက စိတ်မထိန်းနိုင်ဟန်ဖြင့် လူအုပ်ကြားထဲ ပြေးဝင်ကာ တံခွန်တိုင်အား အတင်းပင် လုယူလိုက်သည်။

မကြာမီ ...

တံခွန်တိုင်မှာ သူ၏လက်အတွင်းသို့ ရောက်ရှိသွားလေသည်။

"ဟေး ... ငါရပြီကွ"

လူငယ်က ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသောအဖွဲ့နှင့် အညိုရောင် ဝတ်ဆင်ထားသော အဖွဲ့နှစ်ဖွဲ့ ကွဲသွားသည်။

သူတို့သည် လူငယ်အား ရှုတည်တည်ဖြင့် ကြည့်နေ၏။ လူငယ်က လက်ထဲမှ တံခွန်တိုင်အား မြှောက်ပြကာ ...

"ကျုပ် ရပြီ ... တွေ့လား"

ဟု ပြောလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ခေါင်းဆောင်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဖေးဟုန် ... ငါတို့လေ့ကျင့်နေတာ မင်း ဝင်မရှုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်၊ ပြိုင်ပွဲက နီးကပ်နေပြီကွ"

လူငယ်က ...

"ကျုပ်လုလို့ရတာ မတွေ့ဘူးလား၊ ကျုပ်လည်း ပါလို့ရမှာပေါ့"

ထိုလူ ခေါင်းယမ်းလိုက်၏။

"မင်းမှ သိုင်းမတတ်ဘဲ ... ဘယ်လိုလုပ်ပါလို့ရမလဲ၊ ပြီးတော့ ... ဒီပြိုင်ပွဲက အန္တရာယ်များတယ်၊ အခန့်မသင့်ရင် ခြေကျိုးလက်ကျိုးနဲ့ ဒုက္ခိတတောင် ဖြစ်သွားနိုင်တယ်"

လူငယ်က မဲ့ရင်း ...

"ကျုပ် ... သိုင်းမတတ်တာနဲ့ မပါရဘူးဆိုတာ အမိန့်မှာယ်မှမရှိတာပဲ၊ အခု ... ကျုပ် လုလို့ရပြီ မဟုတ်"

သူက စကားဆုံးအောင် မပြောနိုင်ပါ။

စိတ်မရှည်ဖြစ်လာသော အနက်ရောင်ဝတ်ခေါင်းဆောင်က တံခွန်တိုင်အား လှုပ်တစ်ပြက် လုယူလိုက်လေသည်။

ထိုလူက ...

"မင်းဘာသာ အေးအေးနေစမ်းပါ ဖေးဟုန်ရယ်၊ ငါတို့ အနှောင့်အယှက်ဖြစ်တယ်"

ပြောရင်း တွန်းထုတ်လိုက်သည်။ လူငယ်မှာ ယိုင်ထွက်သွားသည်။



သူက ဒေါသထွက်သွားပြီ ...

"ကျုပ်က သိုင်းမတတ်ပေမယ့် ဟောဒီလို ထိုးတတ်တယ်ဗျ"

ပြောရင်း ခုန်ထွက်ကာ လှုပ်တစ်ပြက် ထိုးချလိုက်၏။

သို့သော် ... အနက်ရောင်ဝတ်ဆင်ထားသော ခေါင်းဆောင်က အသာအယာပင် ရှောင်တိမ်းကာ ပြန်လည်တွန်းထုတ်လိုက်၏။

လူငယ်မှာ အရှိန်မထိန်းနိုင်ဘဲ မြေပေါ် ဖင်ထိုင်ကျသွားသည်။

"ဟား ဟား ဟား"

"ဟား ဟား ဟား"

အနက်ရောင်ဝတ်ဆင်ထားသူများသာမက အညိုရောင်ဝတ်ဆင်ထားကြသူများပါ လူငယ်၏ အဖြစ်အားကြည့်ကာ ခွက်ထိုးခွက်လန် ရယ်မောလိုက်ကြလေသည်။

လူငယ် လူးလဲထလာ၏။

သူ၏မျက်နှာ ဒေါသကြောင့် နီရဲခက်ထန်နေ၏။ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး...

"ရယ်ကြဦးကွာ"

ပြောရင်း ရယ်မောနေသူများအား လိုက်လံထိုးကြိတ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အားလုံးပင် အလွယ်တကူ ရှောင်တိမ်းကာ ပြန်လည် တွန်းထုတ်နေသဖြင့် လူငယ်မှာ တဘိုင်းဘိုင်းလဲကျနေတော့သည်။

✳



အနက်ရောင်ဝတ်ဆင်ထားသော ခေါင်းဆောင်ကလူငယ်အား စိုက်ကြည့်ကာ ...

"ဖေးဟုန် ... ငါတို့ကို ဆက်ပြီးနှောင့်ယှက်ဦးမယ်ဆိုရင် မင်းအဖေနဲ့ တိုင်ပြောရလိမ့်မယ်"

ဟု ပြောလာသည်။ လူငယ် လူးလဲထလာသည်။

"ခင်ဗျားတို့ကို ကျုပ် သိုင်းတတ်ရင် ပြန်ချမယ်"

မကျေမနပ် ပြန်ဖြေလာသည်။

သူ၏စကားကြောင့် အားလုံးပင် ပြုံးစေ့စေ့ ဖြစ်သွားလေသည်။

အနက်ရောင်ဝတ် ခေါင်းဆောင်က ...

"အေးပါကွာ ... မင်းအဖေကို သိုင်းသင်ပေးဖို့ အရင်ပြောပါဦး"

ထိုစဉ် မိန်းကလေးတစ်ယောက်ရောက်ရှိလာသည်။

အနက်ရောင် ခေါင်းဆောင်အားကြည့်ကာ ...

"ရှင်တို့ ဖေးဟုန်ကို အနိုင်ကျင့်ပြန်ပြီလား"

ဟု ရန်တွေ့လာသည်။ အနက်ရောင်ဝတ် ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွန့်လိုက်သည်။

"စူးရင် ... ရမ်းပြောမနေနဲ့၊ ငါတို့လေ့ကျင့်နေတာကို သူလာနှောင့်ယှက်တာ၊ နင်မသိဘဲ ဝင်မပြောနဲ့"

"ဟုတ်တယ် ... ဟုတ်တယ်"

"သူလာရှုပ်လို့ ငါတို့လေ့ကျင့်မှု ပျက်သွားတာ"

ကျန်လူများက တစ်ယောက်တစ်ပေါက်ပင် ဝိုင်းဝန်းထောက်ခံလာကြသည်။ စူးရင်ဆိုသော မိန်းကလေးက လူငယ်အားကြည့်ကာ ...

"ဖေးဟုန် ... သူတို့ပြောတာ ဟုတ်သလား"

ဟု မေးလိုက်သည်။ လူငယ်က အားလုံးကို မကျေမနပ်ဖြစ်နေသည်မို့ ...

"ဘာမှ လာမေးမနေနဲ့ ... နင်လည်း အတူတူပဲ"

ပြောရင်း ခြေဆောင့်ကာ ထွက်သွား၏။ စူးရင် ခေါင်းယမ်းလိုက်သည်။

"သူဟာ သိပ်ဒေါသကြီးတယ်၊ ဒါကြောင့်လဲ ဆရာယောင်ကျင်းရင်က သိုင်းမသင်ပေးတာ ဖြစ်မယ်"

ဟု ရေရွတ်လိုက်သည်။

ယောင်ကျင်းရင်၊ လုသိုင်းကျောင်း၏ ဦးစီးရေးမှူး ဖြစ်သည်။



သိုင်းကျောင်းပိုင်ရှင် လုအာစိုင်းနှင့် သွေးသောက်ညီအစ်ကိုများလည်း ဖြစ်သည်။

ယောင်ကျင်းရင်၏သိုင်းပညာသည် အဆင့်မြင့်လှသည်ဟု ကျော်ကြားသည်။

လူငယ်သည် ယောင်ကျင်းရင်၏ တစ်ဦးတည်းသောသား ယောင်ဖေးဟုန် ဖြစ်သည်။

ဖခင်မှာ နာမည်ကြီးသိုင်းဆရာဖြစ်နေသော်လည်း သားဖြစ်သူအား သိုင်းမတတ်ဘဲရှိနေသည်မှာ အလွန်ပင် ဆန်းကြယ်လှပေတော့သည်။

ယောင်ကျင်းရင်သည် သိုင်းကျောင်း၌ အမိန့်တစ်ခု ထုတ်ထားသည်။ ယင်းမှာ ယောင်ဖေးဟုန်အား မည်သူမျှ သိုင်းမသင်ပေးရဟူ၍ ဖြစ်သည်။

ယောင်ကျင်းရင်သည် သားဖြစ်သူ သိုင်းပညာတတ်မြောက်ရန် အဘယ်ကြောင့် မလိုလားပါသနည်း။

✳

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်၏စိတ်ထဲ ခံပြင်းနေသည်။

သိုင်းပညာမတတ်၍ သူများ အနိုင်ကျင့်စော်ကားခြင်း ခံရသည်ဟု စိတ်ထဲထင်နေမိသည်။

သိုင်းမတတ်၍ သင်တန်းသားများကပင် မိမိအား အလေးမထားကြချေ။

ယောင်ဖေးဟုန် စိတ်ထဲ တနုံ့နုံ့ ဖြစ်နေ၏။ သူသာ သိုင်းတတ်လျှင် မကျေနပ်သူများအား ဆုံးမမည်ဟု စိတ်ထဲ ကြုံးဝါးကာ လျှောက်လာမိသည်။ သူက အဆောင်တစ်ခုအနီး ဖြတ်လျှောက်လာစဉ် ...

"ဖေးဟုန် ... လာဦး"

သြဇာပြည့်ဝသော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ယောင်ဖေးဟုန်၏ခြေလှမ်း တုံ့ခနဲရပ်သွားသည်။ အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အဆောင်ထောင့် ကျောက်ခုံတစ်လုံးပေါ်ဝယ် အဘိုးအိုနှစ်ဦး ထိုင်နေသည်ကို တွေ့ရ၏။



တစ်ဦးမှာ သူ၏ဖခင် ယောင်ကျင်းရင် ဖြစ်သည်။

ကျန်တစ်ယောက်ကား ကုန်သည်အဝတ်အစားများ ဝတ်ဆင်ထား၏။

မြင်ရုံနှင့်ပင် ညှို့သည်ဖြစ်မှန်း ရိပ်စားမိသွား၏။ သူက စိတ်မပါ့တပါဖြင့် လှမ်းသွားသည်။

ယောင်ကျင်းရင်က ယောင်ဖေးဟုန်အား မျက်မှောင်ကုတ်ကြည့်ကာ ...

"မင်းမျက်နှာထားက ဘယ်လိုဖြစ်နေတာလဲ"

ဟု မေးလိုက်သည်။ ယောင်ဖေးဟုန် ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

ယောင်ကျင်းရင်က ကုန်သည်အဘိုးအိုအား ညွှန်ပြရင်း ...

"သူက ငါ့မိတ်ဆွေတစ်ဦးပဲ၊ ဒီမြို့ကိုရောက်တုန်း ငါ့ဆီအလည်ဝင်တာ၊ ကဲ ဦးလေးချန်းကို အရိုအသေပေးလိုက်ပါဦး"

ယောင်ဖေးဟုန်က ခပ်သွက်သွက်ပင် ဦးညွှတ်လိုက်သည်။

ဦးလေးချန်းဆိုသောကုန်သည်က ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

ယောင်ကျင်းရင်က ...

"ဖေးဟုန် ... မင်း ဘာဖြစ်လာတာလဲ၊ မျက်နှာက မှုန်

www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကုတ်နဲ့ မင်း ... ရန်ဖြစ်လာပြန်ပြီ မဟုတ်လား"

ဟု မေးလိုက်သည်။

ယောင်ဖေးဟုန်က ...

"သူများအနိုင်ကျင့်တာ ခံရတာပါ"

ယောင်ကျင်းရင်က ...

"မင်းကသူများကို ပြဿနာသွားရှာလို့ နေမှာပေါ့"

ယောင်ဖေးဟုန် မကျေမနပ် ဖြစ်သွားသည်။

"ဖေဖေဟာ ကျွန်တော့်ကိုပဲ အပြစ်ပြောနေတာပဲ၊ ဒါဟာ ဖေဖေကြောင့် ဖြစ်ရတာ"

"ဟေ"

ယောင်ကျင်းရင် မျက်လုံးပြူးသွားသည်။ ယောင်ဖေးဟုန်အား ကြည့်ကာ ...

"ဘယ်လို ... ငါ့ကြောင့် ဟုတ်လား"

ဟု မေးလိုက်သည်။

ယောင်ဖေးဟုန်က ...

"ဟုတ်တယ်၊ ဖေဖေက ကျွန်တော့်ကိုမှ သိုင်းမသင်ပေးဘဲ ဒီတော့ ... သူများ စော်ကားသမျှ ခံရတာပေါ့"

"ဘာကွ ... မင်းက အဖေကို အပြစ်တင်တာပေါ့ ဟုတ်လား"



ယောင်ကျင်းရင် ရှူးရှူးရှားရှား ဖြစ်သွားသည်။

"မင်းက ထစ်ခနဲဆို ပြဿနာရှာရှာတတ်တဲ့အကျင့်က မပျောက်သေးဘဲနဲ့များ"

ယောင်ကျင်းရင် ပြောရင်းစိတ်တိုလာသည်။ ဧည့်သည်ရှေ့၌ စကားမများလို၍ လက်ဝှေ့ယမ်းကာ ...

"မင်း သွားတော့"

ဟု ပြောလိုက်သည်။

ယောင်ဖေးဟုန် ဘာမှမပြောပါ။ ကျောခိုင်း ထွက်ခွာသွားလေသည်။

ကုန်သည်ချန်း၏ မျက်နှာပေါ်ဝယ် အံ့အားသင့်သောဟန်မူရာများ ဖြစ်ပေါ်နေသည်။

သူက သက်ပြင်းချကာ ...

"ခင်ဗျားသားက သိုင်းမတတ်ဘူး ... ဟုတ်လား"

သူက မချုပ်တီးနိုင်ဟန်ဖြင့် မေးလိုက်သည်။ ယောင်ကျင်းရင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကုန်သည်ချန်းက ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကျန်းရင် ပင့်သက်ရှိုက်ကာ ...

"ကျုပ်က သင်မပေးတာပါ"

ဟု ဖြေလိုက်သည်။

ကုန်သည်ချုန်း၏ မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွားရလေသည်။

"ထူးဆန်းတာပဲ၊ အဖေက နာမည်ကြီးသိုင်းဆရာဖြစ်နေပြီး သားက သိုင်းမတတ်ဘဲ ဖြစ်နေတယ်"

ယောင်ကျင်းရင် မချိပြုံးပြုံးလိုက်သည်။

"ခင်ဗျား သူ့အကြောင်း မသိသေးလို့ပါ"

ကုန်သည်ချုန်းက ...

"သူက ဘာဖြစ်လို့လဲ"

ဟုမေးလိုက်သည်။ ယောင်ကျင်းရင်၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သူဟာ ... ဘဝင်မြင့်တဲ့စိတ်ရှိပြီး ဒေါသကြီးတယ်၊ ရန်လိုတယ်၊ သည်းခံစိတ်မရှိဘူး၊ သူသာ သိုင်းပညာ တတ်ကျွမ်းသွားရင် သူများတွေကို ရန်လိုပြီး ထစ်ခနဲဆိုတာနဲ့ တိုက်ခိုက်မှာပဲ၊ အဲဒီအခါကျ ... သူဟာ လူဆိုးတစ်ယောက် ဖြစ်လာလိမ့်မယ်၊ သူ့စိတ်ဓာတ်ကို သူ့ဘာသာ မပြုပြင်သရွေ့ ကျုပ်က သိုင်းမသင်ကြားဖို့ အမိန့်ထုတ်ထားတယ်"



ကုန်သည်ချုန်း ဘာမျှ မပြောတော့ပါ။

ယောင်ကျင်းရင်၏စကားအား ခေါင်းတညိတ်ညိတ် လုပ်နေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်ကလည်း သင်တန်းသားတစ်ယောက်အား ဆွဲခေါ်လာသည်။

"ဘယ်လို အစ်ကိုလေး ... ကျုပ်မှာ အလုပ်ရှိသေးတယ်"

"ထားစမ်းပါ ... ငါနဲ့လိုက်ခဲ့ အရေးကြီးတယ်"

ပြောရင်း ခြံဝင်းအနောက်ဘက် မြေကွက်လပ်ဆီ ဆွဲခေါ်လိုက်သည်။

သင်တန်းသားမှာ ယက်ကန်ယက်ကန်ဖြင့် ပါလာသည်။ မြေကွက်လပ်အနီးသို့ရောက်လျှင် ခြေလှမ်းရပ်လိုက်လေသည်။ သင်တန်းသားက ...

"အစ်ကိုလေး ကျုပ်အင်္ကျီ လွှတ်ပေးပါဦးဗျ"

ဟုပြောလိုက်သည်။ ထိုအခါမှ ယောင်ဖေးဟုန်က ဆုပ်ကိုင်ထားသော အင်္ကျီစအား လွှတ်ပေးလိုက်သည်။ သင်တန်းသားက ယောင်ဖေးဟုန်အား ကြည့်ကာ ...

"ကဲ ပြော ဒီကိုခေါ်လာတာ ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်သည်။ ယောင်ဖေးဟုန် တစ်ချက်ပြုံးကာ ...

"မင်း ငါ့ကို သိုင်းသင်ပေးရမယ်"



ဟု ပြောလာသည်။

"ဗျာ"

သင်တန်းသား ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ယောင်ဖေးဟုန်အား မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ ...

"သိုင်းသင်ပေးရမယ် ... ဟုတ်လား"

အလောတကြီးမေးလိုက်သည်။ ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သင်တန်းသားမှာ ထိုစကားကြောင့် မြွေကိုက်ခံရသူလို တွန့်ခနဲ ဖြစ်သွား၏။

ကပျာကယာ ခေါင်းယမ်းရင်းမှ ...

"ဟာ မဖြစ်ဘူး မဖြစ်ဘူး"

အကြောက်အကန် ငြင်းဆိုလိုက်သည်။ ယောင်ဖေးဟုန် မျက်မှောင်ကုတ်ကာ ...

"ဘယ်လို မဖြစ်ဘူး ဟုတ်လား"

ဟု မေးလိုက်သည်။ သင်တန်းသားက ...

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

သင်တန်းသား သက်ပြင်းချကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာယောင်က မှာကြားထားတာ အစ်ကိုလေးလည်း သိလျက်နဲ့ ကျုပ်ကသင်ပေးရင် အပြစ်ပေးခံရလိမ့်မယ်"

ယောင်ဖေးဟုန်က ...

"ဒါ လွယ်ပါတယ်"

သင်တန်းသားက သူ့အားကြည့်လာသည်။ ယောင်ဖေးဟုန်က ...

"ဖေဖေမသိအောင် ခိုးသင်ပေးပေါ့"

သင်တန်းသား ခေါင်းယမ်းလိုက်သည်။

"မဖြစ်ဘူး ... ဒါ အပြစ်ကြီးတယ်၊ ဆရာယောင်သိသွားရင် ကျုပ်ကို သင်တန်းကျောင်းက နှင်ထုတ်မှာဗျ"

ယောင်ဖေးဟုန် ဒေါသထွက်လာသည်။

"မင်း မသင်ပေးဘူးလား"

လေသံမာမာဖြင့် မေးလိုက်သည်။ သင်တန်းသားက ...

"မဖြစ်လို့ပါဗျာ၊ ပြီးတော့ အစ်ကိုလေးကို သင်ပေးရလောက်အောင် ကျုပ်က မကျွမ်းကျင်ဘူးဗျ"

ထိုစကားကြောင့် ယောင်ဖေးဟုန် ငိုင်သွား၏။ ကျွမ်းကျင်မှုမရှိသူအား သင်ခိုင်းခြင်းက အရာရောက်မည်မဟုတ်ဟု နားလည်လိုက်သည်။ သင်တန်းသားက ...

"ကျုပ်မှာ အကြံတစ်ခုရှိတယ်"



ဟု ပြောလာသည်။ ယောင်ဖေးဟုန်က ...

"ဘာအကြံလဲ"

သင်တန်းသားက ...

"အစ်ကိုလေး ဖခင်ကိုယ်တိုင် လိုလိုလားလားနဲ့ သိုင်းသင်ပေးလာမယ့် အကြံမျိုးပါ"

ဟု ပြောလာသည်။ ယောင်ဖေးဟုန် စိတ်ဝင်စားလာသည်။ သင်တန်းသားအား ကြည့်ကာ ...

"ပြောစမ်းပါဦး"

သင်တန်းသားက ...

"အစ်ကိုလေးက မြို့ထဲမှာ သောင်းကျန်းပြီး ရန်ဖြစ်လိုက်"

ယောင်ဖေးဟုန် မျက်လုံးပြူးသွားသည်။

"ဟာ ... ငါမှ သိုင်းမတတ်တာ၊ ငါပဲ ခံရမှာပေါ့"

သင်တန်းသားက ပြုံးရင်း ...

"အဓိက,က အဲဒါပဲပေါ့၊ အစ်ကိုလေးခံရတာကို တွေ့ရင် ဆရာယောင်က ဒီအတိုင်းကြည့်နေတော့မှာ မဟုတ်ဘူး၊ သူများအစော်ကားမခံရအောင် ကျိန်းသေပညာသင်ပေးလာမှာပဲ"

သူ၏စကားကြားလျှင် ယောင်ဖေးဟုန်၏မျက်နှာတစ်ခုလုံး ရွှံ့မဲ့သွားလေသည်။

"သင်ပေးဖို့ နေနေသာသာ ငါ့ကို ထပ်ဆုံးမပြီး နှင်ထုတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



မှာကွ သိလား"

သင်တန်းသားအား အော်ပြောလိုက်သည်။ သင်တန်းသား ခေါင်းကုတ်လိုက်သည်။

"ကျုပ်မှာ တခြားအကြံတော့ မရှိဘူး"

ယောင်ဖေးဟုန် ဒေါသထွက်လာသည်။

"တောက်၊ ဘာမှ အားမကိုးရဘူး သွား မင်းချက်ချင်း ထွက်သွားတော့"

သင်တန်းသားအား ဝေါက်လွှတ်လိုက်၏။ သင်တန်းသားက

"ဟုတ် ... ဟုတ်ကဲ့"

ပြောကာ ခပ်သုတ်သုတ်ကလေး ထွက်သွားသည်။

"တောက် ... အသုံးမကျတဲ့ကောင်"

ယောင်ဖေးဟုန် မကျေမနပ်ရေရွတ်လိုက်သည်။ တစ်ဆက်တည်းပင် ...

"ဘယ်သူမှ မသင်ပေးရင်နေ၊ ငါ့ဘာသာ ငါပဲ လေ့ကျင့်တော့မယ်"

ရေရွတ်ရင်း အကျီချွတ်ကာ မြေကွက်လပ်ထဲသို့ ဝင်ရောက်သွား၏။ ထို့နောက် ...

"ကျား"

မာန်သွင်းအော်ဟစ်ကာ ခြေလက်များအား လှုပ်ရှားကာ



လေ့ကျင့်လိုက်၏။ သူ၏လှုပ်ရှားမှုမှာ ဗရမ်းပတာနိုင်လှပြီး ခြေကား ယား လက်ကားယားဖြင့် ဗရုတ်သုတ်ခ နိုင်လှပေတော့သည်။

သို့သော် ယောင်ဖေးဟုန်မှာ တကယ့် သိုင်းလေ့ကျင့်နေသည့်အလား အားကြိုးမာန်တက် လှုပ်ရှားနေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်၏နောက်ကွယ်တွင် လူတစ်ယောက် ရှိနေ၏။

ယောင်ဖေးဟုန် လှေ့ကျင့်နေသည်ကို ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။ သူက သက်ပြင်းလေးတွဲ့စွာချရင်း ...

"အင်း ... သူ့ရဲ့စိတ်ဓာတ် မပြုပြင်မပြောင်းလဲသရွေ့ ဘာတစ်ခုမှ တိုးတက်လာမှာ မဟုတ်ဘူး၊ ဒီပုံအတိုင်း ဆက်သွားရင် သူ့ရဲ့ရှေ့ရေးက ရင်လေးစရာပဲ"

ညည်းညူရေရွတ်လိုက်သည်။

ထိုလူကား ယောင်ကျင်းရင်ပင် ဖြစ်သည်။ သူက စိတ်ပျက်လက်ပျက်ဖြင့် ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့သည်။

* * *



## သိုင်းပညာ

ကျောက်စိမ်းစားသောက်ဆိုင် ...။

မြို့လယ် မင်းလမ်းမအနီး၌ရှိသော စားသောက်ဆိုင်ဖြစ်သည်။ အရက်နှင့်စားသောက်ဖွယ်ရာမျိုးစုံ ရရှိနိုင်လေသည်။

အညိုရောင်ဝတ်ဆင်ထားပြီး အသက် ၈၀ ဆယ်ဝန်းကျင်ခန့်ရှိသူတစ်ဦးသည် ယုန်သားကင်အား စားသောက်ရင်း လမ်းမထက် လှုပ်ရှားသွားလာနေသူများကို ကြည့်နေ၏။

ထိုသူသည် စားသောက်ဆိုင်အပေါ်ထပ် ပြတင်းအနီး၌ရှိနေ၍ သွားလာလှုပ်ရှားနေသူများကို ပီပီပြင်ပြင် မြင်တွေ့နေရသည်။

ထိုလူက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ တစ်ဖန် အရက်တစ်ခွက်အား ဇိမ်ဆွဲ၍ သောက်နေလေသည်။ သူက အရက်ခွက်အား စားပွဲပေါ် ပြန်ချလိုက်ချိန်ဝယ် သပ်ရပ်စွာဝတ်စားဆင်ရင်ထားသော လူရွယ်နှစ်ဦး သူ့ထံ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် မျက်ခုံးမွေးအစုံ မြင့်တွက်သွားကာ စိုက်ကြည့်ရင်း ပြုံးယောင်သမ်းသွားသည်။

"ယွန်းချောင်းနဲ့ရန်လောင်တို့ပါလား"

စိတ်ထဲမှလည်း ရေရွတ်လိုက်သည်။ ထိုလူရွယ်နှစ်ယောက်ကား နာမည်ကျော် ပန်သိုင်းကျောင်းမှ တပည့်ကြီးများ ဖြစ်ကြသော ယွန်းချောင်းနှင့် ရန်လောင်တို့ ဖြစ်ကြပေသည်။ သူတို့သည် အညိုရောင် ဝတ်ဆင်ထားသူရှေ့ ရောက်လာလျှင် ...

"ဆရာဟိုကို ဂါရဝပြုပါတယ်"

ဟုပြောကာ ဦးညွတ် အရိုအသေပြုလိုက်ကြသည်။ အညိုရောင် ဝတ်ဆင်ထားသူ (ဝါ) ဆရာဟိုက လက်ဝှေ့ယမ်းပြကာ ...

"ထိုင်ကြပါ"

ဟု ပြောလိုက်၏။ ယွန်းချောင်းနှင့် ရန်လောင်တို့သည် ဆရာဟိုနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။ ရန်လောင်က...

"ဆရာဟို ဒီနှစ်လည်း ကျုပ်တို့နိုင်မှ ဖြစ်မယ်"

ဟု ပြောလာသည်။ ဆရာဟိုက မျက်မှောင်ကုတ်ရင်း ...

"ဘာလဲ တံခွန်လုပွဲကိုလား"

ဟု မေးလိုက်သည်။ ရန်လောင်က ...

"ဟုတ်ပါတယ်"

ဆရာဟို ပြုံးလိုက်သည်။



"ဘာလဲ မင်းတို့က ငါ့ကို အပူလာကပ်တာလား"

ထိုစကားကြားလျှင် ရန်လောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်တို့ကို သိုင်းကွက်ဆန်းလေး တစ်မျိုး သင်ပေးပါဦး"

ယွန်းချောင်းကလည်း မျက်နှာချိုသွေးကာ ...

"ဟုတ်ပါတယ် ဆရာဟို၊ လွန်ခဲ့တဲ့သုံးနှစ်ပြိုင်ပွဲမှာ ဆရာဟို သင်ပေးလိုက်တဲ့ မိုးကြိုးကန်ချက်နဲ့ လှံသိုင်းပညာဟာ အတော်လေး ထိရောက်မှုရှိခဲ့လို့ ကျုပ်တို့ ပထမရခဲ့တာပဲ။ အခုလည်း ပထမရအောင် ကူညီပါဦး"

ဟု ဆိုလာ၏။ ဆရာဟို သက်ပြင်းချရင်း ...

"မိုးကြိုးကန်ချက်နဲ့ လှံသိုင်းပညာ အသုံးပြုခဲ့လို့ မင်းတို့ဆရာက ဆူခဲ့တာ မေ့နေပြီလား"

ဟု မေးလိုက်သည်။ ရန်လောင်က ...

"မမေ့ပါဘူး"

"ဒါဖြင့် အခုသင်ပေးလည်း မင်းတို့ဆရာက ဆူမှာပေါ့"

ယွန်းချောင်းက ပျာပျာသလဲဖြင့် ...

"ဒါပေမဲ့ ပြိုင်ပွဲမှာ ပထမရခဲ့ရင် ဆရာက ဆူတော့မယ် မထင်ဘူး၊ ကျုပ်တို့က ပန်သိုင်းကျောင်းဂုဏ်မြင့်အောင် ဆောင်ရွက်နိုင်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရော ပြောလာသည်။ ရန်လောင်ကလည်း ထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်ပါတယ် ဆရာဟို၊ ကျုပ်တို့ကို သိုင်းကွက်ဆန်းတချို့လောက် သင်ကြားပေးပါဗျာ၊ အခုဆိုရင် လုသိုင်းကျောင်းက ပြိုင်ပွဲမှာ ပထမယူဖို့ အားခဲထားတယ်ဗျ၊ ကျုပ်တို့နိုင်မှဖြစ်မယ်"

ယွန်ချောင်းက ...

"ဟုတ်တယ်၊ သူတို့ ဒုတိယရခဲ့တာကို မကျေနပ်လို့ ဒီနှစ်မှာ ပထမယူဖို့ အသေအချာ ပြင်ဆင်ထားကြတယ်"

ဆရာဟိုက ...

"မင်းတို့ဆရာ မတူဘူးဆိုရင် ငါသင်ပေးပါ့မယ်"

ထိုစကားကြောင့် ယွန်ချောင်းနှင့်ရန်လောင်တို့ ပျာပျာသလဲ ဖြစ်သွားကြသည်။

"စိတ်ချပါဗျာ ဆရာမဆူပါဘူး"

"ဟုတ်ပါတယ်၊ ပြီးတော့ ဆရာကလည်း ဆရာဟိုကို လေးစားရသူ မဟုတ်လား၊ ဆရာဟို သင်ပေးမယ်ဆိုရင် ကန့်ကွက်မှာ မဟုတ်ပါဘူး"

ဆရာဟို ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ သိုင်းကွက်ဆန်းတချို့ ငါသင်ပေးပါ့မယ်"

ထိုစကားကြားလျှင် ယွန်ချောင်းနှင့်ရန်လောင်တို့ ဝမ်းသာ



သွားကြသည်။ ဆရာဟိုသည် ပန်သိုင်းကျောင်း၏ သင်တန်းမှူးဖြစ်သော်လည်း သိုသိုသိပ်သိပ်နေကာ စကားနည်းသူတစ်ယောက် ဖြစ်ပေသည်။

သို့သော် သူ၏သိုင်းပညာရပ်များကား ထူးခြားထက်မြက်၍ ပန်သိုင်းကျောင်းပိုင်ရှင် ပန်ဟောင်းကိုယ်တိုင်ကပင် လေးစားရလေသည်။

ဆရာဟိုက သိုင်းကွက်ဆန်းများ သင်ပေးမည်ဟု ပြောလာသဖြင့် ယွန်ချောင်းနှင့်ရန်လောင်တို့ ဝမ်းမြောက်သွားကြမိသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟိုသည် ယုန်သားကင်တစ်ဖွဲ့ဝါးရင်း အကြည့်က လမ်းမပေါ်သို့ ရောက်ရှိသွားသည်။ ရုတ်တရက် သူက မျက်မှောင်ကြုတ်သွားမိလေသည်။

သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။ လမ်းပေါ်ဝယ် လူတစ်ယောက် လျှောက်လှမ်းလာနေသည်။ ထိုလူသည် အသက်လေးဆယ်ဝန်းကျင်ခန့် ရှိပြီး အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူ၏ကျောပေါ်ဝယ် အဝတ်စဖြင့် စည်းနှောင်ထားသော ရှည်မျောမျော အထုပ်တစ်ခု လွယ်ပိုးထား၏။ လှုပ်ရှားမှုမှာ လျင်မြန်ဖျတ်လတ်၍ သိုင်းပညာရှင်တစ်ဦးမှန်း သိသာလှသည်။

အကဲခတ်ကြည့်နေသော ဆရာဟိုသည် ထိုလူ၏မျက်နှာအား သေသေချာချာ တွေ့မြင်ရလျှင် မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ ထိုစဉ် ...

"ဆရာဟို၊ ကျုပ်တို့ကို ဘယ်လိုသိုင်းကွက်ဆန်းတွေ သင်ပေးမယ်ဆိုတာ ပြောပါဦး"

ယွန်ချောင်းနှင့်ရန်လောင်တို့၏ အားတက်သရော မေးသံ



ပေါ်ထွက်လာလေသည်။ ဆရာဟို သက်ပြင်းချလိုက်၏။ ရန်လောင်တို့ဘက် ပြန်လှည့်ကာ ...

"အချိန်ရှိပါသေးတယ်၊ နောက်မှ ရှင်းပြတာပေါ့"

ပြောရင်း ထရပ်လိုက်သည်။ ရန်လောင်နှင့်ယွန်ချောင်းတို့ အံ့ဩသွားသည်။

"ဆရာဟို ဘယ်သွားမလို့လဲ"

ပြိုင်တူပင် မေးလိုက်ကြသည်။ ဆရာဟိုက ...

"ငါ ကိစ္စတစ်ခုပေါ်လာလို့ပါ၊ ကဲ မင်းတို့ အေးအေးဆေးဆေး စားသောက်နေကြဦး"

ပြောရင်း ထွက်ခွာသွားလေသည်။ ဆရာဟို၏ ရုတ်ခြည်းပြောင်းလဲသွားသော အခြေအနေကြောင့် ရန်လောင်နှင့်ယွန်ချောင်းမှာ စဉ်းစားမရနိုင်ပင် ဖြစ်သွားသည်။ ရန်လောင်က ယွန်ချောင်းအား ကြည့်ကာ ...

"ဆရာဟို ဘယ်လိုဖြစ်သွားတာလဲ၊ သူ့ပုံစံက စိတ်လှုပ်ရှားနေတဲ့ပုံမျိုး ပေါက်နေတယ်"

ဟု မေးလာသည်။ ယွန်ချောင်း ပခုံးတွန့်လိုက်၏။

"ငါ ဘယ်သိပါ့မလဲ"

ယင်းနောက် နှစ်ယောက်သား ပြတင်းပေါက်အနီးသို့ သွားကာ အောက်သို့ လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ ဆရာဟိုသည်

www.burmeseclassic.com

www.burmeseclassic.com



မယောင်မလည်ဖြင့် လူတစ်ယောက်နောက်သို့ လိုက်ပါသွားသည်ကို တွေ့လိုက်ရသည်။

ရန်လောင်နှင့်ယွန်ချောင်းတို့မှာ ပျောက်ကွယ်သွားသော ဆရာဟိုအားကြည့်ပြီး သက်ပြင်းကိုယ်စီချလိုက်ကြ၏။ သူတို့၏စားပွဲတွင် ပြန်လည်ထိုင်ချလိုက်သည်။ ရန်လောင်က ...

"ဆရာဟိုက ဒီနေ့ ထူးခြားနေသလိုပဲ"

ဟု ရေရွတ်လာသည်။ ယွန်ချောင်း ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ သူဟာ အပြင်ထွက်ခဲတော့ အသိအကျွမ်းလည်း နည်းပါးတယ်၊ မင်းတစ်ခု သတိထားမိလား"

ရန်လောင် မျက်မှောင်ကုတ်ကာ ...

"ဘာကိုလဲ"

ဟု မေးလိုက်သည်။ ယွန်ချောင်းက ...

"ငါတို့ကို မိုးကြိုးကန်ချက်နဲ့ မီဖာလုံသိုင်းသင်ပေးတော့ ဆရာက ဆူပူကြိမ်းမောင်းတာလေ"

ဟု ပြောလိုက်လေသည်။ ရန်လောင်က ခေါင်းညိတ်လိုက်၏။

"အေး ... မှတ်မိပြီ မိုးကြိုးကန်ချက်နဲ့မီဖာလုံသိုင်းဟာ ကြောက်ဖို့ကောင်းပြီး အလွန်အန္တရာယ်များတယ်၊ နောက် ဘယ်တော့မှ မသုံးဖို့ ဆရာက ပြင်းပြင်းထန်ထန် တားမြစ်ခဲ့တယ်"



"ငါ့စိတ်ထင် ဆရာဟိုဟာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဖြစ်မယ်လို့ထင်တယ်၊ သူဟာ အကြောင်းတစ်ခုခုကြောင့် သိုသိုသိပ်သိပ် နေတာလို့ ထင်မိတယ်"

ရန်လောင်က ...

"ကဲပါကွာ ... ဒါတွေထားပါတော့ အဓိက,က ဆရာဟိုဆီက ပညာရဖို့ပဲ မဟုတ်လား၊ ဒီနှစ် ငါတို့ပဲ ဗိုလ်စွဲမှာပါ"

ယွန်ချောင်း စိတ်ပြောင်းသွား၏။

"ဟုတ်တယ် ... ငါတို့နိုင်မှာပဲ"

"ကဲ ... အကြိုအောင်ပွဲအနေနဲ့ သောက်ကြရအောင်"

"ကောင်းတာပေါ့"

နှစ်ယောက်သား အရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။ ထို့နောက် ပျော်ပျော်ပါးပါးပင် စားသောက်ကြလေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## ညှော်သည်

ဝတ်ရုံဖြူနှင့်လူသည် ဖြည်းညင်းစွာဖြင့် လျှောက်နေ၏။ သူသည် ဘေးဘီဝဲယာအား ကြည့်ကာ လျှောက်နေခြင်းပင်ဖြစ်သည်။ သူ၏ပုံသဏ္ဌာန်မှာ ခရီးသွားဧည့်သည်တစ်ဦးနှင့် တူလှပေသည်။

ထိုလူသည် လမ်းသွားလမ်းလာများထံစုံစမ်းရင်း တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားနေ၏။ ထိုလူဦးတည်ရာဘက်သည် လုသိုင်းကျောင်းတည်ရှိရာ ဖြစ်နေပေသည်။ နောက်ယောင်ခံလိုက်လာနေသော ဆရာဟို မျက်မှောင်ကုတ်သွား၏။

"သူ ဘာလာလုပ်တာလဲ၊ ဘယ်သူ့ဆီလာတာလဲ"

သူက စဉ်းစားမရဘဲ ဖြစ်သွားသည်။ ခရီးဆုံးအထိ နောက်ယောင်ခံလိုက်ကြည့်ရန်လည်း ဆုံးဖြတ်လိုက်လေတော့သည်။

✷



ယောင်ဖေးဟုန်သည် လုသိုင်းကျောင်းပိုင်ရှင် လုအာစိုင်း၏ သီးသန့်ခြံဝင်းရှေ့တွင် ရပ်နေ၏။ သူ၏မျက်နှာပေါ်ဝယ် စိတ်ဓာတ်ကျသော အရိပ်အယောင်များ ထွက်ပေါ်နေသည်။

သူက နေ့စဉ်လိုလို ဤခြံဝင်းရှေ့သို့ လာရပ်လေ့ရှိသည်။ လုအာစိုင်းထံမှ ပညာတောင်းယူရန်ပင် ဖြစ်သည်။ လုအာစိုင်းသည် သိုင်းကျောင်းအား ယောင်ကျင်းရင်နှင့် လွှဲထားကာ သူက သီးခြားနေထိုင်သည်မဟုတ်ပါလား။

သူက လုအာစိုင်းထံမှ ပညာတောင်းယူရန် မဝံ့ရဲသဖြင့် ခြံဝင်းရှေ့မှာပင် ရပ်တန့်နေခဲ့ခြင်း ဖြစ်သည်။ သူ၏မျှော်လင့်ချက်မှာ လုအာစိုင်းက သူ့အား သတိထားမိပြီး သိုင်းပညာသင်ကြားရန် ဖြစ်သည်။

သို့သော် ယနေ့ဆိုလျှင် သုံးလတိတိ ရှိခဲ့ချေပြီ။ လုအာစိုင်းမှာ တစ်နေ့မှ ထွက်လာသည်ကိုမတွေ့ရချေ။ ယနေ့လည်း မျှော်လင့်ချက် မရှိဟု နားလည်လိုက်သည်။

"တောက် ... ငါ ဘာကြောင့် ကံဆိုးနေရတာလဲ"

ကိုယ့်ကိုယ်ကိုယ် မကျေနပ်စွာ ရေရွတ်လိုက်၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာရန် ဟန်ပြင်လိုက်သည်။ သို့သော် သူက ခြေလှမ်းရွှေ့မသွားပါ။ မျက်လုံးအစုံက လမ်းထဲဝင်ရောက်လာသော ဝတ်စုံဖြူနှင့်လူထံ ရောက်ရှိသွားသည်။

ဝတ်စုံဖြူနှင့်လူသည် သူ့ထံသို့ တန်းတန်းမတ်မတ်ပင် လျှောက်လာသောကြောင့် ယောင်ဖေးဟုန် မျက်မှောင်ကုတ်သွားမိသည်။

သူက ကြည့်နေဆဲမှာပင် ထိုလူက ရောက်ရှိလာသည်။ ထိုလူသည် ခြင်းအားတစ်လှည့် ခြင်းရှေ့ဝယ် ရပ်တန့်နေသော ယောင်ဖေးဟုန်အားတစ်လှည့် အကဲခတ်ကြည့်လာလေသည်။

ပြီးမှ တစ်စုံတစ်ရာ တွေးမိဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်မိလေသည်။ သူက ယောင်ဖေးဟုန်အား ပြုံးပြလဲ့သည်။ မကျေမနပ် ဖြစ်နေသော ယောင်ဖေးဟုန်၏မျက်နှာ ရှုံ့တည်တည် ဖြစ်သွား၏။ ထိုလူက ...

"ငါ့တူက ဒီခြင်းက ထင်တယ်"

ဟု စကားစလာသည်။ ယောင်ဖေးဟုန်က အဖြေမပေးပါ။ ထိုလူအား အကဲခတ်ကြည့်လိုက်သည်။ ချက်ချင်းပင် ထိုလူမှာ မျက်နှာစိမ်းသည့်သည်တစ်ဦးမှန်း ရိပ်စားမိသွားသည်။

"ဒီလူက ဘယ်သူလဲ ... တစ်ခါမှလည်း မမြင်ဖူးပါလား၊ ဘာလာလုပ်တာပါလိမ့်"



သူက စိတ်ထဲ တွေးနေစဉ်မှာပင် ...

"ဒါ ဆရာကြီး လုအာစိုင်းရဲ့ ခြင်းမဟုတ်လား"

ထိုလူထံမှ မေးမြန်းသံ ထွက်ပေါ်လာ၏။ ယောင်ဖေးဟုန် လှုပ်ရှားသွား၏။ လုအာစိုင်းမိတ်ဆွေဆိုလျှင် ခက်လိမ့်မည်ဟုလည်း တွေးမိလိုက်သည်။ ထို့ကြောင့် သူက အဖြေမပေးဘဲ မနေနိုင်တော့ချေ။ ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။ သူ၏စကားကြားလျှင် ထိုလူ၏မျက်နှာပေါ်ဝယ် ဝမ်းသာအားတက်သော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။ သူက ခြင်းထဲ တစ်ချက်လှည့်ကြည့်ကာ ...

"ဆရာလု ရှိသလား"

ဟုမေးလာသည်။ ယောင်ဖေးဟုန်က ...

"မသိဘူး"

ဟု တုံးတိတိ ဖြေလိုက်၏။ ထိုလူ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ယောင်ဖေးဟုန်အား အကဲခတ်ကြည့်ကာ ...

"မင်းက ဒီခြင်းက မဟုတ်လား"

ဟုမေးလိုက်သည်။ ယောင်ဖေးဟုန် ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ မျက်နှာပေါ်ဝယ် အံ့အားသင့်သောအရိပ်အယောင်များ ပေါ်ထွက်လာသည်။ ယောင်ဖေးဟုန်အား စိုက်ကြည့်ကာ ...

"ဒါဖြင့် မင်းက ဆရာလုရဲ့တပည့် မဟုတ်ဘူးပေါ့"

ဟု မေးလာသည်။ ယောင်ဖေးဟုန် အဖြေမပေးပါ။ ခေါင်းကို အသာညိတ်ပြလိုက်သည်။ ထိုလူက နဖူးအား လက်ဝါးဖြင့် ပြန်ရိုက်ရင်း ...

"ကောင်းကွာ၊ ကျုပ်က မင်းကို ဆရာလုရဲ့တပည့်လို့ ထင်နေတာကွ"

ဟု ပြောလာသည်။ ယောင်ဖေးဟုန် မချိပြုံး ပြုံးလိုက်သည်။

"ဟုတ်ရင် ကောင်းတာပေါ့၊ အခုဟာက သူ့ဆီက ပညာရဖို့ လာရပ်နေရတာပဲ"

ထိုလူက သဘောပေါက်သွားသည်။ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လတ်စသတ်တော့ မင်းက ဆရာလုဆီက ပညာလိုချင်လို့ ရပ်နေတာကိုး"

ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထိုလူ ပြုံးလိုက်သည်။



"ဒါများကွာ အထဲဝင်ပြီး တောင်းခံလိုက်ပေါ့"

သူ၏စကားကြောင့် ယောင်ဖေးဟုန် မျက်လုံးပြူးသွားမိလေသည်။ ချက်ချင်းပင် ခေါင်းယမ်းကာ ...

"ဟာ ... မဖြစ်ဘူး"

ဟု ပြောလိုက်သည်။ ထိုလူ မျက်မှောင်ကုတ်ရင်း ...

"ဘာဖြစ်လို့လဲ"

ဟု မေးလာသည်။ ယောင်ဖေးဟုန်က ...

"ကျုပ်မပြောရဲလို့ ဒီမှာပဲ ရပ်နေတာပေါ့ဗျာ၊ ပြောရဲရင် ဝင်သွားတာ ကြာနေပြီပေါ့"

ဟု ပြောလိုက်၏။ ထိုလူ ရယ်မောလိုက်၏။

"ဟား ဟား ဟား ... မင်းအဖြစ်ကလည်းကွာ ရေထဲကလဝန်းကို ဆယ်ယူဖို့ ကြိုးစားနေသလိုပဲ"

ယောင်ဖေးဟုန် သက်ပြင်းချလိုက်သည်။ ထိုလူက ...

"ကဲ ... ငါက ခြံဝင်းထဲဝင်မယ်၊ မင်း လိုက်ခဲ့မလား၊ အဖော်ရတာပေါ့"

ဟု ဖိတ်ခေါ်လာသည်။ ယောင်ဖေးဟုန် မျက်လုံးပြူးသွားပြန်သည်။ ကပျာကယာ လက်ကာပြရင်း ...

"ဟာ ... နေပါစေ၊ ခင်ဗျားဘာသာပဲ ဝင်သွားပါဗျာ"

ထိုလူက ယောင်ဖေးဟုန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာသည်။ ပြီးမှ သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကဲ ... ဒါဖြင့် ငါသွားမယ်"

ယောင်ဖေးဟုန် ဘာမျှ မပြောပါ။ တစ်ဖက်သို့ မျက်နှာ လှည့်လိုက်သည်။ ထိုလူက တစ်ချက်ရယ်ရင်း ခြံဝင်းတံခါးအား ဖွင့်ကာ အထဲသို့ ဝင်ရောက်သွားလေတော့သည်။

✵ ✵ ✵



## ခေါင်းမာသူနှင့်စိတ်ကြီးသူ

ဝတ်စုံဖြူနှင့်လူမှာ ခြံဝင်းထဲသို့ ဝင်ရောက်သွားပြီး ဖြစ်လေသည်။

ခြံဝင်းရှေ့ဝယ် ယောင့်ဖေးဟုန်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"တောက် ... ဒီမှာ အဆင်မပြေတဲ့ကြားထဲ စပ်စပ်စုစု အမေးခံရသေးတယ်၊ တော်ပြီ ... အိမ်ပြန်တာပဲ ကောင်းမယ်"

ယောင်ဖေးဟုန်က တဖျစ်တောက်တောက် ရေရွတ်လိုက်လေသည်။ ထို့နောက် ထိုနေရာမှ လှမ်းထွက်လာခဲ့လေသည်။ သူက လမ်းထဲမှ ထွက်ခွာရန် ပြင်လိုက်၏။ ထိုစဉ် ...

"ဟေ့ ... ခဏနေဦး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တစ်ဆက်တည်းပင် သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

ယောင်ဖေးဟုန် မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူအား သူက မြင်ဖူးထားပါသည်။

ထိုလူသည် ပန်သိုင်းကျောင်းမှ ဦးစီးမှူးဖေးဟိုပင် ဖြစ်သည်မဟုတ်ပါလား။

✷



ဆရာဟို (ဝါ) ဖေးဟိုသည် အဖြူရောင် ဝတ်ဆင်ထားသူ နောက် ခြေရာခံလိုက်လာခဲ့သည်။ ထိုလူသည် လုအာစိုင်း ခြံဝင်းရှေ့တွင် ရပ်ကာ လူငယ်တစ်ယောက်နှင့် အတန်ကြာအောင် စကားပြောဆိုနေသည်ကို တွေ့ရ၏။

ထို့ကြောင့် ထိုလူငယ်ထံမှ စုံစမ်းရန် ပုန်းကွယ်ရာမှ ထွက်လိုက်ခြင်းပင်ဖြစ်သည်။ ယောင်ဖေးဟုန်သည် ဖေးဟိုအား မျက်မှောင်ကုတ်ကာ ကြည့်နေသည်။ ဖေးဟိုက သူ့အနီးသို့ လျှောက်လာ၏။ တစ်ဖန် ယောင်ဖေးဟုန်အား အကဲခတ်ကြည့်ကာ ...

"စောစောကလူနဲ့ မင်း ဘာတွေပြောနေကြတာလဲ"

ဟု မေးလာသည်။ ဖေးဟို၏ အမိန့်ပေးသံဆန်ဆန် အမေးကြောင့် ယောင်ဖေးဟုန် ဒေါပွသွားသည်။ နဂိုကတည်းက စိတ်မကြည်မလင် ဖြစ်နေသူပီပီ ...

"ဘာတွေ လာမေးနေတာလဲ၊ ကျုပ်မသိဘူး"

ဟုကလန့်ပင် ပြန်ပြောလိုက်သည်။ ဖေးဟို၏မျက်နှာ တင်းမာသွားသည်။

"ဟေ့ကောင် ... ကောင်းကောင်းမေးနေတယ်၊ စောစောက

www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ မင်း ဘာတွေ ပြောနေတာလဲ”

ယောင်ဖေးဟုန် မဲ့လိုက်သည်။ ဖေးဟိုအား စိုက်ကြည့်ကာ

“ခင်ဗျားမေးတိုင်း ကျုပ်က ဖြေရမှာလား”

မကျေမနပ် ပြောလိုက်သည်။ ဖေးဟို ဒေါပွသွားသည်။

“မင်း အသားနာချင်ပြီ ထင်တယ်”

ပြောပြောဆိုဆို ယောင်ဖေးဟုန်၏ အင်္ကျီရင်ဘတ်အား ဆုပ်ကိုင်လိုက်သည်။ ယောင်ဖေးဟုန် ဒေါသထွက်သွားသည်။

“ဟေ့လူ ဘာလုပ်တာလဲ လွှတ်စမ်း”

ပြောရင်း ရုန်းထွက်လိုက်သည်။ သို့သော် မလွတ်မြောက်ပါချေ။ ဖေးဟိုက ...

“ပြောစမ်း၊ စောစောကလူ မင်းကို ဘာပြောသွားသလဲ၊ သူက ဘာလာလုပ်သလဲ”

အေးတိအေးစက် လေသံဖြင့် မေးလာသည်။ ယောင်ဖေးဟုန် ဒေါသအိုး ပေါက်ကွဲသွားသည်။

“ခင်ဗျား သိချင် ခင်ဗျားဘာသာသွားမေးပါလား”

ပြောရင်း ထိုးကြိတ်ကန်ကျောက်လိုက်သည်။ ဖေးဟိုက ခန္ဓာကိုယ်လှုပ်သွားရုံမျှဖြင့် ရှောင်တိမ်းပြီးသား ဖြစ်သွားသည်။ ဖေးဟိုက ...

“မင်းက ကောင်းကောင်းမေးလို့ မရဘဲကိုး”



သူက ဆုပ်ကိုင်ထားသော အင်္ကျီစအား ဆွဲကာကိုင်မြှောက်ပစ်လွှင့်လိုက်သည်။

‘ဝုန်း’

ယောင်ဖေးဟုန်မှာ လမ်းပေါ် ပစ်ကျသွားသည်။ သူက လူးလဲထရင်း ...

“ခင်ဗျား အတော်စော်ကားပါလား”

ဒေါသတကြီး အော်ပြောလိုက်သည်။ တစ်ဆက်တည်းပင်

“သေပေတော့”

ပြောရင်းပြေးဝင်ထိုးကြိတ်လိုက်သည်။ ဖေးဟို မျက်မှောင်ကုတ်သွားသည်။ ယောင်ဖေးဟုန် လှုပ်ရှားပုံကို ကြည့်ရုံမျှဖြင့် သိုင်းပညာမတတ်မှန်း သူက သဘောပေါက်သွားသည်။ ဖေးဟို မဲ့လိုက်၏။

“မလောက်လေးမလောက်စားကများ ငါ့ကို တိုက်ခိုက်ချင်သေးတယ်”

ပြောရင်း လက်တစ်ဖက်ဆန့်ထုတ်လိုက်သည်။

‘ဝုန်း’

“အား”

ယောင်ဖေးဟုန်မှာ ခြေကားရားလက်ကားရားဖြင့် လွင့်စဉ်သွားသည်။ ယောင်ဖေးဟုန်၏မျက်နှာ ရှုံ့မဲ့နေ၏။ သူက လူးလဲထ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ လမ်းသွားလမ်းလာအချို့က စူးစမ်းကာ ကြည့်ရှုလာကြသည်။ ယောင်ဖေးဟုန် အလွန်ပင် ခံပြင်းနေ၏။ သူက အံတင်းတင်းကြိတ်ကာ ...

"တောက် ... တွေ့ကြသေးတာပေါ့"

ကြုံးဝါးရင်း ပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။ ခေါင်းမာသော ယောင်ဖေးဟုန်အား ကြည့်ရင်း ဖေးဟိုဒေါသထွက်လာသည်။ ယောင်ဖေးဟုန်၏ တိုက်ခိုက်မှုအား ရှောင်တိမ်းရင်း ဖမ်းချုပ်ကိုင်လိုက်သည်။

"လွှတ် လွှတ်"

ယောင်ဖေးဟုန်က အော်ဟစ်ရင်း အတင်းပင် ရုန်းကန်လိုက်သည်။ သို့သော် ပြုတ်တူကဲ့သို့ သန်မာလှသော ဖေးဟိုလက်ထဲမှ ရုန်းထွက်နိုင်ခြင်း မရှိချေ။

သူက ဖေးဟိုလက်ထဲ၌ ယက်ကန်ယက်ကန် ဖြစ်၍နေလေသည်။ ဖေးဟိုက ...

"မင်းပြောတော့မလား"

သွားကြားထဲမှ လေသံဖြင့် မေးလိုက်၏။ ယောင်ဖေးဟုန်ကား ခေါင်းမာလှသည်။ အံတင်းတင်းကြိတ်ကာ ...

"မပြောဘူး ဘယ်တော့မှ မပြောဘူး"

ဂရုမစိုက်ဟန်ဖြင့် ပြောလိုက်သည်။ ဖေးဟို၏ မျက်နှာပေါ်



ဝယ် ရက်စက်ကြမ်းကြုတ်သော အငွေ့အသက်များ လွှမ်းခြုံလာသည်။ သူက စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ ...

"မင်း ဘယ်လောက်အထိ ခေါင်းမာနိုင်မလဲ ကြည့်ရသေးတာပေါ့"

ပြောရင်း တွန်းထုတ်လိုက်သည်။ တစ်ဖန် မြေပေါ်လဲကျသွားသော ယောင်ဖေးဟုန်အား ခြေဖြင့်ကန်ကျောက်လိုက်သည်။

'ဝုန်း'

ယောင်ဖေးဟုန်မှာ မြေပေါ် နှစ်ပတ်သုံးပတ်မျှ လွင့်ထွက်သွားသည်။ ဖေးဟိုက မကျေနပ်ဘဲ လိုက်လံကန်ကျောက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် လမ်းသွားလမ်းလာများက ဝိုင်းဝန်းဟန့်တားလာကြလေသည်။

"ဟေ့လူ ... တော်ပါတော့ဗျာ"

"ဟုတ်တယ် ... ခင်ဗျား ဆက်ပြီး ရန်မဖြစ်နဲ့တော့၊ သူ့အဖေသိသွားရင် မလွယ်ဘူး"

"ခင်ဗျားက သူ့အဖေနဲ့ ပြဿနာဖြစ်ချင်မှာ မဟုတ်ပါဘူးဗျာ"

ဟု တစ်ယောက်တစ်ပေါက် ပြောလာသည်။ ဖေးဟို မျက်မှောင်ကုတ်သွားသည်။ ခြေလှမ်း တုံ့ခနဲ ရပ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ဘယ်သူမို့လဲ"

ဟု မေးလိုက်သည်။ တစ်ယောက်က ...

"သိုင်းဆရာ ယောင်ကျင်းရင်ပေါ့"

"ဟင်"

ဖေးဟိုအံ့သြသွားသည်။

"လုသိုင်းကျောင်းက ယောင်ကျင်းရင် ... ဟုတ်လား"

"ဟုတ်တယ်"

ဖေးဟို ကိုယ်ရှိန်သပ်လိုက်၏။ လူးလဲထလာသော ယောင်ဖေးဟုန်ကို မျက်မှောင်ကုတ်ကာ ကြည့်လိုက်မိ၏။

"ယောင်ကျင်းရင် နာမည်ကြီးသလောက် သူ့သားက သိုင်းမတတ်တာ ထူးခြားလှချည်လား"

စိတ်ထဲ ရေရွတ်လိုက်၏။ သူက မည်သို့မျှ စဉ်းစားမရနိုင်ဘဲ ဖြစ်သွားသည်။ သူက ယောင်ကျင်းရင်နှင့် ပြဿနာမဖြစ်လိုပါချေ။ ထို့ကြောင့် စိတ်လျှော့လိုက်ရ၏။

သူက ယောင်ဖေးဟုန်အား တစ်ချက်စူးစိုက်ကြည့်ပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။ ယောင်ဖေးဟုန်က ပေကျံနေသော ဖုန်များကို ခါထုတ်ပစ်လိုက်သည်။ သူက ဖေးဟိုအား လုံးဝမကျေနပ်ပါ။

"တောက် ... ငါသိုင်းတတ်တဲ့တစ်နေ့ကျရင် ခြေလက်တွေ



ရိုက်ချိုးပြီး ဆုံးမပစ်မယ်"

လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း စိတ်ထဲမှ ကြုံးဝါးလိုက်လေသည်။ ထို့နောက် လူအုပ်ကြားထဲမှ တိုးထွက်သွားသည်။ သူတို့ ထွက်သွားပြီးနောက် လမ်းသွားလမ်းလာများမှာ ပုံမှန်ပင် သွားလာလျက် ရှိနေလေတော့သည်။

သူတို့အဖြစ်အား အားလုံးပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။ လမ်းကလေးကား ပြန်လည် စည်ကားလာလေတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



## ရှာပုံတော်

လုအာစိုင်း ...။

ထိပ်သီးသိုင်းသမား လုအာစိုင်းသည် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော်လည်း လူငယ်လူရွယ်တစ်ယောက်ပမာ လျှင်မြန်ဖျတ်လတ်နေဆဲပင်။

ယနေ့ ခါတိုင်းနေ့များနှင့် မတူဘဲ ရွှင်ရွှင်လန်းလန်း ဖြစ်နေ၏။ သူ၏အသွင်အပြင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေဟန် ရှိနေသည်။

မှန်ပေသည် ...။

ယနေ့ သူ့ထံ ဧည့်သည်တစ်ယောက် ရောက်ရှိလာခြင်းကြောင့်ပင် ဖြစ်သည်။

ထိုဧည့်သည်သည် သူခင်မင်ရင်းနှီးရသူတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

✳



စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အလျှံအပယ်ရှိနေသည်။

လုအာစိုင်းနှင့် ဝတ်စုံဖြူနှင့်လူတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ ဝတ်စုံဖြူနှင့်လူက ပြုံးရင်း ...

"ဆရာလုကတော့ အခုချိန်ထိ သန်မာဖျတ်လတ်နေတုန်းပဲ၊ ဘယ်လို အသက်ရှည်ဆေးတွေ မှီဝဲထားလို့လဲဗျ"

အရွှန်းဖောက်ကာ မေးလာသည်။ လုအာစိုင်း ရယ်လိုက်၏။

"ညီလေး ယွမ်ချင်းကတော့ ကြံဖန်ပြောတတ်တာပဲ၊ ကျုပ်က ဘာအသက်ရှည်ဆေးမှ မမှီဝဲပါဘူး၊ စိတ်ကို အတတ်နိုင်ဆုံး အေးချမ်းအောင်ထားပြီး သီးခြားအနားယူနေတာပဲ ရှိပါတယ်"

ဝတ်စုံဖြူနှင့် ညီလေးယွမ်ချင်းမှာ သိုင်းလောက၌ တရားမျှတသော သိုင်းသမားတစ်ဦးဖြစ်သည်။

ယွမ်ချင်း၏ အမှန်တရားချစ်မြတ်နိုးပြီး အများအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တတ်သောစိတ်ဓာတ်ကြောင့် အဖြူရောင်သိုင်းလောကသားများ ချစ်ခင်လေးစားရသူတစ်ဦး ဖြစ်သည်။

လုအာစိုင်းကိုယ်တိုင်ပင် အမှန်တရား ချစ်မြတ်နိုးပြီး အများ

www.burmeseclassic.com

www.burmeseclassic.com



အကျိုး သယ်ပိုးဆောင်ရွက်သော ယွမ်ချင်းအား လေးစားသလို ညီ တစ်ယောက်ကဲ့သို့ ချစ်ခင်မိလေသည်။

ယွမ်ချင်းသည် သိုင်းလောက၌ ခြေသလုံးအိမ်တိုင် လှည့် လည်နေသော လူစားမျိုးဖြစ်သည်။ သူနှင့်တွေ့ဆုံရန်မှာ အလွန် ခက်ခဲသော ကိစ္စရပ်မျိုးဖြစ်သည်။

ယခု သူ့ထံ ယွမ်ချင်းက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ သောကြောင့် လုအာစိုင်း ကျေနပ်နေမိသည်။ စိတ်ထဲ၌ ဝမ်းမြောက် ဝမ်းသာလည်း ဖြစ်နေမိလေသည်။

ယွမ်ချင်းက ...

"ဆရာလုက စိတ်လက်ချမ်းသာစွာ အနားယူနေလို့ကိုး၊ ကျုပ်လည်း တစ်ခါတလေ ဆရာလုလိုနေဖို့ တွေးမိတယ်ဗျို့၊ ဒါပေမဲ့ ကျုပ်စိတ်ကိုက သိုင်းလောကထဲ လှည့်ပတ်သွားချင်နေတာ အတော် လေးဆိုးတယ်"

ပြောလာသည်။ လုအာစိုင်းက သဘောကျဟန်ဖြင့် ...

"ဟုတ်တယ်ဟေ့၊ ကျုပ်ကို အားမကျနဲ့ အချိန်ကြာလာတာ နဲ့အမျှ ငြီးငွေ့လာမိတယ်၊ မင်းဆို သိုင်းလောကထဲ လှည့်လည်သွား လာနေတာကမှ အပျင်းပြေဦးမယ်"

ယွမ်ချင်းက ...

"ဆရာလုက ကျုပ်ကို အားကျနေတာလား"



ဟု မေးလိုက်သည်။ လုအာစိုင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ယွမ်ချင်းပြုံးကာ ...

"ကျုပ်ကဖြင့် ဆရာလုကို အားကျနေတာဗျ"

ပြောရင်း ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

ဆရာလုလည်း မနေနိုင်တော့ဘဲ ရယ်မောလိုက်မိသည်။ သူတို့၏ ရယ်မောသံသည် ပေါ့ပါးစွာဖြင့် ပျံ့လွင့်လာလေသည်။ အတန်ကြာရယ်မောပြီးမှ ယွမ်ချင်းက ...

"ကျုပ်က မြဝင်းအပြင်ဘက်မှာ ရပ်နေတဲ့လူငယ်တစ်ယောက် ကို တွေ့ခဲ့ရတယ်ဗျ"

ဟု ပြောလာသည်။ လုအာစိုင်းက ...

"ဟုတ်လား"

ယွမ်ချင်းက ...

"ဟုတ်တယ်၊ သူ့ရဲ့ခန္ဓာကိုယ်ဖွဲ့စည်းပုံက အချိုးအစားကျ တယ်၊ မျက်လုံးကလည်း အမြင်စူးရှတယ်၊ တကယ့်ပထမတန်းစား သိုင်းလူငယ်တစ်ဦးပုံစံပဲ၊ ကျုပ်က ဆရာလုရဲ့ လက်ရင်းတပည့် ထင် နေခဲ့တာ"

လုအာစိုင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်းပြောဆိုနေသည့်လူငယ်မှာ ယောင်ဖေးဟုန်ဖြစ်ကြောင်း သူက နားလည်သွားသည်။

ယောင်ဖေးဟုန်က သူ့ခြံဝင်းရှေ့၌ ရပ်လှေ့ရှိသည်ကို သူက သိထားပါသည်။ သူက ရုပ်အမျိုးမျိုးဖျက်ကာ စောင့်ကြည့်လေ့လာခဲ့သည်။

ယောင်ဖေးဟုန်မှာ အမြဲတစေ စိတ်မရှည်ဘဲဖြစ်နေသည်ကိုလည်း သူက သိရှိထားသည်။

ထို့ကြောင့် မသိဟန်ဆောင်ကာ ဤအတိုင်း လွှတ်ထားပေးခြင်းပင် ဖြစ်လေသည်။ သူက ယောင်ဖေးဟုန်အား သဘောကျသည်မှာ မှန်ပါသည်။

သို့သော် ယောင်ဖေးဟုန်၏ စိတ်ဓာတ်နှင့် အမူအကျင့်ကိုမူ သူက သဘောမကျပါချေ။ ထို့ကြောင့် စိတ်ဓာတ် မပြောင်းလဲသရွေ့ သူက လျစ်လျူပြုထားမည်သာဖြစ်သည်။ လုအာစိုင်းက ...

"ကျုပ်က လုသိုင်းကျောင်း တည်ထောင်ပြီးကတည်းက လက်ထပ်သင်ကြားပေးမယ့် တပည့်ရင်း မမွေးတော့ဘူးကွဲ့"

ယွမ်ချင်းက ...

"ဒီကောင်လေးဟာ ကျောက်ရိုင်းတုံးလေးပဲ စနစ်တကျသွေးပြီး အရောင်တင်ရင် ကျောက်ကောင်းတစ်ပွင့် ဖြစ်လာမှာသေချာတယ်၊ ကျုပ်တော့ သူ့ကို မြင်မြင်ချင်း သဘောကျမိတယ်"



လုအာစိုင်း ပြုံးလိုက်သည်။

"ငါ့ညီကတော့ လူတိုင်းကို အဘက်ဘက်ကနေ အကောင်းမြင် ဝါဒနဲ့ ကြည့်နေတတ်တော့တာပါပဲ"

ယွမ်ချင်းက ...

"ဟဲ ဟဲ ... ဒါကတော့ ကျုပ်ရဲ့ မွေးကတည်းက အကျင့်ဖြစ်နေတာကိုး"

လုအာစိုင်းက ...

"မင်းပြောတဲ့လူငယ်က ယောင်ကျင်းရင်ရဲ့သားပါပဲ"

ဟု ပြောလိုက်သည်။ ယွမ်ချင်း အံ့ဩဝမ်းသာဟန်ဖြင့် ...

"ဘယ်လို အစ်ကိုကြီးယောင်ရဲ့သား ဟုတ်လား"

ဟု မေးလိုက်သည်။ လုအာစိုင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ယွမ်ချင်းက မေးစေ့အား လက်ဖြင့်ပွတ်ကာ ...

"အစ်ကိုကြီးယောင် သိုင်းလောကထဲက အနားယူသွားပြီး နောက်ပိုင်း မတွေ့ရတော့တာ အခုအချိန်ထိပဲ၊ သူ့သားတောင် ဒီအရွယ်ရောက်နေမှကိုး"

ဟု ရေရွတ်လာသည်။ လုအာစိုင်းက ...

"ညီလေးယွမ်က သိုင်းလောကထဲ လှည့်လည်နေပြီဆိုရင် အရှာရခက်တယ်မဟုတ်လား၊ ယောင်ကျင်းရင်လည်း ဒီမှာပဲ အခြေချ

www.burmeseclassic.com

www.burmeseclassic.com



ပြီး လုသိုင်းကျောင်းကို ဦးစီးနေတယ်လေ။ သူကလည်း ညီလေးယွမ် အကြောင်းပြောနေသေးတယ်၊ ညီလေးယွမ်ကိုလည်း တွေ့ချင်နေရှာ တယ်လေ၊ ညီလေးယွမ် ရောက်နေတာသိရင် သူဝမ်းသာသွားမှာ သေချာတယ်"

ဟု ပြောလာသည်။ ယွမ်ချင်းက ...

"ကျုပ်ကလည်း အားလုံးကို သတိရနေတာပါ၊ ဒါပေမဲ့ တာဝန်ဝတ္တရားတွေကြား လုံးပန်းနေရတော့ စိတ်ကရောက်ပေမယ့် လူကတော့ မရောက်နိုင်ဘူးလေ။ ဒီအတွက် ကျုပ်ကို နားလည်ပေး စေချင်ပါတယ်"

လုအာစိုင်း ရယ်မောလိုက်သည်။

"ကျုပ်တို့က မင်းစိတ်ခတ်ကို နားလည်ပြီးသားပါ၊ မင်းကို ဘယ်သူမှ အပြစ်တင်ကြမှာ မဟုတ်ပါဘူး"

သူက ယွမ်ချင်းအား တစ်ချက်အကဲခတ်ကြည့်ကာ ဆက် မေးလိုက်သည်။

"ဒါထက် ညီလေးယွမ်၊ ဒီကိုရောက်လာတာ အကြောင်း ကိစ္စတစ်ခုရှိမယ်လို့ ကျုပ်ထင်မိပါတယ်"

ယွမ်ချင်း ပြုံးလိုက်သည်။

"ဆရာလုက ကျုပ်အကြောင်းကို အတော်သိထားနေပြီပဲ ကိုး"



လုအာစိုင်းက ...

"ညီလေးယွမ်နဲ့ ခင်မင်ရင်းနှီးခဲ့တာ အရင်ကတည်းကပဲ မဟုတ်လား၊ ဒါကြောင့် ကျုပ်က တွေးဆလို့ရနေတာပေါ့"

ယွမ်ချင်းက ...

"ကျုပ်က အခန့်မသင့်ရင် ဒီမြို့ထဲမှာပဲ တည်းခိုပြီး ကြာချင် ကြာသွားနိုင်တယ်ဗျ"

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် လုအာစိုင်း မျက်မှောင် ကုတ်သွားလေ သည်။ ယွမ်ချင်းအား အံ့ဩဟန်ဖြင့်ကြည့်ကာ ...

"ဘယ်လို ... ညီလေးယွမ်က ဒီမြို့မှာ စတည်းချဦးမယ် ... ဟုတ်လား"

ဟု မေးလိုက်သည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

လုအာစိုင်းက ...

"ဘယ်လောက်ကြာနေမှာလဲ"

ဟု မေးလိုက်သည်။ ယွမ်ချင်းက ...

"အခြေအနေပေါ်မူတည်တယ်၊ ကြာချင်လည်း ကြာသွား နိုင်တယ်"

ဟု ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



လုံအာစိုင်း မျက်မှောင်ကုတ်သွားသည်။

ယွမ်ချင်းသည် နေရာတစ်ခုတွင် အချိန်ကြာကြာ နေထိုင်တတ်သူ မဟုတ်ပါ။ ခြေထောက်ဗွေပါသူအလား ခရီးထွက်ရခြင်းကို နှစ်သက်ပေသည်။

ယွမ်ချင်းလိုလူစားမျိုးက မိမိထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ တစ်ဖန် အချိန်ကြာကြာနေမည်ဟု ပြောဆိုလာခဲ့သည်။

ယွမ်ချင်း၏ အမူအရာ ထူးခြားလှကြောင်းဆင်ခြင်မိသည်။ တစ်ဆက်တည်းမှာပင် ယွမ်ချင်းထံ၌ ထူးခြားသော အကြောင်းကိစ္စတစ်ရပ် ပါရှိနေသည်ဟု ဆင်ခြင်လိုက်မိသည်။

လုံအာစိုင်း သက်ပြင်းချလိုက်၏။ သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားပြီး ...

"ညီလေးယွမ် ဒီကိုရောက်လာတာ အလွန်အရေးကြီးတဲ့ ကိစ္စ ပါလာမယ်ထင်တယ် ဟုတ်လား"

ဟု မေးလာသည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လုံအာစိုင်းက ...

"ဘယ်လိုကိစ္စမျိုးလဲ ကျုပ်သိခွင့်ရှိမလား"

ဟု မေးလာသည်။ ယွမ်ချင်းက ...



"ဆရာလုနဲ့ ကျုပ်ဟာ ပြောရမယ့်လူတွေ မဟုတ်ပါဘူး၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပါလာတယ်ဆိုတာ မငြင်းပါဘူး"

ဟု ပြောလာသည်။ လုအာစိုင်းက နားစွင့်နေ၏။ ယွမ်ချင်းက ...

"ကျုပ် တစ်ခုလောက် မေးချင်တယ်"

လုအာစိုင်း ခေါင်းညိတ်လိုက်သည်။

"မေးပါ"

ယွမ်ချင်းက ...

"ဒီနယ်မှာ ထူးထူးခြားခြား သိုင်းသမားမျိုး ပေါ်လာဖူးလား"

ဟု မေးလိုက်သည်။ ယွမ်ချင်း၏စကားကြောင့် လုအာစိုင်း တွေဝေသွားသည်။ အတန်ကြာအောင် စဉ်းစားပြီးမှ ...

"ထက်မြက်တဲ့လူငယ်သိုင်းသမားအချို့တော့ ထွက်ရှိနေတယ်၊ ဒါပေမဲ့ ထူးထူးခြားခြား သိုင်းသမားမျိုးထွက်ပေါ်တယ်လို့ မကြားဖူးဘူး"

ဟု ပြောလိုက်သည်။ ယွမ်ချင်းက ...

"ကျုပ်ဟာ လူတစ်ယောက်ကို လိုက်ရှာနေတာ"

လုအာစိုင်းက ဂရုတစိုက် နားထောင်လာ၏။ ယွမ်ချင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ မိုးကြိုးကန်ချက်နဲ့ မီဖာလုံ့သိုင်းပညာကို ထူးထူးခြားခြား ကျွမ်းကျင်တတ်မြောက်ထားတယ်"

ဟုပြောလာသည်။ လုအာစိုင်း မျက်မှောင်ကုတ်သွားသည်။

"မိုးကြိုးကန်ချက်နဲ့ မီဖာလုံ့သိုင်းပညာ ... ဟုတ်လား"

ဒုံ့ဩဟန်ဖြင့်လည်း မေးလာသည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

လုအာစိုင်းက မေးဈေးအား လက်ဖြင့်အသာအယာပွတ်ကာ

"မြောက်ပိုင်းလွင်ပြင်ဒေသမှာ ထွက်ပေါ်လာတဲ့ ထူးခြားထက်မြက်ပြီး အန္တရာယ်အလွန်များတဲ့ သိုင်းပညာရပ်မဟုတ်လား"

"ဟုတ်ပါတယ်"

လုအာစိုင်း တွေဝေသွားသည်။ ယွမ်ချင်းက ...

"ကျုပ်က အဲဒီသိုင်းပညာ တတ်မြောက်ထားတဲ့လူကို လိုက်ရှာနေတာပါ"

ဟု လေးနက်စွာဖြင့် ပြောလာသည်။ လုအာစိုင်း ပင့်သက်ရှိုက်လိုက်သည်။ ပြီးမှ ခေါင်းတစ်ချက် ခါယမ်းကာ ...

"ဒီနယ်ထဲမှာ မိုးကြိုးကန်ချက်နဲ့ မီဖာလုံ့သိုင်းပညာ တတ်မြောက်ထားတဲ့လူ မထွက်ပေါ်ဖူးဘူး၊ လှုပ်ရှားတဲ့သတင်းလည်း မကြားမိဘူး၊ ဒီမှာက အခြေအနေအားလုံး ပုံမှန်အတိုင်းပါပဲ"



ဟု လေးနက်စွာဖြင့် ပြောလာသည်။

ယွမ်ချင်း၏မျက်နှာပေါ်၌ ဝေခွဲရခက်သော အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

သူက လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"ကျုပ် ရရှိထားတဲ့ အထောက်အထားတွေအရ သူဟာ ဒီမြို့မှာ ခြေရာဖျောက်ထားတယ်လို့ သိရတယ်၊ ဒါကြောင့် သူ့ကို ရှာဖို့ ရောက်လာတာပေါ့"

ဟု ပြောလိုက်သည်။ လုအာစိုင်းက ...

"ညီလေးယွမ် ရရှိထားတဲ့သတင်းကများ လမ်းလွဲနေသလား"

ဟု မေးလိုက်သည်။ ယွမ်ချင်းခေါင်းယမ်းကာ ...

"မမှားဘူး ... ကျုပ်က သူ့ကို ခြေရာခံလိုက်နေတာ နှစ်အတော်ကြာသွားပြီ၊ သူဟာ ရှောင်ပုန်းရင်းနဲ့ ဒီနယ်ဘက်မှာ ခြေရာဖျောက်သွားခဲ့တယ်၊ သေသေချာချာ စုံစမ်းထောက်လှမ်းတဲ့အခါမှာ သူဟာ ဒီမြို့ထဲမှာ ဇာတ်မြှုပ်ပုန်းခိုနေတယ်လို့ သိခဲ့ရတယ်၊ သူဟာ ဒီမြို့ထဲမှာ ကျိန်းသေရှိနေမယ်လို့ ကျုပ် ယုံကြည်ထားမိပါတယ်"

ဟု အခိုင်အမာ ပြောကြားလာသည်။ လုအာစိုင်း တွေဝေသွားသည်။ သူက တစ်ချက်စဉ်းစားကာ ...

"ဒီမြို့မှာ သိုင်းကျောင်းတွေ၊ သိုင်းအဖွဲ့အစည်းတွေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတယ်၊ ညီလေးယွမ် လိုက်ရှာနေတဲ့လူဟာ သိုင်းကျောင်းတစ်ခုခုမှာ ဓာတ်မြှုပ်ပုန်းခိုနေရင် ဘယ်လိုလုပ်မလဲ၊ ဒီကိစ္စ အချိန်ပေးပြီး စုံစမ်းရမယ်လို့ ကျုပ်ထင်တယ်၊ အလွယ်တကူနဲ့ ရှာဖွေတွေ့ရှိမယ် မထင်ဘူး"

ဟု ဝေဖန်သုံးသပ်လာသည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျုပ်ကောင်းကောင်းကြီး နားလည်ထားပါတယ်၊ ဒါကြောင့်လည်း ဒီမြို့မှာ အချိန်အတော်ကြာအောင်နေမရမယ်လို့ ခန့်မှန်းမိတာပေါ့"

လုအာစိုင်းက ...

"ငါ့ညီ ရောက်တုန်းရောက်ခိုက် အဆင်ပြေသလို နေနိုင်ပါတယ်၊ နေရေးထိုင်ရေးအတွက် ဘာမှမပူနဲ့၊ ကျုပ်အပြင် ယောင်ကျင်းရင်လည်း ရှိနေတာပဲ၊ လိုအပ်တဲ့အကူအညီ ယောင်ကျင်းရင်ဆီကလည်း တောင်းနိုင်တယ်"

ယွမ်ချင်း ပြုံးလိုက်သည်။

"ဆရာ့လုကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။ လုအာစိုင်း လက်ကာပြရင်း ...

"ကျုပ်တို့ကြားမှာ ကျေးဇူးတင်စကားပြောဖို့မလိုပါဘူး၊ ငါ့ညီ ဒီမှာ စိတ်ကြိုက်နေထိုင်ပြီး မင်းတွေ့ချင်တဲ့ လူကို စုံစမ်းပေါ့"



ဟု ပြောလိုက်သည်။ ယွမ်ချင်းက ...

"ဟုတ်ကဲ့ ... ကျုပ်ကလည်း လျှို့ဝှက်စုံစမ်းမှ ဖြစ်မယ်၊ ဒီကိစ္စ လူတိုင်းသိလို့ မကောင်းဘူး"

လုအာစိုင်း ပြုံးလိုက်၏။

"ငါ့ညီကတော့ ဘက်စုံတွေးနေတော့တာပဲ၊ ဟုတ်တယ် ... မင်းဘက်က စုံစမ်းနေတာ ရန်သူကသိသွားရင် ခြေရာဖျောက်သွားနိုင် တယ် မဟုတ်လား၊ စိတ်ချ ... ဒီကိစ္စ မပေါက်ကြားအောင် ကျုပ်က လျှို့ဝှက်ထားပေးပါ့မယ်"

သူက သတိရဟန်ဖြင့် ...

"ယောင်ကျင်းရင်ကိုရော ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်သည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးယောင်က ယုံကြည်စိတ်ချရပါတယ်၊ သူ့ကို လျှို့ဝှက်ထားလို့ မဖြစ်ဘူး"

ဟု ပြောလိုက်သည်။ လုအာစိုင်းက ...

"ဒါဖြင့်"

ယွမ်ချင်းက ပြုံးကာ ...

"သူနဲ့တွေ့ပြီး သူ့ကို ကျုပ်ကိုယ်တိုင် အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်"

ဟု ပြောလိုက်သည်။ လုအာစိုင်း ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပိုကောင်းတာပေါ့၊ သူကလည်း မင်းကိုတွေ့ချင်နေတာ"

ယွမ်ချင်းက ...

"ညနေဘက်လောက် သွားတွေ့လိုက်ပါ့မယ်၊ လုသိုင်းကျောင်းကို ကျုပ်က လေ့လာချင်သေးတယ်"

ဟု ပြောလိုက်၏။ လုအာစိုင်း တစ်ချက်ပြုံးကာ ...

"အခုအချိန်မှာ သင်တန်းသားတွေဟာ တံခွန်လုပြိုင်ပွဲ ဆင်နွှဲဖို့အတွက် အပြင်းအထန် လေ့ကျင့်နေပြီး ဘယ်သူမှ မအားလပ်ကြဘူး၊ ညီလေးအနေနဲ့ ကျိန်းသေမျက်စိရှုပ်သွားမှာပဲ"

ယွမ်ချင်း လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး၊ တံခွန်လုပြိုင်ပွဲဟာ ဒီနယ်တစ်ပိုက်မှာ အတော်လေး နာမည်ကျော်ကြားတယ်လို့ သတင်းကြားမိတယ်၊ သိုင်းလောကသား အများစုဟာ သိုင်းပြိုင်ပွဲလောက်ပဲ သိကြတာမဟုတ်လား၊ တံခွန်လုပြိုင်ပွဲဟာ တမူထူးခြားနေတော့ ရပ်ဝေးက ဧည့်သည်တွေတောင် ကြည့်ရှုအားပေးဖို့ လာနေကြတာ ကျုပ် လမ်းခရီးမှာ တွေ့ခဲ့ရသေးတယ်ဗျ"

လုအာစိုင်း ခေါင်းညိတ်လိုက်၏။

"မြို့စားကြီးက ဉာဏ်ပညာအလွန်ပဲ ထက်မြက်ပါတယ်၊ သူဟာ သိုင်းစွမ်းရည်သက်သက်ပြဖို့ထက် စည်းလုံးညီညွတ်မှု



အင်အား၊ အဖွဲ့ဝင်အချင်းချင်း သိတတ်နားလည်မှုနဲ့ ပရိသတ် စိတ်လှုပ်ရှားစေမှုတို့ကို အဓိကထည့်သွင်းပြီး တံခွန်လုပွဲကို တီထွင်ခဲ့တာလေ"

ယွမ်ချင်းက နားထောင်နေ၏။ လုအာစိုင်းက ဆက်လက်ရှင်းပြလာသည်။

"တံခွန်လုပွဲဟာ အခုဆိုရင် အနယ်နယ်အရပ်ရပ်က စိတ်ဝင်စားလာကြတဲ့အပြင် ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ပွဲအနေနဲ့ ရပ်တည်လာနိုင်ခဲ့တယ်၊ ပြိုင်ပွဲမှာ တံခွန်မရရှိတဲ့အဖွဲ့ဟာ မျက်နှာငယ်ရတယ်၊ တံခွန်များများရတဲ့အဖွဲ့ဟာ ဂုဏ်သိက္ခာရှိပြီး မျက်နှာပန်းပွင့်တာပေါ့"

ယွမ်ချင်းက စိတ်ဝင်စားဟန်ဖြင့် ...

"တံခွန်လုပွဲမှာ တံခွန်တိုင်ကို ဘယ်နှခုအထိ ထည့်သွင်းထားသလဲ"

ဟု မေးလိုက်သည်။ လုအာစိုင်းက ...

"ပုံမှန်အားဖြင့်တော့ တံခွန်တိုင် ငါးခုအထိ အသုံးပြုခဲ့တာချည်းပဲ၊ ဒီတစ်ခေါက်ပြိုင်ပွဲမှာလည်း တံခွန်တိုင်ငါးခု အသုံးပြုဖို့များတယ်"

ဟု ရှင်းပြလိုက်သည်။

ယွမ်ချင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ ဗဟုသုတရဦးမယ်ထင်ပါတယ်"

လုအာစိုင်း ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ... ငါ့ညီ လေ့လာလို့ရတာပေါ့"

သူက ယွမ်ချင်းအား စိုက်ကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် ငါ့ညီလိုက်ရှာနေတဲ့လူကို ကျုပ်က ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

ဟု ပြောလာသည်။

ထိုစကားကြောင့် ယွမ်ချင်း ကြောင်အမ်းအမ်းဖြစ်သွားရလေသည်။ လုအာစိုင်း အားနာမလည်ဟန်ဖြင့် ကြည့်ကာ ...

"ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်သည်။ လုအာစိုင်း ပြုံးရင်း ...

"ဘာဖြစ်ရမလဲ ... ငါ့ညီကို တွေ့ဖို့ဆိုတာ လွယ်မှမလွယ်ဘဲ၊ အခု မင်းဟာ ရန်သူကိုလိုက်ရှာရင်းနဲ့ ကျုပ်တို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတယ် မဟုတ်လား၊ အကယ်၍ မင်းက ရှာစရာမလိုဘူးဆိုရင် ဘယ်ရောက်လာနိုင်ပါ့မလဲ"

ဟု ပြောလာသည်။

ထိုစကားကြားမှ ယွမ်ချင်း သဘောပေါက်ကာ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ဆရာလုကတော့ တကယ့်လူပါပဲ



ဗျာ"

လုအာစိုင်း ပြုံးနေ၏။ အတန်ကြာမှ သူက ယွမ်ချင်းအား စိုက်ကြည့်ကာ ...

"ကဲ ညီလေးယွမ် ... ငါတို့ မမျှော်လင့်ဘဲ ပြန်ဆုံရခိုက် အားပါးတရ စားသောက်ကြတာပေါ့"

ဟု ပြောလိုက်သည်။ ယွမ်ချင်းက မငြင်းပါ။ သဘောကျစွာ ခေါင်းညိတ်လက်ခံလိုက်သည်။ သူက ကျေနပ်စွာဖြင့် ...

"အတော်ပဲ ... ကျုပ်က အခုလိုမျိုး ဖွယ်ဖွယ်ရာရာ မစားရတာ နှစ်လကျော်လောက်ရှိပြီ၊ အခုတော့ အားပါးတရ စားသောက်ရမှာပဲ"

ဟု ပြောလာသည်။ လုအာစိုင်းက ...

"သဘောအတိုင်းပါပဲ"

ယွမ်ချင်းက အရက်တစ်ခွက်ငှဲ့ကာ လုအာစိုင်းအား ကမ်းပေးလိုက်၏။

လုအာစိုင်းက ခေါင်းတစ်ချက်ညိတ်ကာ လှမ်းယူရင်း တစ်ရှိန်ထိုး မော့ချလိုက်၏။

ယွမ်ချင်းကလည်း သူ့အတွက် ငှဲ့ထားသော အရက်ခွက်အား မော့သောက်လိုက်၏။

ထို့နောက် နှစ်ယောက်သား ဟင်းများခပ်ထည့်ပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုကာ စားသောက်လိုက်သည်။

ထမင်းဝိုင်းသည် စိုစိုပြည်ပြည်ဖြင့် လူပ်ရှားအသက်ဝင်လာခဲ့လေတော့သည်။

✳ ✳ ✳



## အကောင်းမြင်သမား

လေဖျော့ယမ်းတိုက်ခတ်နေသည်။ သင်းပျံ့သော ပန်းရနံ့များဝန်းကျင်အနှံ့ ပျံ့လွင့်နေ၏။ တစ်ချက်တစ်ချက် လေအဖော့ဝယ် ပြာသံပေး အော်ဟစ်သံများ ဆူဆူညံညံ အသံများ ပျံ့လွင့်လာသည်ကိုကြားနေရသည်။

လှသိုင်းကျောင်းမှ သင်တန်းသားများ တံခွန်လှပွဲအတွက်လေ့ကျင့်နေကြမှန်းသိသာလှပေသည်။ လှသိုင်းကျောင်းရှိ ပန်းဥယျာဉ်ကြီးမှာ ညနေဆည်းဆာအောက်ဝယ် အလွန်ပင် ကဗျာဆန်လှပေသည်။

ယောင်ကျင်းရင်၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်နေသည်။ သူသည် လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးလူလူပင် လျှောက်လှမ်းလာသည်။

သူ၏ဘေးတွင် ညီသည်တစ်ယောက် ပါရှိနေ၏။ ထိုညီသည်ကား "ယွမ်ချင်း" ပင် ဖြစ်ပေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကျင်းရင်သည် ပန်းဥယျာဉ်ထဲရှိ ကျောက်ထိုင်ခုံ တစ်လုံး၌ ထိုင်ချလိုက်သည်။ ယွမ်ချင်းကလည်း သူ၏ဘေးတွင် ဝင်ရောက်ထိုင်ချလိုက်လေသည်။

ညနေဆည်းဆာအောက် ပန်းဥယျာဉ်မှာ လွန်စွာပင် လှပသာယာနေသည်။ သင်းပျံ့သော ပန်းရနံ့များကိုလည်း ရှူရှိုက်နေရသဖြင့် ယွမ်ချင်း၏စိတ်အာရုံ ကြည်လင်လန်းဆန်းနေရပေသည်။

ယောင်ကျင်းရင်က ဆေးတံအား တစ်ချက်ရှိုက်ဖွာလိုက်၏။ ထို့နောက် ယွမ်ချင်းအား ပြုံး၍ ကြည့်ရင်း ...

"ညီလေး၊ မင်းရောက်လာတယ်လို့ သတင်းကြားရတော့ ကျုပ်ဖြင့် မယုံနိုင်အောင် ဖြစ်သွားမိတယ်၊ ဝမ်းလည်းဝမ်းသာသွားမိတယ်၊ ကျုပ်က မင်းရောက်လာမယ်လို့ ထင်ကိုမထင်ထားမိဘူး"

ဟု ပြောလာသည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးယောင်ကလည်း နေနိုင်လိုက်တာ၊ သိုင်းလောကထဲကနေ အနားယူသွားပြီးနောက်ပိုင်း တစ်ခါမှတောင် ထွက်ဖော်မရတော့ဘူး"

ဟု ပြောလိုက်သည်။



"ဟား ဟား ဟား"

ယောင်ကျင်းရင် သဘောကျစွာ ရယ်မောလိုက်သည်။ တစ်ဖန် ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ငါ့ညီပြောလို့ ခံရတော့မှာပဲ၊ အခု မင်းအမြင်ပဲ မဟုတ်လား၊ သင်တန်းသားတွေနဲ့ ဘယ်လောက်တောင် အလုပ်ရှုပ်နေရသလဲဆိုတာ ကျုပ်တော့ အစ်ကိုကြီးလုလို အေးအေးဆေးဆေး မနေနိုင်ပါဘူးကွာ"

ဟု ပြောလိုက်သည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးယောင်နဲ့ ဆရာလုတို့ကတော့ တစ်ယောက်တစ်မျိုးကို ဟန်ကျနေတော့တာပါပဲ"

ယောင်ကျင်းရင်က ...

"ဒါထက် ညီလေးက ဘယ်တော့ ဒီမြို့က ထွက်သွားမှာလဲ၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေစေချင်မိတယ်"

ဟု ပြောလာသည်။ ယွမ်ချင်း ပြုံးကာ ...

"စိတ်ချ အစ်ကိုကြီးယောင် ... ကျုပ်က ဒီမှာအေးအေးဆေးဆေး နေဖို့ ဆုံးဖြတ်ထားတယ်၊ ဘယ်လောက်ကြာမလဲဆိုတာတောင် မပြောတတ်ဘူးဗျ"

ဟု ပြောလာသည်။ သူ၏စကားကြောင့် ယောင်ကျင်းရင် ဝမ်းသာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး တကယ်ပြောနေတာလား"

ယွမ်ချင်းက ...

"တကယ်ပြောတာပါ"

"ဝမ်းသာလိုက်တာကွာ ... မင်းက ခြေမငြိမ်တဲ့လူဆိုတော့ ချက်ချင်းထွက်ခွာသွားမှာ ငါက စိုးရိမ်နေတာကွ၊ အခုလို အေးအေးဆေးဆေး နေမယ်ဆိုတော့ ဝမ်းသာမိတယ်၊ ကျုပ်တို့တွေ မတွေ့ဖြစ်ကြတာလည်း အတော်ကြာပြီမလား"

ယွမ်ချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့"

ရုတ်တရက် ယောင်ကျင်းရင်က တစ်စုံတစ်ရာကို စဉ်းစားမိသည့်အလား မျက်နှာထား တည်ကြည်သွားသည်။ တစ်ဖန် ယွမ်ချင်းအား အကဲခတ်ကြည့်ကာ ...

"ညီလေးက အခုလို အေးအေးဆေးဆေးနေမယ်လို့ အလွယ်တကူ ဆုံးဖြတ်တာဟာ အကြောင်းကိစ္စ တစ်စုံတစ်ရာရှိနေမယ်လို့ ကျုပ်ထင်မိတယ်"

ဟု ပြောလာသည်။ ယွမ်ချင်း ပြုံးလိုက်သည်။ သို့သော် သူက မည်သည့်မှတ်ချက်မျှ မပေးချေ။ ယောင်ကျင်းရင် အားမလိုအားမရ ဖြစ်သွားသည်။ ယွမ်ချင်းမျက်နှာအား စိုက်ကြည့်ကာ ...

"ငါ့ညီ ဒီမြို့ကို ဖြုန်းစားကြီး ရောက်လာတာဟာ အရေး



ကြီးတဲ့ကိစ္စရှိလို့ မဟုတ်လား"

ဟု မေးလိုက်သည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးက ဒီလိုထင်နေလို့လား"

ဟု ပြန်မေးသည်။ ယောင်ကျင်းရင်က ...

"ဟုတ်တယ်၊ မင်းအကြောင်းကို ငါ ကောင်းကောင်းကြီး သိထားတယ်၊ မင်းဟာ အကြောင်းကိစ္စမရှိဘဲနဲ့ တစ်နေရာတည်းမှာ အချိန်ကြာကြာ နေလေ့ရှိသူမဟုတ်ပါဘူး"

ဟု မှတ်ချက်ချလာသည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးက သေချာလှချည်လား"

ယောင်ကျင်းရင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ယွမ်ချင်းအား မျက်မှောင်ကုတ်ကြည့်ကာ ...

"ဘာလဲ ကျုပ်ပြောတာ မမှန်လို့လား"

ဟု မေးလိုက်သည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်ဗျာ၊ အစ်ကိုကြီးယောင်ထင်ထားတာ မမှားပါဘူး၊ ကျုပ်က အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ရောက်လာရတာပါ"

ယွမ်ချင်း၏စကား ကြားရသောအခါ ယောင်ကျင်းရင် စိတ်ဝင်စားလာသည်။ သူက လေသံကို နှိမ့်ကာ ...

"ဘယ်လိုအရေးကြီးတဲ့ကိစ္စမျိုးလဲ"

ဟု မေးလိုက်သည်။ ယွမ်ချင်း၏မျက်နှာ တည်ကြည်

www.burmeseclassic.com

www.burmeseclassic.com



လေးနက်သွားသည်။ သူက သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ်က ရန်သူတစ်ယောက် လာရှာတာပါ"

ဟု ပြောလိုက်၏။ ယောင်ကျင်းရင် အံ့သြဟန်ဖြင့် ...

"ရန်သူဟုတ်လား"

ဟု မေးလိုက်သည်။ ယွမ်ချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ယောင်ကျင်းရင်က ...

"ဒီမြို့မှာ မင်းရန်သူရှိနေတယ် ... ဟုတ်လား"

မယုံနိုင်ဟန်ဖြင့် မေးလာသည်။ ယွမ်ချင်း သက်ပြင်းချလိုက်သည်။ သူ၏မျက်နှာတစ်ခုလုံးလည်း တည်ကြည်လေးနက်သွား၏။

ထို့နောက် သူခြေရာခံလိုက်နေသည့်အကြောင်း ပြောပြလိုက်လေသည်။ ယောင်ကျင်းရင် ဘာမျှ ဝင်မပြောပါ။ ယွမ်ချင်း၏ စကားဆုံးသွားသည်အထိ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ယွမ်ချင်း၏စကား ဆုံးသွားမှ လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"အင်း ... ငါ့ညီကိစ္စက လွယ်မလို့နဲ့ ခက်နေတာအမှန်ပဲ၊ ဒီမှာက သိုင်းကျောင်းတွေ သိုင်းအဖွဲ့အစည်းတွေ အများကြီးရှိနေတယ်၊ သိုင်းသမားတစ်ယောက် ပုန်းခိုနေရင် ရှာရအတော်ခက်နေလိမ့်မယ်၊ ပြီးတော့ နောက်တစ်ချက် ရှိသေးတယ်"



ယွမ်ချင်း မျက်မှောင်ကုတ်သွားသည်။ ယောင်ကျင်းရင်အား ကြည့်ကာ ...

"ဘာများလဲဗျာ"

ဟု မေးလိုက်သည်။ ယောင်ကျင်းရင်က စဉ်းစဉ်းစားစားဖြင့်

"ငါ့ညီလိုက်ရှာတဲ့လူဟာ ဒီမြို့မှာ အခြေကျနေလောက်ပြီ၊ ဒါကြောင့်လည်း ဘယ်သူမှ မရိပ်မိအောင် သိုသိုသိပ်သိပ် နေနိုင်တာပေါ့၊ သူသာ အခြေမကျသေးတဲ့လူဆိုရင် သူ့အကြောင်း အနည်းနဲ့ အများ ပေါ်ထွက်လာမှာပဲ၊ အခု ညီလေးပြောတဲ့ အဓိကသဲလွန်စဖြစ်တဲ့ မိုးကြိုးကန်ချက်နဲ့မီဖာလုံ့သိုင်းပညာ ထုတ်ဖော်အသုံးပြုတဲ့လူ မထွက်ပေါ်ဘူး၊ ဆင်တူယိုးမှား ရှိနေမယ်ဆိုရင်လည်း မိုးကြိုးကန်ချက်နဲ့ မီဖာလုံ့သိုင်းပညာလောက် အစွမ်းထက်မြက်မှာ မဟုတ်ဘူး"

ယွမ်ချင်း မျက်မှောင်ကုတ်သွားသည်။

"အစ်ကိုကြီးက ဆင်တူယိုးမှား သိုင်းကွက်တွေ့ဖူးလို့လား"

ဟု အလောတကြီးမေးလိုက်၏။ ယောင်ကျင်းရင်က ...

"တွေ့ဖူးတယ်"

ဟု ဖြေလိုက်၏။ သူ၏စကားကြောင့် ယွမ်ချင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။ သူက စိတ်လှုပ်ရှားသော လေသံဖြင့် ...

"ဘယ်မှာတွေ့ဖူးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။ ယောင်ကျင်းရင်က ...

"ညီလေးရဲ့ရန်သူနဲ့ သက်ဆိုင်လိမ့်မယ်လို့တော့ ကျုပ်မထင်ဘူး"

ဟု ပြောလိုက်သည်။ ယွမ်ချင်းက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်သိချင်ပါတယ်၊ ဘယ်မှာ တွေ့ဖူးတာလဲ ပြောပြပါ"

မျှော်လင့်တကြီး မေးလာသည်။ ယောင်ကျင်းရင် သက်ပြင်းချလိုက်၏။ ထို့နောက် ဆေးတံကို တစ်ချက်ရှိုက်ဖွာရင်း ...

"ကျန်ခဲ့တဲ့ တံခွန်လုပွဲမှာပေါ့၊ ပန်သိုင်းကျောင်းက တပည့်ကြီး နှစ်ယောက်ဟာ အလွန်ပြင်းထန်တဲ့ ခြေကန်ချက်တွေ အသုံးပြုပြီး အနိုင်ရဗိုလ်စွဲသွားခဲ့တယ်၊ ဒါပေမဲ့ မိုးကြိုးကန်ချက် မဖြစ်နိုင်ပါဘူး"

ဟု ပြောလာသည်။ ယွမ်ချင်းက ...

"အစ်ကိုကြီးယောင်က ဘာကြောင့် ပြောနိုင်တာလဲ"

ဟု မေးလိုက်သည်။ ယောင်ကျင်းရင်က ...

"မင်းက ပန်ဟောင်းကို အထင်သေးလို့ မရဘူးဆိုတာ မေ့နေပြီထင်တယ်"

ယွမ်ချင်း မျက်မှောင်ကုတ်သွားသည်။

"ပန်ဟောင်း"



စိတ်ထဲ ရေရွတ်ကာ အပြင်းအထန် စဉ်းစားလိုက်သည်။ မကြာမီ သူကသတိရလာတော့သည်။

"ဟုတ်ပြီ၊ ပန်ဟောင်းဆိုတာ တစ်ချိန်က အစ်ကိုကြီးယောင်နဲ့ ခေတ်ပြိုင်ကျော်ကြားခဲ့တဲ့ သိုင်းသမားတစ်ဦးပဲ မဟုတ်လား၊ ပန်ဟောင်းရဲ့ အမည်ဟာလည်း အတော်ကျော်ကြားခဲ့တာပဲဗျ"

ဟု ပြောလာသည်။ ယောင်ကျင်းရင် ခေါင်းညိတ်လိုက်သည်။

"သူနဲ့ကျုပ်ဟာ အပြိုင်အဆိုင် ဖြစ်ခဲ့ပေမယ့် တစ်ဦးကို တစ်ဦး လေးစားရသူတွေပါ၊ ဒါကြောင့် ကျုပ်တို့ဟာ မိတ်ဆွေအဆင့် မရောက်ပေမယ့် ရန်သူလည်း မဟုတ်ကြပါဘူး"

သူက ယွမ်ချင်းအား တစ်ချက်အကဲခတ်ကြည့်လိုက်မိလေသည်။ ယွမ်ချင်းသည် စိတ်ဝင်တစားဖြင့် နားထောင်နေသည်ကို တွေ့ရသောအခါ ကျေနပ်သွားလေသည်။ သူက ဆေးတံအား တစ်ချက် ရှိုက်ဖွာရင်း စကားဆက်လိုက်ပြန်သည်။

"ပန်ဟောင်းလို လူစားမျိုးဟာ မိုးကြိုးကန်ချက်လို ရက်စက်ကြမ်းကြုတ်တဲ့ သိုင်းပညာရပ်မျိုးကို နှစ်သက်လိုလားမှာ မဟုတ်ဘူး၊ သူ့တပည့်တွေကို ပြင်းထန်တဲ့ ခြေကန်ချက်သိုင်းတစ်မျိုး တီထွင်ပေးလိုက်တယ်လို့ပဲ ကျုပ်က ယူဆတယ်၊ ဒီခြေသိုင်းဟာ ပြင်းထန်ပေမယ့် မိုးကြိုးကန်ချက်လောက် မပြင်းထန်ဘူးဆိုတာ ကျုပ် လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိခဲ့တယ်”

ယွမ်ချင်း ပင့်သက်ရှိုက်လိုက်သည်။ သူက သဲလွန်စရပြီ ဟူသော အတွေးဖြင့် ဝမ်းသာသောစိတ်များ ဖြစ်ပေါ်ခဲ့ရသည်။ သို့သော် ယောင်ကျင်းရင်၏ ခိုင်မာသော ဝေဖန်မှုကို ကြားရသောအခါ စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။

ယောင်ကျင်းရင်သည် မသေချာဘဲနှင့် စွပ်စွဲပြောဆိုမည် မဟုတ်ချေ။ မိုးကြိုးကန်ချက်မဟုတ်သည်ကို ရှင်းပြလာသည်။ ထို့အတူ ပန်ဟောင်းသည်လည်း ခေသူမဟုတ်ပါ။

သူ၏ ကျော်ကြားမှုအား ယွမ်ချင်းကြားဖူးထားသည်။ ထို့အပြင် ပန်ဟောင်းည် ကိုယ်ဖော့ပညာကို အထင်ကြီးကာ မာနကြီးသူလည်း ဖြစ်သည်။

သူတစ်ပါးသိုင်းပညာရပ်အား အတုခိုးမည့် လူစားမျိုး မဟုတ်ချေ။ ယွမ်ချင်း သက်ပြင်းမသိမသာချလိုက်၏။ သူ၏အဖြစ်သည် ကောက်ရိုးပုံထဲ အပ်ပျောက်၍ ရှာရသည်ထက်ပင် ဆိုးရွားနေပြီဟု ဆင်ခြင်လိုက်မိသည်။ သူက အတန်ကြာအောင် စကားမပြောနိုင်ဘဲ ငိုင်တွေသွားမိလေသည်။

ယောင်ကျင်းရင်သည် ငေးငိုင်နေသော ယွမ်ချင်းအား ကြည့်၍ စိတ်မကောင်း ဖြစ်သွားမိသည်။ သူက ယွမ်ချင်း၏ပခုံးအား ပုတ်ကာ …



“ညီလေးယွမ်၊ သိပ်လည်း စိတ်ဓာတ်မကျပါနဲ့ကွာ၊ မင်းလိုက်ရှာနေတဲ့သူဟာ ဒီမြို့ထဲမှာ ရှိရိုးမှန်ရင် တစ်နေ့တော့ ကျိန်းသေတွေ့ရမှာပဲလို့ ကျုပ်ပြောရဲတယ်”

ယွမ်ချင်းက သူ့အား ကြည့်လာသည်။ ယောင်ကျင်းရင်က ပြုံးပြကာ …

“ပြီးတော့ ကျုပ်နဲ့ အစ်ကိုကြီးလုတို့လည်း မင်းဘက်မှာ ရှိနေတာပဲ၊ မင်း ဘာမှ အားငယ်စရာမလိုပါဘူး၊ ကျုပ်တို့က လိုအပ်တဲ့ အကူအညီ အပြည့်အဝ ပေးနိုင်မှာပါ”

ဟု အားပေးစကားဆိုလိုက်သည်။ သူ၏ အားပေးစကားကြောင့် ယွမ်ချင်းမှာ စိတ်သက်သာရာရသွားသည်။ သူက ပြန်လည်ပြုံးပြရင်း …

“အစ်ကိုကြီးယောင်ကို ကျေးဇူးတင်ပါမိပါတယ်ဗျာ”

ဟု ပြောလိုက်သည်။ ယောင်ကျင်းရင် ခေါင်းယမ်းလိုက်သည်။

“ကျုပ်တို့ကြားမှာ ကျေးဇူးတင်စကားပြောဖို့ မလိုပါဘူးကွာ၊ ငါ့ညီအနေနဲ့ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး အနားယူပါဦး၊ ပြီးတော့မှ ခေါင်းအေးအေးထားပြီး ရန်သူကိုရှာဖွေဖို့ အစီအစဉ်ဆွဲပေါ့ ဟုတ်ပြီလား”

ယွင်ချင်းက ပြုံးရင်း …

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ ... ကျုပ်အစ်ကိုကြီးစကား နားထောင်ပါ့မယ်"

ဟု ပြောလိုက်သည်။ ထို့နောက် နှစ်ယောက်သား ပန်းဥယျာဉ်ထဲမှ ထွက်လာခဲ့ကြလေသည်။ ခြံထောင့်အနီးသို့ ရောက်သွားလျှင် ...

"ယား"

'ဝုန်း'

'ခွမ်း'

ဆူညံသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၍ ခြေလှမ်းများ ရပ်တန့်သွားကြသည်။ တစ်ဖန် နှစ်ယောက်သား အသံထွက်ပေါ်လာရာသို့ ပြိုင်တူပင် လှမ်းကြည့်မိလိုက်ကြတော့သည်။

✷



ယောင်ဖေးဟုန်၏ မျက်နှာတစ်ခုလုံး သုန်မှုန်ခက်ထန်နေပေသည်။ သူ့အတွက် သိုင်းပညာမတတ်မြောက်ခြင်းမှာ အစော်ကား ခံဖို့သက်သက် ဖြစ်နေရသည် မဟုတ်လား။

ယနေ့ ဖေးဟိုသည် သူ့အား မဆီမဆိုင် အနိုင်ကျင့်စော်ကား သွားခဲ့သည်။ သူသာ သိုင်းပညာ တတ်မြောက်လျှင် ဖေးဟိုအား ပြန်လည်ရင်ဆိုင်နိုင်ရုံမျှမက မှတ်သားလောက်အောင် ဆုံးမနိုင်မည်ဟု တွေးတောမိသည်။

နောက်ဆုံးအဖြေမှာ သူသိုင်းပညာမတတ်မြောက်ရသည့် အကြောင်းရင်းသို့ပင် ဆိုက်ရောက်ခဲ့ပေသည်။ ဖေးဟိုအပေါ် မကျေနပ်သည့်စိတ်မှာ ယခုထက်တိုင် ပြေလျော့မသွားသေးပါ။ သူက တုတ်တစ်ချောင်းဆွဲယူကာ ...

"ယား"

ကြာသံပေးရင်း ဝှေ့ယမ်းရိုက်ချလိုက်သည်။ တစ်ဖန် စိတ်မကျေနပ်နိုင်သေးဘဲ အနီးရှိ ပန်းအိုးများကို ဖေးဟိုဟု စိတ်ထဲ မှတ်ထင်ကာ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



'ခွမ်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ ပြင်းထန်သော တုတ်ရိုက်ချက်ကြောင့် ပန်းအိုးများ အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားလေသည်။

မလှမ်းမကမ်းမှ ကြည့်နေသော ယောင်ကျင်းရင်၏မျက်နှာ ရှုံ့မဲ့သွားသည်။ သားဖြစ်သူအား တွေ့ရတိုင်း စိတ်တိုင်းကျသည်ဟု မရှိခဲ့ချေ။ အမြဲလိုလို အပြစ်တစ်ခုမဟုတ်တစ်ခု တွေ့နေရသည်ချင်းပင်။

"ဒီကလေးနဲ့တော့ ခက်တော့တာပဲ"

သူက စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ ယနေ့လည်း တစ်ယောက်ယောက်နှင့် ရန်ဖြစ်လာ၍ ဒေါသထွက်နေမှန်း သူက သဘောပေါက်လိုက်မိ၏။ သူက ယွမ်ချင်းအား ကြည့်လိုက်သည်။ ထိုအခါ ...

"ဟင်"

သူက အံ့ဩသွားရလေသည်။ အကြောင်းမှာ ယွမ်ချင်း၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်နေပြီး ယောင်ဖေးဟုန်အား သဘောကျဟန်ဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် သူက ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိလေသည်။ အတန်ကြာအောင် အကဲခတ်ပြီးမှ ယွမ်ချင်းက သူ့ဘက်လှည့်



လာသည်။ သူက ယောင်ကျင်းရင်အား ပြုံးပြကာ ...

"အစ်ကိုကြီးယောင်ရဲ့သား မဟုတ်လား"

ဟု မေးလာသည်။ ယောကျင်းရင် ပို၍ အံ့ဩသွားရသည်။

"ညီလေးက သိနေတယ် ... ဟုတ်လား"

ကြောင်အမ်းအမ်းဖြင့် မေးလိုက်၏။ ယွမ်ချင်းက ...

"ဆရာလု ပြောပြလို့သိခဲ့ရတာပါ"

သူက လုအာစိုင်း ခြံဝင်းရှေ့၌ ယောင်ဖေးဟုန်နှင့် တွေ့ဆုံခဲ့ရပုံကို ပြန်လည်ပြောပြလိုက်သည်။ သူ၏စကား နားထောင်ပြီးနောက် ယောင်ကျင်းရင် လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"ဒီကောင်လေးက အပြောအဆိုမတတ်နဲ့ တစ်ခါတလေ လူကြီးကိုလူကြီးမှန်း မသိဘူး၊ ရှိသေရကောင်းမှန်းလည်း နားမလည်ဘူး"

ဟု ပြောလိုက်သည်။ ယွမ်ချင်းက သဘောကျဟန်ဖြင့် ...

"ဒီဘက်ခေတ်လူငယ်အချို့ဟာ ဒီလိုပဲ ဖြစ်တတ်ကြပါတယ်ဗျာ၊ နောက်ပိုင်း အတွေ့အကြုံ ဗဟုသုတရလာတော့လည်း လိမ္မာသွားတတ်ကြတာပါပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်ပြောလိုက်၏။

"အစ်ကိုကြီးယောင်ကတော့ ကံထူးတာပါပဲဗျာ"

သူ၏စကားကြောင့် ယောင်ကျင်းရင် မျက်မှောင်ကြုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။ ယွင်ချင်းအား ကြည့်ကာ ...

"ဘာကို ကံထူးတာလဲ"

ဟု မေးလိုက်သည်။

"အစ်ကိုကြီးမှာ အားကိုးအားထားပြုနိုင်တဲ့ သား တစ်ယောက် ရှိနေလို့ပေါ့"

"ဟင်"

ယွမ်ချင်း၏စကားကြောင့် ယောင်ကျင်းရင် မျက်လုံးပြူးသွားရလေသည်။ ယွမ်ချင်းအား ကြည့်ကာ ...

"ကျုပ်မှာ သားတစ်ယောက်ရှိတာ ကံထူးတယ် ဟုတ်လား"

ဟု မေးလိုက်သည်။ ယွမ်ချင်း ခေါင်းညိတ်ကာ ...

"ဟုတ်တယ်လေဗျာ၊ သူဟာ တစ်နေ့ အစ်ကိုကြီးယောင်ရဲ့ ခြေရာကို ဆက်ခံမယ့်သူ မဟုတ်လား၊ ကျုပ်က သူ့ကိုမြင်မြင်ချင်း သဘောကျမိတယ်၊ သူဟာ သတ္တိရှိပြီး မဟုတ်မခံတဲ့ စိတ်အပြည့်ရှိတယ်"

ဟု ပြောလိုက်သည်။ ယွမ်ချင်း၏စကားကြောင့် ယောင်ကျင်းရင်၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။ သူက ခေါင်းယမ်းကာ ...

"ညီလေးယွမ် ... ငါ့သားအကြောင်း မသိသေးဘဲနဲ့ သိပ်လည်း ချီးကျူးမနေနဲ့ဦး"



ဟု ပြောလိုက်၏။ ထိုစကားကြောင့် ယွမ်ချင်း မျက်မှောင်ကုတ်သွားသည်။

"အစ်ကိုကြီးသားက ဘာဖြစ်နေလို့လဲ"

ဟူ၍လည်း မေးလိုက်သည်။ ယောင်ကျင်းရင် မျက်နှာမဲ့ရှုံ့ကာ ...

"ဒီကောင်က အတော်ဆိုးတယ်ကွ၊ ဒေါသလည်းကြီးတယ်၊ ထစ်ခနဲဆိုတာနဲ့ ရန်လိုတတ်တာ၊ သိုင်းပညာမတတ်တာတောင် ပြဿနာ ခဏခဏ ဖြစ်နေတာ၊ သိုင်းပညာသာတတ်ရင် ကျားကို အတောင်တပ်ပေးသလို ဖြစ်သွားလိမ့်မယ်"

ဟု ပြောလိုက်သည်။ သူ၏စကားကြောင့် ယွမ်ချင်း အလွန်ပင် အံ့သြသွားရ၏။ ယောင်ကျင်းရင်အားကြည့်ကာ ...

"သူက သိုင်းပညာမတတ်ကျွမ်းဘူး ဟုတ်လား"

ယောင်ကျင်းရင်က ...

"ဟုတ်တယ်"

ယွမ်ချင်းက ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။ ယောင်ကျင်းရင် မချိပြုံးပြုံးကာ ...

"ကျုပ်က ပညာသင်ခွင့် မပြုလို့ပေါ့"

ဟု ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ယောင်ကျင်းရင်က စိတ်မသက်သာစွာဖြင့် ပြောလာ၏။

"ကျုပ်ရဲ့သားဟာ စိတ်ထက်တယ်၊ သည်းခံစိတ်မရှိဘူး၊ သူသာ သိုင်းပညာတတ်ကျွမ်းသွားရင် လူဆိုးလေးဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် မသင်ပေးတာပါ"

ယွမ်ချင်း သက်ပြင်းချလိုက်သည်။

"သူ့ပုံစံက တကယ့်သိုင်းသမား ဟိတ်ဟန်ရှိတယ်၊ ထူးချွန်ထက်မြက်တဲ့ပညာရပ်တွေ သင်ယူခွင့်ရှိရင် ပါရမီရှင်သိုင်းသမား တစ်ယောက် ဖြစ်လာမှာပဲ"

ယောင်ကျင်းရင် ခေါင်းယမ်းလိုက်သည်။

"ကျုပ်က သူ့ကိုမျှော်လင့်မိတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဖြစ်နိုင်မယ် မထင်ဘူး"

ယွမ်ချင်း ခေါင်းယမ်းလိုက်သည်။

"အစ်ကိုကြီး မှားနေပြီ"

ယောင်ကျင်းရင်က ...

"ဘယ်လို ကျုပ်ကမှားတယ် ... ဟုတ်လား"

တအံ့တသြ မေးလိုက်သည်။ ယွမ်ချင်းက ...

"ဟုတ်တယ်"

"ဘာများမှားနေတာလဲ ... ပြောစမ်းပါဦး"



စိတ်ဝင်တစားဖြင့် မေးလိုက်၏။ ယွမ်ချင်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"သူက ဒီအတိုင်း လွှတ်ပေးခြင်းအားဖြင့် သူ့စိတ်ထဲမှာ သိမ်ငယ်စိတ်၊ အထီးကျန်စိတ်တွေ ပြင်းလာလိမ့်မယ်၊ အဲဒီကတစ်ဆင့် ဟဖွတ်ထိုးမှုနဲ့ ဒေါသကြီးမှုတွေ ပေါက်ဖွားလာရတာပဲ၊ သူ့ကို အားပေး စောင့်ရှောက်ပြီး ယုံကြည်စိတ်မြှင့်တင်ပေးလိုက်မယ်ဆိုရင် အပြောင်းလဲကြီး ပြောင်းလဲသွားရမှာပဲ၊ အစ်ကိုကြီးအနေနဲ့ သူ့ကို ဒီအတိုင်း ပစ်မထားသင့်ဘူး၊ ဘာကြောင့်လဲဆိုရင် တစ်နေ့ သူဟာ အစ်ကိုကြီးခြေရာနင်းလာရမယ့်လူမဟုတ်လား၊ သူ့ကိုသာ အချိန်ပေးပြီး ကိုင်တွယ်တတ်မယ်ဆိုရင် သူများတွေထက်တောင် ထူးချွန်ထက်မြက်သူတစ်ယောက် ဖြစ်ရမယ်လို့ ကျုပ် ကျိန်းသေပြောရဲတယ်"

ယွမ်ချင်းက အခိုင်အမာပင် ပြောကြားလာ၏။

သူ၏စကားကြောင့် ယောင်ကျင်းရင် တွေဝေငေးငိုင်သွားလေသည်။ ယွမ်ချင်းစကားများသည် မှန်သင့်သလောက် မှန်နေသည်ဟု သူက ထင်မိလေသည်။

သူက ခေါင်းတစ်ချက်ညိတ်ကာ ...

"အခုလို အကြံဉာဏ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ သူ့ကို ကိုင်တွယ်ဖို့ အကောင်းဆုံးနည်းလမ်းကို ကျုပ် အလေးထား စဉ်းစားပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေးနက်စွာ ပြောလိုက်သည်။

ယွမ်ချင်း အသာပြုံးပြလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဆက်လက်လျှောက်လာခဲ့လေတော့သည်။

* * *



## အပြိုင်အဆိုင်

ရွှေဒေါင်းစားသောက်ဆိုင် …။

ရွှေဒေါင်းစားသောက်ဆိုင်သည် ယွန်ဂေါင်ဒေါင်းမြို့ရှိ နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင် ဖြစ်သည်။

နေဝင်မိုးချုပ်သွားပြီဖြစ်၍ စားသောက်ဆိုင်တစ်ခုလုံး လင်းထိန်နေပေသည်။

ဆိုင်ထဲ၌ စားသောက်နေသူများဖြင့် စည်ကားနေသည်။ စားပွဲဝိုင်းကျယ်ကြီးတစ်ခုဝယ် လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြသည်။ အားလုံးပင် မိုးပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ဆိုင်လုလင်များက သူတို့အား ပျူငှာစွာပင် ဧည့်ဝတ်ပြုနေကြလေသည်။

အကြောင်းကား …

ယင်းလူစုသည် နာမည်ကြီးမိုးပြာသိုင်းအဖွဲ့မှ ဖြစ်နေသည် မဟုတ်ပါလား။

မိုးပြာအဖွဲ့သားများအား တပည့်ကြီး စိန်ရှမ်းက ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကာ ကျေးမွေးနေခြင်းဖြစ်သည် သူတို့သည် စားသောက်ရင်းမှ မကြာခင် ကျင်းပတော့မည့် တံခွန်လုပွဲအကြောင်း ပြောဆိုဆွေးနွေးနေကြလေသည်။

သူတို့သည် ယခုကျင်းပမည့် တံခွန်လုပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရထားသည် မဟုတ်ပါလား။ စိန်ရှမ်းက ...

"ဒီနှစ်ပြိုင်ပွဲကို မိုးပြာအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူစရာပဲ"

ဟု ပြောလာသည်။ ထိုအခါ မိုးပြာအဖွဲ့သားများက ...

"ဟုတ်တယ် အစ်ကိုကြီး၊ ပြီးခဲ့တဲ့ ပြိုင်ပွဲမှာ တတိယရခဲ့တဲ့ ဝတ်စုံနီအဖွဲ့နဲ့ ကျုပ်တို့အဖွဲ့ အမှတ်မကွာခဲ့လို့ ဆက်လက်ယှဉ်ပြိုင်ခွင့်ရခဲ့တာပဲ၊ ဒီနှစ် ဝတ်ရုံနီအဖွဲ့ကတော့ တစ်မှတ်လျော့လို့ ယှဉ်ပြိုင်ခွင့် မရှိတော့ဘူး"

"မိုးပြာအဖွဲ့ရဲ့ စွမ်းဆောင်ရည် ဒီထက်တိုးမြှင့်ရမယ်"

ဝိုင်းဝန်းပြောကြားလာသည်။ စိန်ရှမ်းက ...

"နာမည်ကြီးလှသိုင်းကျောင်းနဲ့ ပန်သိုင်းကျောင်းကို ကျော်ဖြတ်ဖို့ မလွယ်ပေမယ့် အတတ်နိုင်ဆုံး ကြိုးစားရမယ်"

ဟု ပြောလိုက်သည်။ တစ်ယောက်က ခေါင်းညိတ်ကာ ...

"ဒါပေါ့ ... အခုဆို ကျုပ်တို့ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေပြီ၊ အနည်းဆုံးတော့ နောက်တစ်ကြိမ် ကျင်းပမယ့်ပြိုင်ပွဲမှာ ဆက်လက်



ပါဝင်ခွင့်ရအောင်တော့ စွမ်းဆောင်နိုင်မှာပါ"

ဟု ပြောလာသည်။ တက်တက်ကြွကြွ ဖြစ်နေကြသော မိုးပြာအဖွဲ့သားများအား ကြည့်ကာ စိန်ရှမ်း ကျေနပ်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ ခြေသံပြင်းပြင်းနင်းရင်း လူတစ်စုဝင်ရောက်လာလေသည်။ အားလုံးပင် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ဦးဆောင်လာသူမှာ ထွားကျိုင်းသော လူသန်ကြီးတစ်ဦးဖြစ်လေသည်။ သူတို့သည် မိုးပြာအဖွဲ့သားများနှင့် အလှမ်းမကမ်းရှိ စားပွဲ၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ဆိုင်လုလင်များက ပျာပျာသလဲဖြင့် မှာကြားသည်များကို ယူဆောင်ပေးလိုက်ကြသည်။ ယင်းအနီရောင်ဝတ်ဆင်ထားသူများမှာ နာမည်ကြီးဝတ်စုံနီအဖွဲ့ ဖြစ်သည် မဟုတ်ပါလား။

ဦးဆောင်လာသော လူသန်ကြီးမှာ "သံမဏိ" ဟု ကျော်ကြားနေသူ ဖြစ်လေသည်။ သံမဏိသည် ယခုနှစ် ပြိုင်ပွဲမဝင်ရသည့်အတွက် မကျေမနပ် ဖြစ်နေလေသည်။

ပြိုင်ပွဲ၌ တံခွန်လက်မဲ့ဖြစ်ရသောအဖွဲ့သည် သိက္ခာကျဆင်းရသည့်အပြင် ပြိုင်ပွဲဝင်ခွင့် အလှည့်အောက်ရသည် မဟုတ်ပါလား။ နောက်တစ်ကြိမ်ပြိုင်ပွဲမှသာ ဝင်ရောက်ခွင့်ရှိတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိသည် အရက်အား တစ်ခွက်ပြီးတစ်ခွက် မော့သောက်လိုက်သည်။ ဝတ်စုံနီအဖွဲ့သားများကလည်း အရက်များအား စိတ်လွှတ်ကိုယ်လွှတ်ပင် သောက်နေကြ၏။

ထို့ကြောင့် မကြာမီအချိန်အတွင်း၌ အားလုံးပင် မူးယစ်လာကြတော့သည်။ ထိုအခါ ပြဿနာဖြစ်ပေါ်ရန်အကြောင်းကား ဖန်တီးလာလေတော့သည်။

✷



စိန်ရှမ်း၏မျက်နှာနီမြန်းနေသည်။ သူက အရက်တစ်အိုးသောက်ပြီးနောက် မူးယစ်လာသည်။ သူ၏စကားသံများမှာလည်း ကျယ်လောင်လာတော့သည်။

“ဘာပဲဖြစ်ဖြစ် ဒီနှစ်ပြိုင်ပွဲမှာ တို့အဖွဲ့ကတော့ ဂုဏ်သိက္ခာတက်လာတာအမှန်ပဲ”

“ဟုတ်တယ် ... မိုးပြာအဖွဲ့ကို အထင်သေးလို့ မရတော့ဘူး”

“အခန့်မသင့်ရင် ပထမတောင် ရရှိနိုင်တယ်”

မူးယစ်နေသောအဖွဲ့သားများကလည်း အာဘောင်အာရင်းသန်သန်ဖြင့် ပြောလာကြ၏။ တစ်ဖက်မှ သံမဏိတို့လူစုမှာ မခံမရပ်နိုင် ဖြစ်လာကြသည်။

‘ဘုန်း’

သံမဏိက စားပွဲအား လက်ဝါးဖြင့် ပုတ်လိုက်သည်။ ကျယ်လောင်သော အသံကြောင့် စားသောက်နေသူများ လှည့်ကြည့်လာကြသည်။ မိုးပြာအဖွဲ့လည်း ပါဝင်ပေသည်။ သံမဏိက ဂရုမစိုက်ဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်မှတ်အသာရလို့ ပြိုင်ပွဲဝင်ခွင့်ရသွားတာကိုများ ကြီးကျယ်နေလိုက်တာ၊ နားကြားပြင်းတောင်ကပ်တယ်၊ အရည်အချင်းမရှိဘဲနဲ့ ဝင်ခွင့်ရတာကိုများ ဂုဏ်ယူနေကြသေးတယ်"

သူ၏စကားကြားလျှင် ...

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ဝတ်စုံနီအဖွဲ့သားများက ကျယ်လောင်စွာဖြင့် လှောင်ပြောင်ရယ်မောလိုက်ကြလေသည်။ မိမိတို့အား စောင်းပြောနေမှန်းသိ၍ မိုးပြာအဖွဲ့သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ စိန်ရှမ်း၏ မျက်နှာလည်း နီရဲခက်ထန်သွားသည်။ သူက နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"မင်းတို့ စဉ်းစားကြည့်စမ်း၊ ပြိုင်ပွဲဝင်ခွင့်တောင် မရဘဲနဲ့ စကားကျယ်ကျယ် ပြောရဲတာ မရှက်ကြဘူးလား မသိဘူး"

ဟု ပြောလိုက်သည်။ ထိုအခါ မိုးပြာအဖွဲ့သားများက လက်သီးလက်မောင်းတန်းကာ ...

"ဟုတ်တယ် ဟုတ်တယ် ... ကျုပ်တို့တော့ ရှက်လွန်းလို့ အိမ်ထဲမှာပဲ နေတော့မယ်"

"ပြိုင်ပွဲဝင်ခွင့်တောင်မရဘဲ ဘေးက စကားကြီး စကားကျယ် ပြောနေတာ သနားစရာပါပဲ"



"ဟား ဟား ဟား"

"အရှက်မရှိတဲ့လူတွေနဲ့မှ လာတိုးနေတယ်ဟေ့"

မိုးပြာအဖွဲ့သားများက တစ်ယောက်တစ်ပေါက် လှောင်ပြောင်ပြောဆိုလာကြလေသည်။ သံမဏိမှာ အနာပေါ်တုတ်ကျသွားသည့်အလား ဒေါသထွက်သွားလေသည်။ ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ ...

"ဟေ့ကောင်တွေ မင်းတို့ ဘယ်သူ့ကိုပြောနေကြတာလဲ"

စိန်ရှမ်းတို့အားကြည့်ကာ အသံဝါကြီးဖြင့် မေးလိုက်သည်။ စိန်ရှမ်းက လှမ်းကြည့်ရင်း ...

"ဘယ်သူ့ကို ပြောတယ်လို့ မင်းကထင်သလဲ"

မချိုမချဉ် မျက်နှာထားဖြင့် ပြန်မေးလိုက်သည်။ သံမဏိက

"ငါတို့ကို စောင်းပြောနေတယ်လို့ ထင်တယ်"

စိန်ရှမ်းက ...

"ဒါဆိုလည်း အဲဒီအတိုင်းပဲ မှတ်လိုက်ပေါ့ကွာ"

"ဘာကွ"

သံမဏိ၏အသံ ဟိန်းထွက်လာသည်။ ဝတ်စုံနီအဖွဲ့သားများလည်း ဝုန်းခနဲ ထရပ်လိုက်ကြလေသည်။ အားလုံးသည် ခံပြင်းနေကြပေသည်။ စိန်ရှမ်းက ...

"သံမဏိ မင်းမူးရင် ပြန်တော့၊ ငါတို့ မင်းတို့နဲ့ အဖက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး စကားပြောဖို့ အချိန်မရှိဘူး"

ခပ်တည်တည်ဖြင့် ပြောလိုက်၏။ နဂိုကတည်းက မကျေမနပ် ဖြစ်နေသော သံမဏိမှာ အရှိုက်ကို လက်သီးဖြင့် အထိုးခံရသလို ဖြစ်သွား၏။ သူ၏မျက်နှာတစ်ခုလုံး နီရဲခက်ထန်လာပြီး ...

"ဘာအရည်အချင်းမှ မရှိဘဲ ဝင်ပြိုင်ခွင့်ရတဲ့ကောင်တွေကများ"

ထိုစကားကြောင့် စိန်ရှမ်း ဝုန်းခနဲ ထရပ်လိုက်သည်။

"ဟေ့ကောင်၊ မိုးပြာအဖွဲ့ကို စော်ကားတာလား"

"ဟုတ်တယ်၊ မင်း ဘာလုပ်ချင်သလဲ"

စိန်ရှမ်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါ။ အရက်အိုးအား ကောက်ယူကာ ပစ်ပေါက်လိုက်သည်။

'ခွမ်း'

"အား"

အရက်အိုးမှာ ဝတ်စုံနီအဖွဲ့သားတစ်ဦး၏ ဦးခေါင်းအား ထိမှန်ကာ ကွဲကြေသွားသည်။ အဖွဲ့သား၏ ဦးခေါင်းမှာလည်း သွေးများ ဖြာကျလာ၏။ မိမိအဖွဲ့သား ဒဏ်ရာရ၍ သံမဏိ စိတ်မထိန်းနိုင်ပါတော့ချေ။ ချက်ချင်း အရက်အိုးကောက်ယူကာ ပစ်ပေါက်လိုက်၏။

'ခွပ်'



"အား"

မိုးပြာအဖွဲ့သားတစ်ယောက် ထိမှန်သွားပြီး နှာခေါင်းရိုးကျိုးသွားလေသည်။ စိန်ရှမ်းက ...

"ဒီလိုလား တွေ့မယ်"

ပြောရင်း ပန်းကန်ခွက်ယောက်များအား ပစ်လွှင့်လိုက်၏။ သံမဏိကလည်း အားကျမခံ ပစ်လွှင့်လိုက်၏။ ဆိုင်တစ်ခုလုံး ဆူဆူညံညံ ဖြစ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကြားပွဲစား

ဆိုင်ထဲ၌ဆူညံနေသည်။ ဆိုင်ရှင်များ မပြောရဲဘဲ ခုံတစ်လုံးနောက်ကွယ်၌ ဝင်ပုန်းနေလေသည်။ ဆိုင်လုလင်များမှာ ဆိုင်ထောင့်ဝယ် ကပ်နေကြသည်။

စားသောက်သူများကား အလျှိုလျှို ထွက်ခွာသွားပြီ ဖြစ်လေသည်။ ထိုအချိန်မှာပင် ...

"ဟေ့ ဘာဖြစ်နေတာလဲ"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ဆိုင်ထဲသို့ လူတစ်စု ဝင်လာကြသည်။ သံမဏိနှင့် စိန်ရှမ်းတို့ နှစ်ဖက်ခွဲကာ ရပ်တန့်သွားကြသည်။

ဝင်လာသောလူစုကိုတွေ့လျှင် အားလုံးမျက်မှောင်ကုတ်သွားကြသည်။ စိတ်ထဲ၌ မနှစ်မြို့ဘဲ ဖြစ်သွားကြသည်။ အကြောင်းမှာ ရောက်ရှိလာသော လူစုမှာ ပန်သိုင်းကျောင်းမှ ဖြစ်ပြီး ပြဿနာရှာရာတွင် နာမည်ကြီးသော ယွန်ချောင်းနှင့်ရန်လောင်တို့က ဦးဆောင်လာခြင်းကြောင့် ဖြစ်ပေသည်။



ရန်လောင်နှင့်ယွန်ချောင်းတို့သည် ရန်ပွဲဖြစ်ဖြေမည့် ကယ်တင်ရှင်ကြီးများအသွင်ဖြင့် ရှိနေကြသည်။ ဆိုင်လုလင်က ကပျာကယာ ပြေးထွက်လာပြီး ...

"ကျုပ်ကို ကူညီပါဦး၊ သူတို့ ရန်ဖြစ်တာ ကျုပ်ဆိုင်ပျက်စီးနေပြီ၊ သူတို့ကို ရန်ပွဲရပ်အောင် ကြည့်လုပ်ပေးပါ"

ဟု အားကိုးတကြီးဖြင့် ပြောလာသည်။ ယွန်ချောင်း ရင်ကော့ကာ ...

"မပူနဲ့ ... ကျုပ်ဖြေရှင်းပေးမယ်၊ ဆိုင်ပျက်စီးသွားတဲ့အတွက် သူတို့နှစ်ဖွဲ့ခွဲပြီး အလျော်ပေးလိမ့်မယ်"

တကယ့်ဆရာကြီးအသွင် ဟိတ်ဟန်ထုတ်ကာ ပြောလာသည်။ စိန်ရှမ်း ကျွဲမြီးတိုသွားသည်။

"ယွန်ချောင်း ... လျော်စရာရှိရင် သူတို့ကို လျော်ခိုင်း၊ သူတို့အရင်ရန်စတာ"

သံမဏိကလည်း ...

"သူတို့အရင် ပစ္စည်းတွေ ဖျက်ဆီးတာ"

တစ်ယောက်တစ်ပေါက် ပြောလာသည်။ ရန်လောင် လက်ကာပြကာ ...

"ဘာပဲဖြစ်ဖြစ် သူများတွေ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်တဲ့အပြင် သူများပစ္စည်းတွေကိုလည်း ဖျက်ဆီးတာ မင်

www.burmeseclassic.com

www.burmeseclassic.com



တို့ အမှားပဲ"

ဆရာကြီးပုံစံဖမ်းကာ ပြောလာ၍ သံမဏိ မကျေမနပ် ဖြစ်သွားသည်။

"ဘာပဲဖြစ်ဖြစ် ဒါ ငါတို့ကိစ္စပဲ၊ ငါတို့ပြဿနာ ငါတို့ဘာသာ ရှင်းမယ်"

စိန်ရှမ်းကလည်း ...

"ဟုတ်တယ် မင်းတို့ ဝင်မပါနဲ့"

ဟု ပြောလာသည်။ ရန်လောင် မဲ့လိုက်သည်။

"မဆိုင်ဘူး ဟုတ်လား၊ ငါတို့က စားသောက်ဖို့လာတာ မင်းတို့က ရန်ဖြစ်လို့ ဘယ်ဖြစ်မလဲ"

သံမဏိ အံတစ်ချက်ကြိတ်ကာ ...

"မင်းတို့ဘာသာ တခြားဆိုင်မှာ သွားစားပါလား"

ဟု ပြောလိုက်သည်။ ယွန်းချောင်းက ...

"မလိုချင်ဘူး၊ ငါတို့ ဒီမှာစားသောက်ဖို့ ဆုံးဖြတ်ထားတယ်၊ မင်းတို့ ဒီက မြန်မြန်ထွက်သွားကြစမ်း"

ဟု ငေါက်လိုက်သည်။ သူ၏ အမိန့်သံဆန်ဆန် စကားကြောင့် သံမဏိသာမက စိန်ရှမ်းပါ မကျေမနပ် ဖြစ်သွားကြသည်။ မိမိတို့ ပြဿနာကြား ယွန်းချောင်းတို့က ကြားဝင်အမြတ်ထုတ်ကာ လူတွင်ကျယ် လုပ်လာ၍ ခံပြင်းသွားကြလေသည်။ သံမဏိက ...



"ယွန်းချောင်းနဲ့ရန်လောင် ငါတို့ ဖြေရှင်းစရာ ရှိတယ်၊ မင်းတို့ ပြဿနာ မရှာရင် ကောင်းမယ်"

ယွန်းချောင်းနှင့်ရန်လောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။ ထို့နောက် ...

"ဟား ဟား ဟား"

နှစ်ယောက်စလုံး ဟားတိုက်ရယ်မောလိုက်ကြသည်။ ယင်းနောက် ရန်လောင်က ...

"ငါတို့က ပြဿနာရှာတာ မဟုတ်ဘူးကွ"

သံမဏိက ...

"ဒါဖြင့် ထွက်သွားပါ"

ရန်လောင်က ယွန်းချောင်းအားကြည့်ကာ ...

"သူက ထွက်သွားခိုင်းနေတယ်"

ဟု ပြောလိုက်သည်။ ယွန်းချောင်း မျက်မှောင်ကုတ်သွားသည်။

"ဟုတ်လား"

ရန်လောင်က ...

"ငါဘာပြန်ပြောရမလဲ"

တိုင်ပင်ဟန်ဖြင့် မေးလာသည်။ ယွန်းချောင်းက တစ်ချက် စဉ်းစားဟန်ဖြင့် ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒါများ အလွယ်လေးပါ၊ မသွားဘူးလို့ ပြောလိုက်"

ရန်လောင်က သံမဏိအား ကြည့်ကာ ...

"ကဲ ငါတို့မသွားဘူး"

ဟု ပြောလိုက်သည်။ သူတို့က တမင် ပျက်လုံးထုတ်၍ ပြောနေကာ မခံချင်အောင် ဆွနေမှန်း အားလုံးပင် နားလည်ထားကြသည်။ စိန်ရှမ်းက ကြမ်းပေါ် ခြေတစ်ချက်ဆောင့်ကာ ...

"ရန်လောင် မင်းတို့ ရန်မရှာနဲ့၊ ဒီက မြန်မြန်ထွက်သွားကွာ၊ ဒါမှမဟုတ်ရင် ငါ့ကို အဆိုးမဆိုနဲ့"

ရန်လောင် မဲ့လိုက်သည်။

"မထွက်ဘူးကွာ၊ မင်း ဘာလုပ်ချင်သလဲ"

"မင်း"

"မင်းက လူစွာလုပ်လို့ရမလား၊ ငါတို့က မင်းကို မျက်စိထဲတောင် မထားဘူး"

"တောက်"

စိန်ရှမ်း မခံမရပ်နိုင်အောင်ပင် ဖြစ်သွားသည်။ ချက်ချင်းပင် ခုန်ထွက်ကာ ရန်လောင်အား တိုက်ခိုက်လိုက်သည်။ မိုးပြာအဖွဲ့သားများကလည်း ပန်သင်တန်းသားများအား တိုက်ခိုက်လိုက်ကြသည်။

ဆိုင်ထဲ၌ တိုက်ပွဲ ရုတ်ခြည်း ဖြစ်ပေါ်လာသည်။ သံမဏိက အဖွဲ့သားများနှင့်အတူ ဘေးလွတ်ရာသို့ ရှောင်သွားကြသည်။ သူက

BURMESE CLASSIC .com



စိန်ရှမ်းခံရမည်ကို သိထားသည်။

စိန်ရှမ်းအား သူက ဆုံးမလိုသည်။ ယခုတော့ သူ ဆုံးမရန် မလိုတော့ပေ။ ရန်လောင်တို့ဆုံးမသည်ကို လက်ပိုက်ကာ ထိုင်ကြည့်နေရုံပင်။ သံမဏိမှာ သဘောကျစွာဖြင့် ပြုံးနေမိလာတော့သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ မိုးပြာအဖွဲ့သားများ အလဲလဲအပြိုပြို ဖြစ်နေ၏။ ထို့အတူ စိန်ရှမ်းလည်း မသက်သာပါချေ။

ရန်လောင်၏တိုက်ခိုက်မှုအား အသည်းအသန်ပင် ရှောင်တိမ်းနေရလေသည်။ သူက ရှောင်တိမ်းနေဆဲမှာပင် ...

'ခွပ်'

"အွန့်"

ရန်လောင်၏လက်သီးချက်က မေးရိုးအား တည့်တည့်မတ်မတ်ပင် ထိမှန်သွားလေသည်။

"ဟား ဟား ဟား"

ဒယီးဒယိုင် နောက်ဆုတ်သွားသော စိန်ရှမ်းအဖြစ်အား ကြည့်ကာ ရန်လောင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"တောက်"



စိန်ရှမ်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။ ချက်ချင်း ရှေ့သို့ ခုန်ထွက်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ရန်လောင် မဲ့ပြုံးပြုံးလိုက်၏။

"မင်း ဘာတတ်နိုင်မှာလဲ"

ပြောရင်း ခေါင်းငုံ့ရှောင်တိမ်းကာ လက်သီးတစ်လုံးပစ်သွင်းလိုက်၏။ သူ၏လက်သီးသည် စိန်ရှမ်း၏ ဝမ်းဗိုက်တည့်တည့်သို့ ထိမှန် သွားလေသည်။

"အွန့်"

စိန်ရှမ်း မသဲမကွဲ ညည်းညူလိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ် ခွေကျသွားလေသည်။

"ဟင်"

"ဟာ"

မိုးပြာအဖွဲ့သားများ မျက်စိပျက် မျက်နှာပျက် သွားကြသည်။ စိန်ရှမ်းအား ကပျာကယာ ပွေ့ထူလိုက်ကြသည်။ ရန်လောင်က လက်ဖွေ့ယမ်းကာ ...

"မင်းတို့ ထွက်သွားကြတော့"

ဟု ငေါက်လိုက်သည်။ စိန်ရှမ်းတို့မှာ အလွန်ပင် ခံပြင်းနေကြသည်။ သို့သော် ယှဉ်နိုင်မည် မဟုတ်ဟု နားလည်ထားရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်"

စိန်ရှမ်းက သူ့လူများအား ဦးဆောင်ကာ ထွက်ခွာသွားလေသည်။

"ဟား ဟား ဟား"

ရန်လောင်နှင့် ယွန်ချောင်းတို့မှာ ဟားတိုက်ရယ်မောလိုက်ကြလေတော့သည်။

✷



ရန်လောင်နှင့်ယွန်ချောင်းတို့ ရယ်မောလိုက်ရာမှ ရပ်တန့်လိုက်ကြသည်။ သို့တိုင် ...

"ဟား ဟား ဟား"

ရယ်မောသံကား ရပ်မသွားပါချေ။ နှစ်ယောက်သား အသံထွက်ပေါ်ရာသို့ ကြည့်လိုက်သည်။ ထိုအခါ သံမဏိက သဘောကျစွာ ရယ်မောနေသည်ကို တွေ့လိုက်ရ၏။

ရန်လောင်နှင့်ယွန်ချောင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။ ယွန်ချောင်းက ပခုံးတွန့်ပြလိုက်သည်။ ရန်လောင်က ...

"တိတ်စမ်း"

ကျယ်လောင်သော အသံဖြင့် အော်ငေါက်လိုက်သည်။ ရယ်မောနေသော သံမဏိ ရပ်တန့်လိုက်သည်။ ရန်လောင်ကိုလည်း လှမ်းကြည့်လိုက်သည်။ ရန်လောင်က ...

"မင်းက ဘာရယ်တာလဲ"

စိတ်မရှည်သောလေသံဖြင့် မေးလိုက်၏။ သံမဏိက ...

"ဪ၊ စိန်ရှမ်းတို့ခံရတာကို ကြည့်ပြီး သဘောကျလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ရန်လောင်က ယွန်ချောင်းဘက် လှည့်လိုက်သည်။ ဘယ်လိုလဲဟူသော အကြည့်မျိုး ဖြစ်သည်။ ယွန်ချောင်းမဲ့ပြုံးပြုံးလိုက်သည်။ သံမဏိအား စိုက်ကြည့်ကာ ...

"မင်း ခံရတာကို မင်းတွေးပြီး ရယ်ကြည့်ပါလား"

"ဘာကွ"

သံမဏိ၏အသံ ဟိန်းထွက်လာသည်။ ယွန်ချောင်းက ...

"မင်းဟာ ခန္ဓာကိုယ်ကြီးပြီး ဘာမှ အသုံးမကျဘူးလို့ ငါထင်တယ် ... အဲဒါ ဟုတ်သလား"

သံမဏိ ခံပြင်းသွားသည်။ ယွန်ချောင်းတို့သည် ပြဿနာမြားဦး မိမိထံ လှည့်လာပြီဟု နားလည်လိုက်သည်။ ထို့ကြောင့် အချိန်မီ စိတ်ကို ထိန်းချုပ်လိုက်သည်။

သူက အဖွဲ့သားများအားခေါ်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။ သို့တိုင် ယွန်ချောင်းက လမ်းပိတ်လိုက်ရင်း ...

"လူပေါကြီး ... မင်း သွားတော့မလို့လား၊ ငါ့ကို ဘာမဟုတ်တဲ့ပညာတွေ ပြခဲ့ပါဦး"

သရော်သလိုဖြင့် ပြောလာသည်။ သံမဏိ ဒေါသမထိန်းနိုင်တော့ပါ။

"တောက် ... မင်းစော်ကားလှချည်လား၊ တွေ့ကြသေးတာပေါ့"



ကြုံးဝါးရင်း ယွန်ချောင်းအား တရကြမ်းတိုက်ခိုက်လိုက်၏။ သူ၏ တိုက်ခိုက်မှုမှာ အားမာန်ပြည့်ဝပြီး ကြမ်းတမ်းလှပေသည်။ တစ်ချက်ကလေး ထိသွားသည်နှင့် ခွေခနဲ လဲကျသွားနိုင်လောက်ပေသည်။

သို့သော် ယွန်ချောင်းက အမှုမထားပါ။ အသာအယာပင် ရှောင်တိမ်းလိုက်သည်။ တစ်ဖန် ...

"လူပေါကြီး ... မင်းအစွမ်း ဒီလောက်ပဲလား"

မခံချင်အောင် ပြောဆိုလိုက်သည်။ သံမဏိ ခံပြင်းသွားသည်။ သူက ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။ စားပွဲကုလားထိုင်များ ကျိုးပဲ့ပျက်စီးကုန်သည်။ ယွန်ချောင်းက အတန်ကြာအောင် ရှောင်တိမ်းပြီးမှ ...

"လူပေါကြီး ... ငါ့သိုင်းကွက်ကိုလည်း ကြည့်ဦး"

ပြောရင်း လက်ငါးချောင်းဖြင့် ဖမ်းချုပ်တိုက်ခိုက်လိုက်လေသည်။ သူ၏လက်ချောင်းများမှာ မိုးသီးမိုးပေါက်သဖွယ် ကျရောက်လာ၍ သံမဏိရင်ထိတ်သွားသည်။

သူက လက်နှစ်ဖက်မြှောက်ကာ ကပျာကယာ ခုခံကာကွယ်လိုက်ရသည်။ ထိုအခါ လှစ်ဟာသွားသော ရင်ဘတ်ဆီသို့ ယွန်ချောင်း၏ ခြေတစ်ဖက်က တိုးဝင်လာတော့သည်။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



သံမဏိ ထိတ်လန့်သွားသည်။ ကပျာကယာ ရှောင်ထိမ်းလိုက်၏။ သို့သော် နောက်ကျသွားချေပြီ။ ယွန်ချောင်း၏ ခြေကန်ချက်က သူ၏ ရင်ဘတ်အား တည့်တည့်မတ်မတ်ပင် ထိမှန်သွားတော့သည်။

'ဝုန်း'

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ သံမဏိမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်အပြင်သို့တိုင် လွင့်စဉ်ထွက်သွားသည်။

"ဟင်"

"ဟာ"

ဝတ်စုံနီအဖွဲ့သားများ မျက်စိမျက်နှာပျက်သွားကြသည်။ ချက်ချင်းပင် ဆိုင်အပြင်သို့ ပြေးထွက်သွားကြကာ သံမဏိအား ပွေ့ထူလိုက်ကြ၏။ ထိုအခါ ...

"ဟား ဟား ဟား"

ရန်လောင်နှင့်ယွန်ချောင်းတို့၏ ကျေနပ်အားရသောရယ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

✳ ✳ ✳



## ဆရာနဲ့တပည့်

အုပ်ချုပ်ရေးမှူး ဝမ်းချီ ...။

အုပ်ချုပ်ရေးမှူးဝမ်းချီသည် ဝတ်စုံနီအဖွဲ့၏ အဓိကခေါင်းဆောင်တစ်ဦးဖြစ်သည်။

ယခု သူ၏မျက်နှာ တင်းမာခက်ထန်နေသည်။

သူတစ်ယောက်တည်းမဟုတ်ပါ။ အဖွဲ့ထိန်းပေခွမ်းသည်လည်း မကျေမနပ်ဟန်ဖြင့် ရှိနေလေသည်။

အဖွဲ့ထိန်းပေခွမ်းသည် မိုးပြာအဖွဲ့၏ ဦးစီးခေါင်းဆောင်တစ်ယောက်ပင် ဖြစ်သည်။

သူတို့သည် ရှေ့တည့်တည့်၌ ရှိနေသော အသက်ငါးဆယ်ဝန်းကျင်ရှိကာ ဥပဓိရုပ်ကောင်းသောလူကြီးအား စိုက်ကြည့်နေ၏။

ထိုလူသည် အဖိုးတန်ငွေရောင်ပိုးဖဲ အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူ၏အသွင်သည် အထက်တန်းကျလှပြီး မာနကြီးသူတစ်ဦး၏ အသွင်မျိုးလည်း ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား ...

နာမည်ကျော် ပန်သိုင်းကျောင်း အရှင်သခင် ပန်ဟောင်းပင် ဖြစ်ပေတော့သည်။

✳



ပန်ဟောင်း၏မျက်နှာပေါ်ဝယ် မည်သည့်ထူးခြားချက်မှ ရှိမနေပါချေ။ အဖွဲ့ထိန်းပေခွမ်းက ဒေါသအား ထိန်းချုပ်ကာ ...

"ဆရာပန် တပည့်တွေက အတော်ဆိုးတယ်၊ ကျုပ်တို့အဖွဲ့သားတွေကို တိုက်ခိုက်ခဲ့တယ်၊ ဒီအတွက် ဆုံးမပေးပါ"

ဟု ပြောလာသည်။ စိတ်ထိန်းသည့်ကြားမှပင် ဒေါသသံပါနေ၏။ အုပ်ချုပ်ရေးမှူး ဝမ်းချီကလည်း ဝင်ပြောလာသည်။

"ဟုတ်တယ်၊ ကျုပ်တပည့် သံမဏိလည်း ခင်ဗျားတပည့် တိုက်ခိုက်လို့ နံရိုးတစ်ချောင်း ကျိုးသွားတယ်"

ပန်ဟောင်းက သူတို့အား စိုက်ကြည့်ကာ ...

"ယွန်ချောင်းနဲ့ရန်လောင်တို့ လက်ချက်ဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်"

ပေခွမ်းနှင့်ဝမ်းချီ ပြိုင်တူဖြေလိုက်ကြသည်။ ပန်ဟောင်းက မေးစေ့အား လက်ဖြင့် တစ်ချက်ပွတ်ကာ ...

"ကျုပ် သတင်းကြားမိတာကတော့ ခင်ဗျားတို့နှစ်ဖွဲ့ အချေအတင် ဖြစ်ကြပြီး ဆိုင်ကို ဖျက်ဆီးခဲ့တယ်လို့ပဲ ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ပေခွမ်းနှင့်ဝမ်းချီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ပေခွမ်းက ...

"သူတို့စကားများနေတာ မှန်ပါတယ်၊ ဒါပေမဲ့ ဆရာပန်တပည့်တွေက ဝင်ပြီး ပြဿနာရှာသွားကြတာပါ"

ဟု ပြောလာသည်။ ဝမ်းချီက ...

"ကျုပ်တပည့်ကို စော်ကားပြီး တိုက်ခိုက်ခဲ့တယ်၊ ဒီလိုသောင်းကျန်းတာမျိုး ကျုပ်တို့ မကျေနပ်ဘူး"

ဟု ပြောလာသည်။ ပန်ဟောင်း နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

"ကျုပ်ကြားမိတာကတော့ ရန်လောင်နဲ့ယွန်ချောင်းကခင်ဗျားတပည့်တွေ ရန်ပွဲကို ဟန့်တားခဲ့တယ် ဆိုတာပဲ"

ဝမ်းချီနှင့်ပေခွမ်းတို့ မျက်နှာပျက်သွားကြသည်။ ပန်ဟောင်းသည် တပည့်များဘက်မှ ကာကွယ်နေမှန်း သိထားပေသည်။

ပန်ဟောင်းက အချက်ကျကျ ထောက်ပြနေသည်မို့ ရန်လောင် တို့အား အပြစ်ရှာလျှင် မိမိတို့ တပည့်များထံ အရင်ခေါင်းတည်လာမည်ဟုလည်း တွေးမိလိုက်သည်။

သူတို့က မကျေမနပ် လျှောက်ပြောလျှင် ဦးစွာ သိက္ခာကျရမည့်လူမှာ မိမိတို့သာ ဖြစ်ရတော့မည်။ ထို့အပြင် ပန်ဟောင်းက



လိုတာထက်ပို၍ သည်းခံနိုင်မည်မဟုတ်ပါချေ။ ထို့ကြောင့် သူတို့က သိက္ခာဆည်လို၍ တစ်ထစ်လျှော့လိုက်၏။

"ကောင်းပြီ ... ကျုပ်တပည့်တွေကို တိုက်ခိုက်ခဲ့တာတော့ ဆရာပန်ရဲ့တပည့်တွေ လွန်နေပါတယ်"

ပန်ဟောင်းက ...

"ပြောပါ ... ဘယ်လိုဖြစ်စေချင်သလဲ"

"နောက်တစ်ခါ မဖြစ်အောင် ဆုံးမပေးပါ"

ပန်ဟောင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... နောက်တစ်ခါ မဖြစ်အောင် ကျုပ်ဆုံးမလိုက်ပါ့မယ်"

ပေခွမ်းနှင့်ဝမ်းချီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ပန်ဟောင်းက ဆုံးမမည်ဟုပြောပြီးနောက် သူတို့က ထွက်သွားဖို့သာ ရှိတော့သည်။

ပန်ဟောင်းက ထွက်သွားကြရန် အပိတ်စကားပြောလိုက်ခြင်းဟု နားလည်သွားကြသည်။ နှစ်ယောက်သား ဦးညွတ်ရင်း ...

"ကျေးဇူးပါပဲ ... ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး"

ပန်ဟောင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ"

ပေခွမ်းနှင့်ဝမ်းချီတို့ ပြန်ထွက်လာကြသည်။ ခြံဝင်းရှိ ...မြ

www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်အား ဖြတ်ကျော်လာခဲ့ရာ တစ်ဖက်မှ ဝင်လာကြသော ယွန်းချောင်းနှင့်ရန်လောင်တို့အား တွေ့လိုက်ရသည်။

ဝမ်းချီ၏စိတ်ထဲ ဒေါသထောင်းခနဲ ထွက်သွား၏။ ခြေလှမ်းလည်း တုံ့ခနဲ ရပ်တန့်သွား၏။ ပေခွမ်းလည်း ရပ်တန့်သွားသည်။ အခွင့်အရေးရလျှင် ဆုံးမလိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

ပေခွမ်းက ဟိုဟိုသည်သည်ကြည့်လိုက်၏။ ထိုအခါ မလှမ်းမကမ်း သစ်ပင်အောက်၌ ရပ်နေသော အညိုရောင်ဝတ်ဆင်ထားသူတစ်ဦးအား တွေ့လိုက်ရသည်။

ထိုလူသည် သစ်ပင်အောက်မှ သစ်ရွက်ကြွေတချို့အား လှဲကျင်းနေသည်။ ပေခွမ်းက သန့်ရှင်းရေးတစ်ဦးဟု ထင်မှတ်သွား၏။ ထိုစဉ် ယွန်းချောင်းနှင့် ရန်လောင်တို့က သူတို့အနီးသို့ ရောက်ရှိလာသည်။ ဝမ်းချီတို့အား မျက်မှောင်ကြုပ်ကြည့်ကာ...

"ဘာလဲ ... ခင်ဗျားတို့ကို မကျေနပ်လို့ လာတိုင်ကြတာလား"

ပမာမခန့်လေသံဖြင့် မေးလာသည်။ ဝမ်းချီက ...

"ငါတို့က ဂါရဝတရားရှိလို့ လာအသိပေးတယ်မှတ်ပါ၊ နို့မဟုတ်ရင် မင်းတို့လို လူစားမျိုးကို သိုင်းကွက်ဆယ်ကွက်အတွင်း ဆုံးမနိုင်တယ်"

အထင်အမြင်သေးဟန်ဖြင့် ပြောလိုက်လေသည်။ သူ၏



စကားကြောင့် ယွန်းချောင်းနှင့်ရန်လောင်တို့မှာ မခံမရပ်နိုင်အောင် ဖြစ်သွားရလေသည်။ ယွန်းချောင်း မကျေမနပ်ဖြင့် ...

"ဘာဗျ ... ခင်ဗျားက ကျုပ်တို့ကို အထင်သေးတာလား"

ပေခွမ်းက ဝင်ပြောလာသည်။

"သူက အထင်သေးတာမဟုတ်ဘူး၊ မင်းတို့က မစွံလို့ပါ"

တမင်ဝင်၍ နှိပ်ကွပ်လိုက်သည်။ သူတို့သည် တမင်ဒေါသဆွပေးနေခြင်းဖြစ်သည်။ သို့မှသာ ယွန်းချောင်းတို့က စတင်တိုက်ခိုက်လာပေမည်။

ထိုအခါ သူတို့အလွန်မဟုတ်၍ ပြန်လည်တိုက်ခိုက်နိုင်ပေသည် မဟုတ်ပါလား။ သူတို့တွက်ဆထားသည့်အတိုင်း ယွန်းချောင်းက ရှူးရှူးရှားရှားဖြစ်သွားကာ ...

"ခင်ဗျားတို့ ကျုပ်အကြောင်းသိမယ်"

ပြောရင်း ပေခွမ်းထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။ ရန်လောင်ကလည်း ဝမ်းချီအား တိုက်ခိုက်လိုက်သည်။ ပေခွမ်းနှင့်ဝမ်းချီတို့ သဘောကျသွားသည်။

အလွတ်တိုက်လာပြီဖြစ်၍ တုံ့ပြန်တိုက်ခိုက်လိုက်ကြလေသည်။ သူတို့ကို ထက်မြက်သောသိုင်းကွက်များအား ထုတ်ဖော်အသုံးပြုလိုက်၏။

ယွန်းချောင်းနှင့်ရန်လောင်တို့က သဲသဲမဲမဲပင် တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပေခွမ်းနှင့်ဝမ်းချီတို့၏ သိုင်းကွက်များကို ခုခံချေဖျက်လိုက်ကြသည်။

ဝမ်းချီနှင့်ပေခွမ်း အံ့သြသွားကြသည်။ ရန်လောင်နှင့် ယွန်ချောင်းတို့၏ သိုင်းပညာမှာ သူတို့ထင်ထားသည်ထက် များစွာ ထက်မြက်နေကြသည် မဟုတ်ပါလား။

အလွယ်တကူ အသာစီးမရသောအခါ နှစ်ဦးစလုံး ဒေါပွသွားကြသည်။

“တောက် … တွေ့ကြသေးတာပေါ့”

ပေခွမ်းက စိတ်ထဲကြုံးဝါးရင်း သိုင်းကွက်ပြောင်းလဲကာ တိုက်ခိုက်လိုက်သည်။ ဝမ်းချီကလည်း စိတ်ထဲခံပြင်းနေသည်။

“မင်းတို့ ဘယ်လောက်ကာကွယ်နိုင်မလဲ ကြည့်ရသေးတာပေါ့”

စိတ်ထဲရေရွတ်ရင်း တရကြမ်းပင် တိုက်ခိုက်လိုက်လေသည်။ ယခုတစ်ကြိမ် သူတို့၏တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်နေပေတော့သည်။

ရန်လောင်နှင့်ယွန်ချောင်းတို့ ရင်ထိတ်သွားမိသည်။ အသည်းအသန် ခုခံရင်း နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးလိုက်ကြရသည်။

မကြာမီ သူတို့သည် ဒုက္ခရောက်ရတော့မည့်အခြေအနေသို့



ဆိုက်ရောက်သွားသည်။ ယင်းအချိန်မှာပင် …

‘ဟူး’

အဝတ်အစားလေတိုးသံနှင့်အတူ လူရိပ်တစ်ခုသည် လျင်မြန်စွာ ရောက်ရှိလာသည်။ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သူ၏ ဝဲဘက်လက်သည် ဝမ်းချီ၏ ရင်ဘတ်အား နောက်သို့တွန်းထုတ်လိုက်ပြီးဖြစ်သည်။

တစ်ဆက်တည်း ယာဘက်လက်ဝါးစောင်းသည် ပေခွမ်း၏ လက်အား ခုတ်ချလိုက်သည်။

“ဟာ”

ပေခွမ်း၏မျက်လုံး ပြူးသွားသည်။ မိမိ၏လက်အား ရုပ်သိမ်းကာ နောက်သို့ ကမျာကယာ ခုန်ဆုတ်သွားရသည်။ ထို့အတူ ဝမ်းချီမှာလည်း ပြင်းထန်သော လေလှိုင်းတစ်ခု တိုးဝင်လာ၍ ဟန်ချက်ပျက်ကာ ခြေငါးလှမ်းမျှ ဆုတ်သွားရလေသည်။ တိုက်ပွဲသည် တခဏအချိန်အတွင်း ပြီးဆုံးသွားပြီ ဖြစ်လေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ပေခွမ်းနှင့် ဝမ်းချီတို့ ကြက်သေသေနေကြသည်။ လူရိပ်ကိုလည်း ထိတ်လန့်စွာဖြင့် ကြည့်လိုက်သည်။ ထိုအခါ သူတို့၏ မျက်လုံးအစုံ မယုံကြည်နိုင်စွာဖြင့် ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ ထိုလူရိပ်သည် သူတို့အထင်သေးခဲ့သည့် အညိုရောင်ဝတ်ဆင်ထားသူ ဖြစ်နေသောကြောင့်ပင်။ ပေခွမ်းနှင့် ဝမ်းချီတို့ အာခေါင်များ ခြောက်ကပ်သွားသလို ခံစားလိုက်ရသည်။

ဝတ်စုံညိုနှင့်လူသည် တဒင်္ဂအချိန်အတွင်းမှာပင် သူတို့၏ တိုက်ခိုက်မှုကို ဟန့်တားလိုက်ရုံမျှမက သိုင်းတစ်ကွက်တည်းနှင့်ပင် သူတို့နှစ်ဦးစလုံးအား နောက်ဆုတ်စေခဲ့လေသည်။

အညိုရောင်ဝတ်ဆင်ထားသူ၏ သိုင်းပညာမှာ ကြောက်စရာကောင်းအောင် ထက်မြက်နေမှန်း သဘောပေါက်သွားကြလေသည်။ ပေခွမ်း သက်ပြင်းတစ်ချက် ကြိတ်၍ ချရင်း ...

"ဒီလူရဲ့ သိုင်းပညာ အတော်ကြောက်စရာကောင်းလှချည်လား၊ ပန်သိုင်းကျောင်းမှာ ဒီလိုသိုင်းဆရာမျိုး ရှိနေမယ်လို့ ထင်ကို မထင်မိဘူး"

စိတ်ထဲ ရေရွတ်လိုက်၏။ ဝမ်းချီကလည်း ...



"ဒီလူလုပ်ရှားပုံဟာ ပန်ဟောင်းထက် မနိမ့်ကျဘူး၊ ပန်ဟောင်းမှာ ဒီလိုသိုင်းပညာရှင်မျိုး ရှိနေတယ်ဆိုတာ မသိခဲ့တာ ငါတို့ အမှားပဲ၊ နောက်ကို ဆင်ခြင်မှ ဖြစ်တော့မယ်"

ဟု မှတ်ချက်ချလိုက်၏။ တစ်ဆက်တည်းပင် အညိုရောင် ဝတ်ဆင်ထားသူအား ကြည့်လိုက်မိသည်။

အညိုရောင်ဝတ်ဆင်ထားသူသည် ဘာမှမသက်ဆိုင်သလို ဟန်မူရာမျိုးဖြင့် ရှိနေ၏။ သို့သော် သူ၏ စူးရှသောမျက်လုံးအစုံကမူ ပေခွမ်းတို့အား စိုက်ကြည့်နေသည်။

သူ၏အကြည့်မှာ အလွန်တစ်ရာ စူးရှလှ၍ ပေခွမ်းတို့ ကြာကြာမကြည့်ရဲပါ။ ကပျာကယာပင် မျက်နှာလွှဲထား လိုက်ရ၏။

ထိုစဉ် ...

"ခင်ဗျားတို့ မသွားကြသေးဘဲကိုး"

ကြည်လင်စူးရှသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ပေခွမ်းနှင့် ဝမ်းချီတို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ ပန်ဟောင်းရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ပန်ဟောင်း၏ မျက်နှာမှာ သုန်မှုန်ခက်ထန်နေသည်။ သူက မကျေနပ်သလို အကြည့်မျိုးဖြင့် ကြည့်နေ၏။ ပေခွမ်းနှင့်ဝမ်းချီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပာကယာပင် ...

"ကျုပ်တို့ အခုပဲ သွားကြမှာပါ"

ဟု ပြိုင်တူပြောလိုက်၏။ ထို့နောက် မပြေးရုံတမယ် သုတ်ခြေတင်ကာ ထွက်ခွာသွားကြလေတော့သည်။

✵



ဝမ်းချီနှင့်ပေခွမ်းတို့ ထွက်ခွာသွားကြပြီဖြစ်သည်။ ပန်ဟောင်းက ယွန်ချောင်းနှင့်ရန်လောင်တို့အား စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

သူ၏ စူးရဲသော အကြည့်ဒဏ်ကြောင့် ယွန်ချောင်းနှင့် ရန်လောင်တို့ မနေတတ်မထိုင်တတ်ဖြစ်သွားရ၏။ ပန်ဟောင်းက ...

"ယွန်ချောင်းနဲ့ရန်လောင်"

ဟု ခေါ်လိုက်သည်။ ယွန်ချောင်းနှင့်ရန်လောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ကပ္ပာကယာ ဦးညွှတ်ကာ ...

"အမိန့်ရှိပါ ဆရာ"

ဟု သံပြိုင်ပြောလိုက်၏။ ပန်ဟောင်းက ...

"ကိုယ့်ပညာကိုယ် သိပ်လည်း အထင်မကြီးနဲ့၊ ဘဝင်မြင့်တာ ငါမကြိုက်ဘူး"

ဟု ပြောလာသည်။ ယွန်ချောင်းနှင့်ရန်လောင်က ...

"ဟုတ် ... ဟုတ်ကဲ့ပါ"

ပန်ဟောင်းက ...

"အတတ်နိုင်ဆုံး ပြဿနာကို ရှောင်ပါ၊ ရှောင်လို့မရရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း ပြီးပြတ်အောင် ကိုယ့်ဘာသာကိုယ် ဖြေရှင်းလာခဲ့၊ ကြားထဲက ငါဝင်ရှင်းရပြီ၊ အလုပ်ရှုပ်မခံနိုင်ဘူး ... ကြားလား"

ခပ်ပြတ်ပြတ်ပြောကာ မေးလိုက်၏။ ယွန်ချောင်းနှင့်ရန်လောင် ကပျာကယာ ခေါင်းညိတ်လိုက်ကြသည်။

"ကြား ... ကြားပါတယ် ဆရာ"

ပန်လောင်းက လက်ဝှေ့ယမ်းကာ ...

"သွားကြတော့"

ဟု ပြောလိုက်သည်။ ယွန်ချောင်းနှင့်ရန်လောင်တို့ ဦးညွှတ်အရိုအသေပေးလိုက်ကြ၏။ ထို့နောက် ခပ်ကုပ်ကုပ်ကလေးဖြင့် ထွက်ခွာသွားလေတော့သည်။

*



ပန်ဟောင်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။ အညိုရောင် ဝတ်ဆင်ထားသူအား စိုက်ကြည့်ကာ ...

"ကျုပ်က ဘာမဟုတ်တဲ့ ပြဿနာလေးတွေကို ခေါင်းရှုပ်ခံပြီး မရှင်းချင်ဘူးလေ"

ဟု ပြောလိုက်သည်။ အညိုရောင်ဝတ်ဆင်ဆထားသူ သက်ပြင်းချလိုက်၏။

"ကျုပ်မှားသွားပါတယ် အစ်ကိုကြီး၊ တကယ်တော့ ကျွန်တော်ပညာ မပြလိုက်သင့်ဘူး၊ ဒါဟာ သာမန်ကိစ္စပဲဆိုတာ မေ့သွားတယ်၊ ဒီအတွက် ခွင့်လွှတ်ပေးပါ"

ပန်ဟောင်းက ပင့်သက်ရှိုက်ရင်း ...

"ထားလိုက်ပါတော့လေ၊ ကျုပ်က ညီလေးဖေးဟိုရဲ့ပညာကို လေးစားပါတယ်၊ အရေးအကြောင်းမရှိဘဲ ထုတ်ဖော်အသုံးမပြုဖို့ဘဲ တိုက်တွန်းချင်ပါတယ်"

ဟု ပြောလိုက်သည်။ အညိုရောင်ဝတ်ဆင်ထားသူကား ဖေးဟိုပင် ဖြစ်ပေတော့သည်။ ဖေးဟို ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ... နောက်ကို ဆင်ခြင်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်ပောင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက် နောက်ပစ်ကာ လှမ်းထွက်သွားတော့သည်။

"အင်း"

သူ၏နောက်ကျောအား ငေးကြည့်ရင်း ဖေးဟို သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ထို့နောက် သူ၏လက်ဝါးနှစ်ဖက်အား ငုံ့ကြည့်လိုက်သည်။

"အဆိုးအကောင်းဟာ ငါ့လက်နှစ်ဖက်ထဲမှာပဲ ရှိနေပါလား"

တီးတိုးရေရွတ်လိုက်သည်။ သူ၏လေသံမှာ ခြောက်ကပ်ကာ စိတ်ပျက်လက်ပျက်ရှိနေပေသည်။ ဖေးဟို အဘယ်ကြောင့် စိတ်ဓာတ်ကျနေပါသနည်း။

ဖေးဟိုကိုယ်တိုင်ပင် သိနိုင်မည် ဖြစ်ပါတော့သည်။ ဖေးဟို ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

ထို့နောက် တုံ့နှေးသောခြေလှမ်းအစုံဖြင့် သူ၏အခန်းဆီသို့ လျှောက်လှမ်းထွက်သွားလေတော့သည်။

* * *



## အပယ်ခံ

ယနေ့ ...။

ယနေ့သည် တံခွန်လုပွဲ ကျင်းပမည့်နေ့ဖြစ်သည်။

ထို့ကြောင့် ယွန်ဂေါင်ဒေါင်းမြို့တစ်ခုလုံး အုံးအုံးကြွက်ကြွက် လှုပ်ရှားနေကြတော့သည်။

မြို့သူမြို့သားများသည် ဝတ်ကောင်းစားလှဝတ်ဆင်ကာ ပျော်ရွှင်မြူးထူးစွာဖြင့် သွားလာလှုပ်ရှားနေကြသည်။ ရပ်နီးရပ်ဝေးမှ ဧည့်သည်များသည်လည်း ပျော်ရွှင်စွာဖြင့် တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြသည်။ တံခွန်လုပွဲအား အားပေးရန်အတွက် တစ်မြို့လုံး ဝမ်းသာပျော်မြူးနေကြ၏။

သို့သော် မပျော်နိုင်သူတစ်ဦးကား ရှိနေသည်။ ထိုလူကား ယောင်ဖေးဟုန်ပင် ဖြစ်လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်သည် တံခါးဝ ကျောက်လှေကားများပေါ်၌ ထိုင်နေ၏။

သူက လက်နှစ်ဖက်ဖြင့် မေးစေ့အားထောက်ကာ လမ်းသွားလမ်းလာများအား ငေးကြည့်နေ၏။

ပြိုင်ပွဲဝင်များမှာ သူရဲကောင်းများသဖွယ် မျက်နှာပွင့်လန်းစွာဖြင့် အစုလိုက် အစုလိုက် သွားနေကြသည်ကို တွေ့မြင်နေရသည်။

လမ်းသွားလမ်းလာများက တလေးတစားပင် ခေါ်ငေါ်နှုတ်ဆက်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။

"အင်း"

ယောင်ဖေးဟုန် သက်ပြင်းချလိုက်သည်။ ဦးခေါင်းကိုလည်း ဘယ်ပြန်ညာပြန် ခါယမ်းနေမိသည်။

သူ့အတွက် အရာအားလုံးသည် အဓိပ္ပာယ်မရှိဟု ခံစားနေရသည်။

သူက ပြိုင်ပွဲဝင်ရန် မဆိုထားနှင့် ... ပြိုင်ပွဲဝင်အဖွဲ့နှင့်အတူ လိုက်ပါအားပေးခွင့်ကိုပင် ဖခင်ဖြစ်သူက ပိတ်ပင်ထားသည်။



သို့ပါလျှင် အနှောင့်အယှက်ဖြစ်ကာ ပြဿနာပေါ်မည်စိုး၍ဟု အကြောင်းပြခဲ့သည်။

ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် ညှိုးနေရာတွင် ထိုင်နေခြင်းဖြစ်ပေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်၌ အပြာရောင်ဝတ်ဆင်ထားသူများ စီတန်းရပ်နေကြသည်။ သူတို့အား လူရွယ်တစ်ယောက်က ဦးဆောင်ထားသည်။ အပြာရောင်ဝတ်ဆင်ထားသူများသည် လုသိုင်းကျောင်းကိုယ်စားပြု ယှဉ်ပြိုင်မည့်အဖွဲ့ပင် ဖြစ်သည်။

ဦးဆောင်လူရွယ်ကား သင်တန်းသားများထဲ၌ သိုင်းပညာအထက်မြက်ဆုံးဖြစ်သော ချောင်အန်းဖြစ်သည်။ ချောင်အန်းသည် လုသိုင်းကျောင်း၏ တပည့်ကြီးလည်း ဖြစ်ပေသည်။

သိုင်းပညာ ထက်မြက်ရုံမျှမက ဉာဏ်ပညာ ထက်မြက်သည့်အပြင် စာပေပညာလည်း နှံ့စပ်ကာ ဗဟုသုတကြွယ်ဝသည်။ ချောင်အန်းသည် ဘက်စုံတော်သော ထူးချွန်သူတစ်ဦးဖြစ်လေသည်။

ချောင်အန်းအား သင်တန်းသားများက ချစ်ခင်ရိုသေကြ၏။ ချောင်အန်းသည် ဦးဆောင်မှုပေးနိုင်သည့် ခေါင်းဆောင်ကောင်းတစ်ဦးပင် ဖြစ်သည်။

ယင်းအတွက်ကြောင့် ယောင်ကျင်းရင်သည် တပည့်ဟူ၍မမြင်ဘဲ သားအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ကိုးစားလေသည်။ ယခု တံခွန်လုပွဲအား ချောင်အန်းဦးဆောင်ကာ လုသိုင်းကျောင်းအဖွဲ့



ပါဝင်မည်ဖြစ်သည်။

ချောင်အန်းသည် ယောင်ကျင်းရင်အား ဂါရဝပြုလိုက်လေသည်။ ယောင်ကျင်းရင်သည် ကိုယ်လက်ကိုက်ခဲ့နေ၍ လိုက်လံကြည့်ရှုခြင်းအား ငြင်းဆိုထားခဲ့သည်။

ယခုအဖွဲ့ဝင်များက ဂါရဝပြုလာသောအခါ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်သည်။ ချောင်အန်းတို့သည် အရိုအသေပြုပြီးနောက် ထွက်ခွာလာခဲ့ကြလေတော့သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများ တဖျပ်ဖျပ် ထွက်ပေါ်လာသည်။

ယောင်ဖေးဟုန် လှည့်ကြည့်လိုက်သည်။ ထိုအခါ လုသင်တန်းသားများသည် ပြိုင်ပွဲဝင်ရန်အတွက် တက်ကြွစွာဖြင့် လျှောက်လှမ်းထွက်လာသည် ကိုတွေ့ရ၏။

သူတို့၏အသွင်ဟန်ပန်သည် တိုက်ပွဲဝင်ကြမည့် သူရဲကောင်းများသဖွယ် ရှိနေ၏။ ယောင်ဖေးဟုန်မှာ ကြည့်ရင်း အလိုလို စိတ်ဓာတ် တက်ကြွလာမိသည်။

သူက ကမန်းကတန်း ထရပ်လိုက်သည်။ အားလုံးပင် သူ့အား နှုတ်ဆက်ကာ ထွက်သွားကြ၏။ နောက်ဆုံး၌ ချောင်အန်း လှမ်းထွက်လာသည်။

ထွက်ခွာသွားသော သင်တန်းသားများအား ငေးကြည့်နေသော ယောင်ဖေးဟုန်အား တွေ့ရလျှင် မျက်မှောင်ကုတ်သွားလေသည်။ သူက ယောင်ဖေးဟုန်ထံ ခပ်သွက်သွက်လှမ်းသွားရင်း ...

"ညီလေး"

ဟု ခေါ်လိုက်သည်။ ယောင်ဖေးဟုန် လှည့်ကြည့်လာသည်။ ချောင်အန်းအားတွေ့လျှင် ...



"အစ်ကိုကြီး"

ဟုလည်း ခေါ်လိုက်မိသည်။ ချောင်အန်းက ...

"ညီလေး ဘာလုပ်နေတာလဲ"

ဟု မေးလိုက်သည်။ သူ၏အမေးစကားကြောင့် ယောင်ဖေးဟုန်၏ မျက်နှာညှိုးကျသွားလေသည်။ သူက သက်ပြင်းတစ်ချက်ချကာ ...

"ကျွန်တော် သူတို့ကို အားကျနေလို့ပါ"

ဟု ပြောလိုက်သည်။ ချောင်အန်းက ...

"အားကျရင် ကြိုးစားပေါ့ ညီလေးရာ"

ယောင်ဖေးဟုန်က ...

"ကျွန်တော့်ကို ဘယ်သူကများ ကြိုးစားခွင့်ပေးကြလို့လဲ၊ ကျွန်တော်ဟာ အားလုံးရဲ့ အပယ်ခံဖြစ်နေတာပါဗျာ"

စိတ်ပျက်လက်ပျက်ဖြင့် ပြောလာသည်။ သူ၏စကားကြောင့် ချောင်အန်း စိတ်မကောင်းဖြစ်သွားမိသည်။ ယောင်ဖေးဟုန်အား သူက တကယ့်ညီရင်းတစ်ယောက်လို သဘောထားကာ သံယောဇဉ်တွယ်မိသည် မဟုတ်ပါလား။ သူက ယောင်ဖေးဟုန်၏ ပခုံးအား ပုတ်ကာ ...

"ညီလေးက စိတ်မကောင်းဖြစ်နေတာပါ၊ တကယ်တမ်း အားလုံးက ညီလေးကိုချစ်ခင်ကြပါတယ်၊ ညီလေး ဒုက္ခရောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ နေနိုင်မှာမဟုတ်ပါဘူး၊ ညီလေးမှာ မိတ်ဆွေသူငယ်ချင်း နဲ့ ချစ်ခင်သူတွေ အများကြီးရှိနေပါတယ်၊ အပယ်ခံမဟုတ်ပါဘူး။ တလွဲတွေ လျှောက်မတွေးပါနဲ့ကွာ"

ဟု နှစ်သိမ့်ဖျောင်းဖျလိုက်သည်။ ယောင်ဖေးဟုန်က ...

"ဒါပေမဲ့ ကျွန်တော် အားငယ်မိတယ်ဗျ"

ချောင်အန်း မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ ညီလေးရ ... အစ်ကိုကြီးကို ပြောပြစမ်းပါဦး"

ဟု မေးလိုက်သည်။ ယောင်ဖေးဟုန် မချိပြုံးပြုံးကာ ...

"ကျွန်တော် သိုင်းပညာမတတ်လို့ လူအတော်များများက အထင်သေးကြတယ်၊ လူရာမသွင်းချင်ကြသလိုပဲ"

ဟု ပြောလိုက်သည်။ ချောင်အန်း တစ်ချက်ရယ်လိုက်ပြီး

"ငါ့ညီကို အထင်သေးတဲ့အထဲမှာ အစ်ကိုကြီးတော့ပါမယ် မထင်ပါဘူး"

ယောင်ဖေးဟုန်က ...

"ဟုတ်တယ် ... အစ်ကိုကြီးမပါဘူး၊ ဒါကြောင့်လည်း ကျွန်တော်က ရင်ဖွင့်မိတာပါ၊ ကျွန်တော့်မှာ ယှဉ်ပြိုင်ခွင့် မပြောနဲ့ ... ကိုယ့်အဖွဲ့နဲ့ကိုယ် လိုက်ပြီး အားပေးခွင့်တောင် မရှိဘူးဗျ"

ချောင်အန်းက ...



"ပြိုင်ပွဲဝင်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် လက်ဦးမှု ရယူရတာ အန္တရာယ်များပါတယ်ကွာ"

"ကျွန်တော်က လိုက်ကြည့်ချင်တာ၊ ကျွန်တော့်အဖွဲ့သားတွေနဲ့အတူ တက်တက်ကြွကြွ လှုပ်ရှားချင်နေတာ"

ချောင်အန်း သက်ပြင်းချလိုက်၏။

"အခုတော့ မဖြစ်သေးပါဘူး ညီလေးရယ်၊ ညီလေး သေသေချာချာ ကြိုးစားရင် နောက်တစ်ကြိမ်ပြိုင်ပွဲမှာ ညီလေး ပါဝင်ခွင့်ရမှာပါ"

ယောင်ဖေးဟုန်က ...

"ကျွန်တော် အစ်ကိုကြီးတို့နဲ့ လိုက်ခဲ့ချင်တယ်"

ဟု ပြောလာသည်။ သူ၏စကားကြောင့် ချောင်အန်း မျက်လုံးပြူးသွားရ၏။ ယောင်ဖေးဟုန်အားကြည့်ကာ ...

"ဟာ ... မဖြစ်ဘူးငါ့ညီရဲ့"

ဟုလည်း ပြောလိုက်ရသည်။ ယောင်ဖေးဟုန်က ...

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ဟု မေးလိုက်သည်။ ချောင်အန်းက ...

"အစ်ကိုကြီးပြောပြီးပြီပဲ ... အရမ်းအန္တရာယ်များတာ"

ဟု ပြောလိုက်သည်။ ယောင်ဖေးဟုန်က ...

"ကျွန်တော်က အန္တရာယ်ကြည့်ရှောင်မယ်ဆိုရင်ရှော[illegible]ား

www.burmeseclassic.com

လွတ်ရာမှာ နေမယ်လေ”

ဟု ပြောလိုက်သည်။ ချောင်အန်း တွေဝေသွားသည်။ ပြီးမှ ခေါင်းခါယမ်းလိုက်ပြီး ...

“မဖြစ်ပါဘူးကွာ”

ခပ်ညည်းညည်းလေး ပြောလိုက်သည်။ ယောင်ဖေးဟုန် မျက်မှောင်ကုတ်သွားသည်။ ချောင်အန်းအားကြည့်ကာ ...

“ဘာဖြစ်လို့လဲ အစ်ကိုကြီး”

ဟု မေးလိုက်သည်။ ချောင်အန်း လေပူတစ်ချက် မှုတ်ထုတ်ကာ ...

“ဆရာကြီးယောင်သိသွားရင် မလွယ်ဘူး၊ အပြစ်ပေးခံရလိမ့်မယ်၊ ဆရာကြီးယောင်က ပြိုင်ပွဲနဲ့ငါညီ မပတ်သက်ရဘူးလို့ ပြင်းပြင်းထန်ထန် တားမြစ်ထားတယ် မဟုတ်လား၊ စိတ်လျှော့လိုက်ပါ ညီလေးရာ”

ဟု ပြောလိုက်သည်။ ယောင်ဖေးဟုန်က ...

“ကျွန်တော်က မသိအောင် တိတ်တဆိတ် လိုက်ခဲ့မှာပေါ့၊ ပြီးတော့ ပြဿနာမရှာဘူး၊ အစ်ကိုကြီးစကား လိုက်နာမယ်လေ”

ဟု စောဒက တက်လိုက်သည်။ ချောင်အန်း တွေဝေသွားသည်။ ယောင်ဖေးဟုန်က ဆက်ပြောလိုက်သည်။

“ကူညီပါ အစ်ကိုကြီးရာ ... ကျွန်တော် လိုက်ပါခွင့်ရရင်ပဲ



ကျေနပ်ပါပြီ၊ ယှဉ်ပြိုင်ပွဲမှာ ဘေးလွတ်ရာရှောင်နေပါ့မယ်”

ချောင်အန်းက တက်ကြွစွာ ပြောနေသော ယောင်ဖေးဟုန်အား တစ်ချက်ကြည့်လိုက်သည်။ သူက မည်သို့ ဆုံးဖြတ်ရမှန်းမသိဖြစ်နေမိ၏။

ချောင်အန်းက အတော်ကလေးကြာအောင်ပင် စကားမဆိုနိုင်သည်ကို တွေ့ရသောအခါ မိမိအား မခေါ်ချင်၍ နှုတ်ဆိတ်နေသည်ဟု ထင်မှတ်သွားမိလေသည်။

သူ၏မျက်နှာပေါ်ဝယ် စိတ်ဓာတ်ကျဆင်းသည့် အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

သူက ခေါင်းတစ်ချက်ယမ်းကာ ...

“အစ်ကိုကြီးတောင် ကျွန်တော့်ဆန္ဒကို လျစ်လျူရှုတဲ့နောက် ဘယသူကများ ကျွန်တော့်အပေါ် နားလည်တော့မှာလဲ”

ညည်းတွားရေရွတ်လိုက်သည်။ သူက ချောင်အန်းအား ကြည့်ကာ ...

“အစ်ကိုကြီးသွားရင်လည်း သွားပါတော့၊ တော်ကြာနောက်ကျနေဦးမယ်၊ ကျွန်တော်တော့ စိတ်ညစ်လို့ လျှောက်သွားလိုက်ဦးမယ်”

ပြောပြောဆိုဆို ခေါင်းငိုက်စိုက်ချကာ လှမ်းထွက်သွားလေသည်။ သူ၏စကား၊ ဟန်မူရာတို့ကြောင့် ချောင်အန်း လှုပ်လှုပ်ရှား

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရှုး ဖြစ်သွားသည်။ စိတ်လည်း မကောင်းဖြစ်သွားမိသည်။ ပြိုင်ပွဲသို့ ခေါ်ဆောင်ပြီး မပါဝင်နိုင်းလျှင် အပန်းကြီးမည်မဟုတ်ဟု ဆင်ခြင်လိုက်မိသည်။

"အင်း သူ့ကို မပါနိုင်းရင်တော့ ပြဿနာဖြစ်လာစရာ အကြောင်းမရှိပါဘူး"

ဟူ၍လည်း တွေးလိုက်သည်။ သူက ယောင်ဖေးဟုန်အား ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ ထိုစဉ် ယောင်ဖေးဟုန်မှာ ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ချောင်အန်း မနေနိုင်တော့ပါ။

"ညီလေး ခဏနေဦး"

ကပျာကယာ ဟန့်တားရင်း ယောင်ဖေးဟုန်ထံ ခပ်သွက်သွက် လှမ်းသွားလေတော့သည်။

* * *



## နည်းလမ်း

ယောင်ဖေးဟုန်သည် ခေါင်းငုံ့လျှောက်နေသည်။ အတော်လှမ်းလှမ်းသို့ ရောက်လျှင် ...

"ညီလေး ခဏနေဦး"

အနောက်ဘက်မှ ဟန့်တားသံနှင့်အတူ ချောင်အန်း ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။ ယောင်ဖေးဟုန် ခြေလှမ်းရပ်လိုက်သည်။ အနီးသို့ရောက်လာသော ချောင်အန်းအား ကြည့်လိုက်လေသည်။ ချောင်အန်းက ...

"ညီလေး ... ငါပြောတဲ့အတိုင်း လိုက်နာမယ်ဆိုရင် မင်းကို ငါခေါ်သွားမယ်"

ဟု ပြောလိုက်သည်။ ထိုစကားကြားလျှင် ယောင်ဖေးဟုန် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ချောင်အန်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ ...

"အစ် ... အစ်ကိုကြီး တကယ်ပြောတာလား"

မယုံကြည်နိုင်ဟန်ဖြင့် မေးလိုက်သည်။ ချောင်အန်း ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်၏။

"တကယ်ပေါ့ကွ"

ယောင်ဖေးဟုန်၏မျက်နှာတစ်ခုလုံး ရွှင်လန်းသွားလေသည်။

"ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ"

ချောင်အန်းက ...

"ဒါပေမဲ့ အစ်ကိုကြီးစကားတော့ နားထောင်ဖို့ လိုလိမ့်မယ်"

ဟု ပြောလာသည်။ ယောင်ဖေးဟုန်မှာ လိုက်ခွင့်ရပြီး ဖြစ်ရာ ပျော်ရွှင်နေလေသည်။ ထို့ကြောင့် စဉ်းစားခြင်းပင်မပြုတော့ဘဲ ခေါင်းညိတ်လိုက်၏။

"စိတ်ချပါဗျာ"

ချောင်အန်းက ...

"ဒါဖြင့် အစ်ကိုကြီးပြောတာ သေချာနားထောင်"

သူက ယောင်ဖေးဟုန်အား တီးတိုးပြောလိုက်သည်။ ယောင်ဖေးဟုန်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ချောင်အန်း၏ စကားဆုံးသွားလျှင် ...

"စိတ်ချ အစ်ကိုကြီး"

ပြောကာ ချာခနဲလှည့်၍ ပြေးထွက်သွားသည်။ ချောင်အန်း



က တက်တက်ကြွကြွ ဖြစ်သွားသော ယောင်ဖေးဟုန်အားကြည့်ကာ ပြုံးလိုက်မိသည်။

သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ယောင်ဖေးဟုန် နောက်ကျောအား တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာလာခဲ့တော့သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဂေါင်ဒေါင်းမြို့ မြောက်ဘက်၌ အလွန်ကျယ်ဝန်းသော မြေကွက်လပ်ကြီးတစ်ခုရှိသည်။ တံခွန်လုပွဲကျင်းပရာ မြေကွက်လပ်ကျယ်ကြီး ဖြစ်သည်။

မြေကွက်လပ်အနီး၌ စင်မြင့်တစ်ခု ဆောက်လုပ်ထား၏။ စင်မြင့်ပေါ်ဝယ် တံခွန်တိုင်းများအား မီးရှူးမီးပန်းများနှင့်တွဲကာ ချည်နှောင်ထားပြီး လွှတ်တင်ရန် အဆင်သင့် ပြင်ဆင်ထားလေသည်။

မြေကွက်လပ်ထဲဝင်ရန် ဝင်ပေါက်တစ်ခုရှိပြီး ပြိုင်ပွဲဝင် အဖွဲ့များ၏ အမှတ်အသားအလံများ လွှင့်ထူထားပေသည်။ ယနေ့ပြိုင်ပွဲဝင် အဖွဲ့မှာ ငါးဖွဲ့တိတိဖြစ်သည်။

ယင်းအဖွဲ့များမှာ မိုးပြာအဖွဲ့၊ ရွှေကျားအဖွဲ့၊ ငွေကြယ်အဖွဲ့၊ ပန်သိုင်းအဖွဲ့နှင့် လုသိုင်းအဖွဲ့တို့ပင် ဖြစ်လေသည်။

အဖွဲ့များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ မြေကွက်လပ်အတွင်းသို့ ဝင်ရောက်လာပြီ ဖြစ်တော့သည်။

✷



"လုအဖွဲ့ကွ"

"ကြိုးစားထား"

"အနိုင်ယူဖိုလ်စွဲမယ့် လုအဖွဲ့ကွ"

လမ်းတစ်လျှောက် လုအဖွဲ့အား အားပေးသူများ၏အသံတစ်ခဲနက် ထွက်ပေါ်လာ၏။ လုအဖွဲ့သည် လမ်းအတိုင်း လျှောက်လှမ်းထွက်လာကြ၏။ ချောင်အန်းက လျှောက်နေရင်းမှ ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ကြည့်နေ၏။

ထိုအခါ မလှမ်းမကမ်းတစ်နေရာ၌ ရပ်စောင့်နေသော ယောင်ဖေးဟုန်အား တွေ့လိုက်ရသည်။ ချောင်အန်းက မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

ယောင်ဖေးဟုန်က ပြန်လည်ပြုံးပြရင်း လူအုပ်နောက်ကွယ်မှ ကွေ့ပိုက်တိုးထွက်သွားသည်။ ထိုအချိန် လုအဖွဲ့မှာ မြေကွက်လပ်အတွင်း ဝင်ရောက်သွားပြီဖြစ်သည်။

ဝေ့ပိုက်ထွက်လာသော ယောင်ဖေးဟုန်သည် လုအဖွဲ့ဆင်တူအဝတ်အစားများ ဝတ်ဆင်ထားပေသည်။ သူက နောက်ဆုံးမှ မယောင်မလည်ဖြင့် လုအဖွဲ့နှင့် အတူပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ် ပတ်ပတ်လည်၌ အဖွဲ့အသီးသီးအား အားပေးနေကြသော ပရိသတ်များ ရှိနေပါသည်။ ချောင်အနီးက သတ်မှတ်နေရာ၌ လုအဖွဲ့အား ဦးဆောင်ကာ ရပ်တန့်လိုက်သည်။

တစ်ဆက်တည်းပင် သူက နောက်သို့ အသာငဲ့စောင်းကြည့်လိုက်၏။ ထိုအခါ အဖွဲ့နောက်ဆုံး၌ လက်မထောင်ပြနေသော ယောင်ဖေးဟုန်အား တွေ့လိုက်ရသည်။ ချောင်အနီး အသာပြုံးရင်း ပြန်လှည့်လိုက်သည်။ ထိုစဉ် ...

'ဖောင်း ဖောင်း'

ဗျောက်အိုးဖောက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပြိုင်ပွဲအချက်ပေးသံဖြစ်ကြောင်း အားလုံးပင် သဘောပေါက်လိုက်ကြသည်။

မကြာမီ မြို့စားကြီးသည် ကိုယ်ရံတော်တစ်ယောက်နှင့် အတူ စင်မြင့်ပေါ် လှမ်းတက်လာ၏။ မြို့စားကြီးက ...

"အားလုံးပဲ ပြိုင်ပွဲစတင်မှာဖြစ်တော့တဲ့အတွက် မဆိုင်တဲ့လူတွေ ဘေးလွတ်ရာကို ထွက်သွားပေးပါ"

ကျယ်လောင်စွာ အော်ပြောလိုက်၏။ ထိုအခါ ပရိသတ်များသည် ဘေးလွတ်ရာသို့ ရှောင်ထွက်သွားကြလေသည်။ မကြာမီ မြေကွက်လပ်ထဲ၌ အဖွဲ့ငါးဖွဲ့သာ ကျန်ရှိနေခဲ့တော့သည်။

မြို့စားကြီးသည် ပြိုင်ပွဲဝင်မည့်အဖွဲ့များအား တစ်ချက် ဝေ့



ကြည့်လိုက်ပြီး ...

"ပါဝင်ယှဉ်ပြိုင်တဲ့အဖွဲ့ဝင်တိုင်း ပြိုင်ပွဲစည်းကမ်းကို သေချာစွာ လိုက်နာရပါမယ်"

ကျယ်လောင်သောအသံက မြေကွက်လပ်ထဲ ပျံ့နှံ့သွားလေသည်။ အဖွဲ့ဝင်များ နားစွင့်နေကြ၏။ မြို့စားကြီးက ဆက်လက်ပြောကြားလာသည်။

"အဖွဲ့ဝင်အချင်းချင်း ထိခိုက် အနာတရဖြစ်မယ့်ကိစ္စမျိုး အတတ်နိုင်ဆုံး ရှောင်ရမယ်၊ အသက်သေဆုံးအောင် လုံးဝမပြုလုပ်ရဘူး၊ လက်နက်နဲ့ တိုက်ခိုက်ခြင်း မပြုရဘူး၊ ဒါကို လိုက်နာနိုင်မှသာ ပြိုင်ပွဲဝင်ခွင့်ပြုမှာ ဖြစ်တယ်၊

နောက်တစ်ချက်ကတော့ တံခွန်တိုင်ရှိတဲ့အဖွဲ့က စာရင်းထိန်းထံ လာရောက်အပ်နှံရမယ်၊ စာရင်းထိန်းက မှတ်ချက်ပြုမှ တရားဝင်မှာဖြစ်တယ်၊ ကဲ ... ဒီလောက်ဆို အားလုံးသဘောပေါက် နားလည်ကြလိမ့်မယ် ထင်ပါတယ်"

ပြိုင်ပွဲဝင်တိုင်း ခေါင်းညိတ်ထောက်ခံလာ၏။ မြို့စားကြီး ကျေနပ်သွားသည်။ သူက လက်တစ်ချက် ဝှေ့ယမ်းကာ ...

"အားလုံးပဲ ပြိုင်ပွဲစတင်တော့မှာဖြစ်ပါတယ်"

သူ၏စကားကြောင့် ပြိုင်ပွဲဝင်များ အဆင်သင့် နေရာယူထားလိုက်ကြသည်။ ကိုယ်ရံတော်က မီးထွန်းညှိထားသော ဖယောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်အား ယူဆောင်လာပေးသည်။ မြို့စားကြီးက ဖယောင်းတိုင်အား လှမ်းယူ၍ မီးရှူးမီးပန်းများအား ရှို့ကာ လွှတ်တင်လိုက်လေတော့သည်။

✷ ✷ ✷



အတွေ့အကြုံ

'ရှီ'

'ဖောင်း ဖောင်း'

မီးရှူးမီးပန်းများသည် ကောင်းကင်ပေါ် ထိုးတက်ကာ ပေါက်ကွဲသွားသည်။ ရောင်စုံမီးပန်းများနှင့်အတူ တစ်ထွာသာသာ ခန့်ရှိပြီး ရွှေစက္ကူများ ရစ်ပတ်ထားသော တံခွန်တိုင်ငါးခုမှာ ဖြာထွက်သွားသည်။

ပြိုင်ပွဲဝင်များမှာ တံခွန်တိုက်ကျမည့်နေရာအား မှန်းဆကာ လှုပ်ရှားနေရာယူလိုက်ကြသည်။ မကြာမီ တံခွန်တိုင်များမှာ နေရာအနှံ့သို့ တစ်ခုပြီးတစ်ခု ပြုတ်ကျလာလေတော့သည်။

"ဟေး"

"လုထားကွ"

အဖွဲ့ဝင်များ၏ လှုပ်ရှားမှုနှင့်အတူ တစ်ခဲနက် အော်ဟစ်သံများ ထွက်ပေါ်လာလေတော့သည်။ ထို့ကြောင့် ပြန်လည်လုယူခြင်း မခံရအောင် အပြင်းအထန်ပင် ကာကွယ်နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားအဖွဲ့နှင့် ငွေကြယ်အဖွဲ့သည် တံခွန်တိုင်တစ်ခုအား သူ့ဘက်ကိုယ့်ဘက် လုယူနေကြသည်။ ချောင်အန်းသည် လုအဖွဲ့သားများအား ဦးဆောင်ကာ တံခွန်တိုင်တစ်ခုရအောင် ယူနိုင်ခဲ့သည်။

ထိုအချိန်တွင် ပန်အဖွဲ့ကလည်း တံခွန်တိုင်နှစ်ခု ရရှိနေပြီဖြစ်သည်။ ထိုစဉ် ငွေကြယ်အဖွဲ့မှ သိုင်းသမားသုံးယောက်က လျှပ်တစ်ပြက် လုယူကာ ထွက်ပြေးလာသည်။

ပြိုင်ပွဲ၌ ယောင်ချာချာ ဖြစ်နေသော ယောင်ဖေးဟုန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ အများသူငါနည်းတူ အပြိုင်အဆိုင် လုယူလိုစိတ်များလည်း ဖြစ်ပေါ်လာသည်။

နောက်ဆုံး စိတ်ကို မထိန်းချုပ်နိုင်တော့ပေ။ ရှေ့သို့ လှမ်းထွက်ကာ ခြေထိုးခံလိုက်လေသည်။ ငွေကြယ်အဖွဲ့သားသုံးယောက်မှာ မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

မြေပေါ် လဲပြိုကျသွားလေသည်။ တံခွန်တိုင်လည်း မြေပေါ် လွင့်စဉ်သွား၏။ ယောင်ဖေးဟုန် စဉ်းစားမနေပါ။ တံခွန်တိုင်အား ကောက်ယူကာ သူ၏အဖော်များထံ အားရဝမ်းသာစွာဖြင့် ပြေးသွား၏။



ချောင်အန်းမှာ ထိုအဖြစ်အပျက်ကို တွေ့မြင်သွားကာ မျက်နှာပျက်သွားသည်။

"ဖေးဟုန်တော့ ဒုက္ခပဲ"

စိတ်ထဲ ရေရွတ်လိုက်မိသည်။ တံခွန်တိုင်ရရှိထားသော ယောင်ဖေးဟုန်ထံ ယွန်ချောင်းတို့လူစု အုံသွားကြသည် မဟုတ်ပါလား။ ချောင်အန်းသည် ယောင်ဖေးဟုန့်ဒုက္ခရောက်မည်ကို တွက်ဆမိလိုက်သည်။

သူက ဟန့်တားသူများကို တိုက်ခိုက်နေရင်းမှ လုသင်တန်းသားအချို့အား ...

"ဟေ့ လူခွဲပြီး ဖေးဟုန်ကို သွားကူလိုက်ကြ"

ဟု အော်ပြောလိုက်သည်။ လုသင်တန်းသားသုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

"ဘယ်လို ... ဖေးဟုန်ကို သွားကူညီရမယ် ... ဟုတ်လား"

"ဖေးဟုန် ပါလာတယ် ... ဟုတ်လား"

"ဒုက္ခပဲ ... ပြဿနာတော့များပြီ"

တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြသည်။ ချောင်အန်းက ...

"မင်းတို့ စကားမရှည်ကြနဲ့၊ ဟိုမှာ ယွန်ချောင်းတို့လူစုက ဖေးဟုန်ကို ဒုက္ခပေးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လုသင်တန်းသားသုံးယောက်က ယွန်ချောင်းတို့အား လှမ်းကြည့်လိုက်၏။ ထိုအခါ ယွန်ချောင်းတို့လူစုက ယောင်ဖေးဟုန်အား ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရ၏။ သူတို့က မနေနိုင်တော့ပါ။

"ဟာ ... ဖေးဟုန် ဒုက္ခရောက်တော့မယ်"

"လာဟေ့ ... သွားကူကြရအောင်"

လုသင်တန်းသားသုံးယောက်က ချက်ချင်းပင် ခုန်ထွက်သွားကြသည်။ ယောင်ဖေးဟုန်က ဝိုင်းရံလာသော ယွန်ချောင်းတို့လူစုကြောင့် တံခွန်တိုင်အား တင်းတင်းကျပ်ကျပ်ပင် ဆုပ်ကိုင်ထား၏။ ယွန်ချောင်း မျက်မှောင်ကုတ်သွားသည်။ ယောင်ဖေးဟုန်အား အကဲခတ်ကြည့်ကာ ...

"မင်းက ဘယ်လိုကြောင့် ပါလာရတာလဲ"

ဟု မေးလာသည်။ ယောင်ဖေးဟုန်က ...

"ဘယ်လိုကြောင့်ပါပါ မင်းအပူမပါ,ပါဘူး"

ယွန်ချောင်း မဲ့ပြုံးပြုံးလိုက်သည်။ သူက ယောင်ဖေးဟုန်အား အထင်သေးဟန်ဖြင့် ကြည့်ကာ ...

"မင်းလို သုံးစားမရတဲ့ကောင်က ဒီလိုပွဲမျိုး ဝင်ပြိုင်တာ အံ့သြစရာအကောင်းသားပဲ"

ဟုပြောလာသည်။ ယောင်ဖေးဟုန် ခံပြင်းသွားသည်။ သူက လက်ထဲမှ တံခွန်တိုင်အား မြှောက်ပြရင်း ...



"ငါက သုံးစားလို့ ရမရဆိုတာ ဟောဒါက သက်သေခံနေတာပဲ မဟုတ်လား"

ဟု ပြောလိုက်သည်။ ယွန်ချောင်း မဲ့လိုက်၏။

"မင်း ဘယ်လောက် ထိန်းသိမ်းထားနိုင်မှာမို့လဲ၊ မင်းလို လူစားမျိုး လက်ထဲက လုယူဖို့ဆိုတာ ငှက်ပျောသီးအခွံနွှာစားရတာထက်တောင် လွယ်ပါသေးတယ်"

ယောင်ဖေးဟုန် ဒေါသထွက်သွားသည်။

"လာလုကြည့်ပါလား ... ငါ့လက်သီး တွေ့သွားမယ်"

ယွန်ချောင်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းက အတော်ဘဝင်မြင့်ပါလား၊ မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲ ... ကြည့်ရသေးတာပေါ့"

ပြောရင်း သူ၏လူများအား လက်ဖဝါးယမ်းပြကာ ...

"ဒီကောင့်ကို ပညာပေးလိုက်ကြစမ်းဟေ့"

ဟု အမိန့်ပေးလိုက်သည်။ ပန်သင်တန်းသားလေးယောက်က ယောင်ဖေးဟုန်အနီး ချဉ်းကပ်သွားကြသည်။ ယောင်ဖေးဟုန်က ခြေမြန်လက်မြန်ပင် ကန်ကျောက်ထိုးကြိတ်လိုက်သည်။

'ခွပ်'

"အား"

"အွန့်"

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောအဖြစ်ကြောင့် သင်တန်းသားနှစ်ယောက် ခံလိုက်ရသည်။ မြေပေါ် ခွေခနဲ လဲကျသွားသည်။ ယွန်ချောင်း ဒေါပွသွားသည်။

"တောက် … မင်းကများ ငါ့လူကို တိုက်ခိုက်သေးတယ်၊ တွေ့ကြသေးတာပေါ့"

ပြောရင်း ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။ ယောင်ဖေးဟုန် ခြေကားရား လက်ကားရားဖြင့် ပြန်လည်ခုခံလိုက်သော်လည်း …

'ဝုန်း'

"အား"

ဖင်ထိုင်ကျသွား၏။ ထိုအခါ လဲကျသွားသော ပန်သင်တန်းသားနှစ်ဦးက ထရပ်လာပြီး ယောင်ဖေးဟုန်အား ကန်ကျောက်လိုက်ကြ၏။

'ဝုန်း'

ယောင်ဖေးဟုန် မြေပေါ်လိမ့်ထွက်သွားရ၏။ သို့သော် တံခွန်တိုင်အား လွတ်ထွက်မသွားအောင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲပင်။ ထိုစဉ် လုသင်တန်းသားသုံးယောက် ရောက်ရှိလာပြီး ပန်သင်တန်းသားများအား တိုက်ခိုက်လိုက်သည်။

'ဝုန်း'

"အား"



"အောင်မယ်လေး"

ပန်သင်တန်းသားသုံးယောက် လွင့်စဉ်သွား၏။ ယွန်ချောင်း မကျေမနပ် ဖြစ်သွားသည်။ ချက်ချင်းပင် တုံ့ပြန်ရင်ဆိုင်လိုက်သည်။

'ဝုန်း'

"အား"

လုသင်တန်းသားတစ်ဦး လက်သီးချက်မိကာ ခွေခနဲ လဲကျသွားသည်။ ကျန်နှစ်ယောက်က ယောင်ဖေးဟုန်အား ကာကွယ်ပေးလိုက်သည်။

ယွန်ချောင်း သက်ပြင်းချလိုက်သည်။ ယောင်ဖေးဟုန်အား ဆုံးမဖို့ထက် တံခွန်တိုင်အား လုယူဖို့ အရေးကြီးကြောင်း ဆင်ခြင်မိသည်။

လုသင်တန်းသားများ နောက်ထပ်ရောက်လာလျှင် လုယူရန် မလွယ်ပါချေ။ ထို့ကြောင့် ပန်သင်တန်းသားအချို့အား လက်ယပ်ခေါ်လိုက်၏။

ပန်သင်တန်းသားဆယ်ယောက်ခန့် ချက်ချင်းပင် ပြေးလာသည်။ လုသင်တန်းသားလေးယောက် ထပ်မံရောက်ရှိလာပြန်သည်။ လုသင်တန်းသားများကာ ယောင်ဖေးဟုန်အား ကာကွယ်ပေးရင်း တိုးဝင်လာသော ပန်သင်တန်းသားများအား ဆီးကြိုတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှန်း'

"အား"

"အောင်မယ်လေး"

ပန်သင်တန်းသားသုံးယောက် လဲကျသွားသည်။ ယွန်ချောင်း ခံပြင်းသွားသည်။ ချက်ချင်းပင် ပန်သင်တန်းသားများအား ဦးဆောင်ကာ တိုက်ခိုက်လိုက်သည်။

'ဝှန်း'

"အား"

"အောင်မယ်လေး"

လုသင်တန်းသားများ ဖရိုဖရဲ ဖြစ်သွားသည်။ ယွန်ချောင်းက ချက်ချင်းပင် ယောင်ဖေးဟုန်ထံ ခုန်ဝင်သွားသည်။ ယောင်ဖေးဟုန်က လက်သီးဖြင့် ထိုးချလိုက်၏။ ယွန်ချောင်းမဲ့လိုက်သည်။

"ဒီပုံစံနဲ့များ ငါ့ကို ဟန့်တားလို့ရမယ်ထင်လို့လား"

ပြောရင်း အသာအယာ ရှောင်တိမ်းလိုက်သည်။ တစ်ဆက်တည်းပင် ယောင်ဖေးဟုန်၏လက်အား ဖမ်းချုပ်လိုက်သည်။ ယောင်ဖေးဟုန် ရင်ထိတ်သွားသည်။

"လွှတ်စမ်း"

အော်ငေါက်ကာ ရုန်းကန်လိုက်၏။ သို့သော် ယွန်ချောင်း၏လက်မှ မလွှတ်နိုင်ဘဲ ဖြစ်နေ၏။ ယွန်ချောင်းက ပြုံးလိုက်သည်။



သူက အေးတိအေးစက်လေသံဖြင့် ...

"ငါ့လက်သီးမြည်းကြည့်စမ်း"

ပြောကာ ထိုးချလိုက်၏။ သူ၏လက်သီးသည် ယောင်ဖေးဟုန်၏ ဝမ်းဗိုက်ဆီ တန်းတန်းမတ်မတ်ပင် တိုးဝင်သွားသည်။

"အွန့်"

ယောင်ဖေးဟုန်ထံမှ မသည်းမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး ခါးညွတ်သွားသည်။ သို့သော် တံခွန်တိုင်ကိုကား လက်မလွှတ်ချေ။

ယွန်ချောင်းက တံခွန်တိုင်အား ဆွဲယူလိုက်သည်။ သို့သော် အလွယ်တကူ ဆွဲယူ၍မရပါချေ။ ယွန်ချောင်း ဒေါသထွက်သွားသည်။

"လွှတ်စမ်း"

အော်ငေါက်ကာ မြေပေါ်ခြေချိတ်လှဲချလိုက်သည်။ ယောင်ဖေးဟုန် မြေပေါ် လဲကျသွားသည်။ မြေကြီးနှင့်ကိုင်ရိုက်ခံရသလို ဖြစ်ကာ တစ်ကိုယ်လုံး နာကျင်သွားရသည်။

သို့တိုင် တံခွန်တိုင်အား မလွှတ်ပါချေ။ ယွန်ချောင်းမှာ စိတ်ရှိ လက်ရှိ ထိုးကြိတ်ကန်ကြောက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အရှုံး

ချောင်အန်းမှာ ဝိုင်းရံထားသူများအား ထိုးဖောက်တိုက်ခိုက်နေ၏။ သူ၏စိတ်က ယောင်ဖေးဟုန်ထံ ရောက်ရှိနေသည်။ သိုင်းမတတ်သော ယောင်ဖေးဟုန်အဖို့ ယွန်ချောင်းတို့လူစု၏ နှိပ်စက်ခြင်းကို ခံရမည်ဟု တွေးသိထားသည်။

ယောင်ဖေးဟုန် ပြိုင်ပွဲထဲ ပါရှိလာသည်ကို လုသင်တန်းသားများ သိရှိသွားကြပြီဖြစ်သည်။ သူတို့သည် ယောင်ဖေးဟုန်အား အကူအညီပေးရန်အတွက် စိတ်လောနေကြသည်။

ထို့ကြောင့် တံခွန်တိုင်အား ကာကွယ်ခြင်း၊ လုယူခြင်းတို့၌ စိတ်မပါဘဲ ဖြစ်လာကြသည်။ ဤတွင် အခြားအဖွဲ့များ၏ တိုက်ခိုက်မှုကို ခံလိုက်ကြရတော့သည်။

✳



'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ လုသင်တန်းသားအချို့ လဲကျသွားသည်။

ရွှေကျားအဖွဲ့သည် ကာကွယ်ရန် အင်အားနည်းသွားသော လုအဖွဲ့အား အုပ်စုလိုက် ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

မကြာမီ ယောင်ဖေးဟုန်ဘက် စိတ်ရောက်နေသော လုအဖွဲ့သားများထံမှ တံခွန်တိုင်နှစ်ခုအနက် တစ်ခုအား လုယူသွားနိုင်ခဲ့ကြလေသည်။

တံခွန်တိုင်ရရှိပြီးသည်နှင့် ရွှေကျားအဖွဲ့သားများ နောက်ဆုတ်သွားကြသည်။ ထို့ကြောင့် လုအဖွဲ့သားများ အသက်ရှူချောင်သွားရသည်။

အကြောင်းမှာ လုယူရန် ထပ်မံရောက်ရှိလာသော ငွေကြယ်အဖွဲ့သားများက ဦးတည်ချက်ပြောင်းသွားကာ ရွှေကျားအဖွဲ့နှင့်ရင်ဆိုင်လိုက်ကြခြင်းကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုအဖွဲ့သားများက တံခွန်တိုင်အား လုယူရန် စိတ်မဝင်စားကြပါ။ ယောင်ဖေးဟုန်ထံ ပြေးသွားကြသည်။ ရန်လောင်မှာ အခြေအနေကို တစ်ခဏချင်းပင် သဘောပေါက်သွား၏။ ထို့ကြောင့် ပြေးဝင်လာသော လုအဖွဲ့သားများအား ကြားဖြတ်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ မမျှော်လင့်ဘဲ ကြားဖြတ်တိုက်ခိုက်ခြင်းခံလိုက်ရ၍ လုအဖွဲ့သားများ ဖရိုဖရဲဖြစ်သွားရလေသည်။

ယောင်ဖေးဟုန်မှာ ယွန်ချောင်း၏ တိုက်ခိုက်မှုကြောင့် တစ်ကိုယ်လုံး အညိုအမည်းစွဲကာ ဖူးရောင်နေပြီးဖြစ်၏။

ထိုစဉ် ချောင်အန်းက လျှပ်တစ်ပြက် ဝင်ရောက်လာသည်။

ရောက်ရောက်ချင်းပင် ယွန်ချောင်းအား တိုက်ခိုက်လိုက်လေသည်။ မမျှော်လင့်ဘဲ တိုက်ခိုက်ခံလိုက်ရ၍ ယွန်ချောင်း ရင်ထိတ်သွားလေသည်။

ကပျာကယာ ဘေးသို့ခုန်ရှောင်လိုက်သည်။

သို့သော် သူက လွတ်အောင်မရှောင်တိမ်းနိုင်ဘဲ အနည်း



ငယ်မျှ နောက်ကျသွားလေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ချောင်အန်း၏ လက်သီးချက်သည် ယွန်ချောင်း၏ ဝဲဘက်ပခုံးအား တည့်တည့်မတ်မတ်ပင် ထိမှန်သွားလေတော့သည်။

ယွန်ချောင်း နောက်သို့ ယိုင်ထွက်သွားလေသည်။ ချောင်အန်းက ယောင်ဖေးဟုန်အားပွေ့ထူလိုက်သည်။ တစ်ကိုယ်လုံး ဖူးယောင်နေသော ယောင်ဖေးဟုန်အားတွေ့လျှင် ချောင်အန်း စိတ်မကောင်းဖြစ်သွားသည်။ သူက သက်ပြင်းတစ်ချက်ချကာ ...

"ညီလေးက အစ်ကိုကြီးစကားမှ နားမထောင်ဘဲကိုး၊ ဘေးလွတ်ရာမှာနေသင့်တယ်"

ဟု ပြောလိုက်သည်။ ယောင်ဖေးဟုန်က ...

"ကျွန်တော်တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေတယ်လေ၊ ပြီးတော့လည်း ကြည့်ရင်းနဲ့ ပါဝင်လှုပ်ရှားလာချင်တယ်၊ ဒါကြောင့် စိတ်မထိန်းနိုင်ဘဲ ဝင်လုမိတာပါ"

သူက တံခွန်တိုင်အား လှမ်းပေးကာ ဆက်ပြောလိုက်၏။

"ဟောသည်မှာ ကျွန်တော်လုထားတဲ့ တံခွန်တိုင်၊ အစ်ကိုကြီး ယူထားလိုက်၊ ယွန်ချောင်းက ကျွန်တော့်ဆီက အတင်းလိုက်လုနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချောင်အန်းက လှမ်းယူရန် ပြင်လိုက်၏။ ထိုစဉ်...

"ယား"

ဩသံပေးသံတစ်ချက် ထွက်ပေါ်လာသည်။ ယွန်ချောင်းသည် ခုန်ဝင်ကာ လက်သီးနှစ်လုံး ပစ်သွင်းလာသည်။ ချောင်အန်းက ရှောင်တိမ်းကာ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ရင်ဆိုင်နေစဉ်မှာပင် ရန်လောင် ထပ်မံရောက်ရှိလာသည်။ ယောင်ဖေးဟုန်လက်ထဲမှ တံခွန်တိုင်အား တွေ့ရလျှင် ရန်လောင်၏မျက်လုံးအစုံ ဝင်းလက်သွား၏။

ယောင်ဖေးဟုန်လက်ထဲမှ တံခွန်တိုင်သာ ရရှိပါက ယခုပြိုင်ပွဲ၌ သူတို့ ကျိန်းသေအနိုင်ရဗိုလ်စွဲသွားမည်သာ ဖြစ်သည်။ ယောင်ဖေးဟုန်သည် သိုင်းမတတ်ပါ။

ထို့အပြင် လုအဖွဲ့သားများသည် တံခွန်တိုင်ထက် ယောင်ဖေးဟုန်အား ပို၍ အရေးထားနေကြကြောင်းလည်း သူက ရိပ်စားမိသွားလေသည်။

ရန်လောင် ကျေနပ်စွာပြုံးလိုက်သည်။ ချက်ချင်းပင် ယောင်ဖေးဟုန်ထံ ချဉ်းကပ်သွား၏။ သူရောက်ရှိလာသည်ကိုမြင်လျှင် ယောင်ဖေးဟုန် ရင်ထိတ်သွားသည်။

တံခွန်တိုင်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။ ရန်လောင် ခေါင်းယမ်းကာ ...



"မင်း မထိန်းသိမ်းထားနိုင်ပါဘူးကွာ"

ပိုင်နိုင်စွာပြောလိုက်၏။ တစ်ဆက်တည်းပင် ဝဲဘက်လက်ဖြင့် ယောင်ဖေးဟုန်၏နံကြားအား ရိုက်ချကာ ယာဘက်လက်ဖြင့် တံခွန်တိုင်အား ဆတ်ခနဲ လုယူလိုက်၏။

"အွန့်"

ယောင်ဖေးဟုန် မသဲမကွဲ ညည်းညူရင်း ယိုင်ထွက်သွားသည်။ သူ၏ခန္ဓာကိုယ် နာကျင်သွားရသည့် ခဏလေးအတွင်းမှာပင် ရန်လောင်က တံခွန်တိုင်အား လုယူသွားနိုင်ခဲ့လေသည်။

"ဟင်"

ယောင်ဖေးဟုန် ထိတ်လန့်သွားသည်။ သူကြိုးစားလုယူထားသော တံခွန်တိုင်သည် သူများလက်ထဲ ရောက်ရှိသွားပြီ မဟုတ်ပါလား။ ယောင်ဖေးဟုန် ဒေါသထွက်သွားသည်။

"ပြန်ပေးစမ်း"

အော်ငေါက်ကာ ရန်လောင်ထံမှ တံခွန်တိုင်အား လုယူရန် ပြန်လည်ခုန်ဝင်သွားသည်။ ထို့နောက် လုယူရန် ကြိုးစားလိုက်၏။ ရန်လောင် မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ငါ့ဆီကများ လုမလို့ ... ဟုတ်လား၊ အတော်ရယ်စရာကောင်းတာပဲ"

အထင်အမြင်သေးဟန်ဖြင့် ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းပေးလိုက်သည်။ တစ်ဆက်တည်းပင် ...

"သွားစမ်း"

အော်ငေါက်ကာ ခြေဖြင့်ကန်ကျောက်လိုက်သည်။ တိုးဝင်လာသော ယောင်ဖေးဟုန် မရှောင်တိမ်းနိုင်တော့ပါချေ။

"အား"

ယောင်ဖေးဟုန် နောက်သို့ ပစ်လဲကျသွား၏။ ရန်လောင်သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်း ငါ့ဆီက လုဖို့ ဆယ်နှစ်လောက် ကြိုးစားလိုက်ဦး"

ယွန်ချောင်းနှင့် ယှဉ်ပြိုင်နေသော ချောင်အန်းမှာ ယောင်ဖေးဟုန် အော်သံကြောင့် ရင်ထိတ်သွားသည်။ အမှတ်မထင်လည်း လှမ်းကြည့်လိုက်မိသည်။

ထိုအခါ တရကြမ်းတိုက်ခိုက်လိုက်သော ယွန်ချောင်း၏ လက်ဝါးရိုက်ချက်မှာ ရင်ဘတ်အား ထိမှန်သွားလေသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာ၏။ ချောင်အန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။ ဤတွင် နီးကပ်စွာ ရှိနေသော ရန်လောင်က အလွတ်မပေးဘဲ တိုက်ခိုက်လိုက်ပြန်သည်။

'ဝုန်း'



"အား"

ကျယ်လောင်သောအသံနှင့်အတူ ချောင်အန်း၏အသံ စူးရှစွာ ထွက်ပေါ်လာသည်။ ချောင်အန်းမှာ ယွန်ချောင်းအနီး လွင့်စဉ်သွားသည်။ ယွန်ချောင်းက ...

"ချောင်အန်း ... မင်း ဘာတတ်နိုင်သေးလဲ"

သဘောကျဟန်ဖြင့် ရေရွတ်လိုက်၏။ ထို့နောက် ချောင်အန်း မြေပေါ်မှ မထနိုင်မီ ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။ ချောင်အန်း မရှောင်တိမ်းနိုင်ပါ။

'ဝုန်း'

အသံတစ်ချက်နှင့်အတူ မြေပေါ် လိမ့်ထွက်သွားရသည်။ ယောင်ဖေးဟုန် လူးလဲထရင်း ရန်လောင်အား တွန်းထုတ်လိုက်၏။

"အွန့်"

မမျှော်လင့်သော အဖြစ်မို့ ရန်လောင် ယိုင်ထွက်သွားလေသည်။ ယောင်ဖေးဟုန်က ချောင်အန်းအား ပွေ့ထူရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် ...

"မင်းက အတော်ရှုပ်တဲ့ကောင်ပဲ"

စကားသံနှင့်အတူ ယွန်ချောင်းက လက်နှစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။ ယောင်ဖေးဟုန် ထိတ်လန့်သွားသည်။ မည်သို့ ခုခံရှောင်တိမ်းရမှန်းမသိ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းချောင်း၏ တိုက်ခိုက်မှုကို တွေ့ရလျှင် ချောင်အန်း ရင်ထိတ်သွားသည်။ ယောင်ဖေးဟုန်အတွက် စိုးရိမ်ပူပန်သွားမိသည်။ ချက်ချင်းထရပ်ကာ ယောင်ဖေးဟုန်အား တွန်းထုတ်လိုက်သည်။

ယောင်ဖေးဟုန်မှာ ယိုင်ထွက်သွား၍ ယွန်းချောင်း၏ တိုက်ခိုက်မှုမှ လွတ်ကင်းသွားသည်။ သို့သော် ချောင်အန်းမှာကား မသက်သာပါ။ ပြင်းထန်သော ယွန်းချောင်း၏တိုက်ခိုက်မှုအား မရှောင်တိမ်းနိုင်ခဲ့ပါချေ။

'ဝုန်း'

"အား"

ကျယ်လောင်စူးရှသော အသံများ ထွက်ပေါ်လာသည်။ ချောင်အန်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✳



တံခွန်လုပွဲ၌ ပန်သိုင်းကျောင်း အနိုင်ရရှိသွားသည်။ လုသိုင်းကျောင်းကား ဒုတိယဆုသာ ရရှိသွားခဲ့၏။ လုသိုင်းကျောင်းကား မရှုံးသင့်ဘဲ ရှုံးသွားရခြင်းဖြစ်သည်။ ဒုတိယဆုသာရခဲ့သည့်အပြင် ချောင်အန်း ဒဏ်ရာပြင်းစွာ ရရှိခြင်း အဖတ်တင်ခဲ့၏။

လုသိုင်းကျောင်း အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းမှာ ယောင်ဖေးဟုန်ကြောင့်ဟု ဆိုရပေတော့မည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကျင်းရင်၏ မျက်နှာတစ်ခုလုံး ဒေါသကြောင့် တင်းမာ ခက်ထန်နေပေသည်။ သူက စူးရဲသောမျက်လုံးအစုံဖြင့် ယောင်ဖေးဟုန်အား စိုက်ကြည့်နေ၏။

ယောင်ဖေးဟုန် ခေါင်းငုံ့ထားသည်။ သူသည် စိတ်ထိခိုက်ကာ ဝမ်းနည်းမှုများ ရင်ထဲခံစားနေရသည်။ လုသိုင်းကျောင်း ယခုကဲ့သို့ ရှုံးနိမ့်သွားရခြင်းမှာ မိမိအပြစ်ပင် မဟုတ်ပါလား။

အဆိုးဆုံးမှာ ချောင်အန်း ဒဏ်ရာရရှိသွားခြင်းကြောင့်ပင်။ ချောင်အန်းမှာ သူ့အတွက် ကာကွယ်ရင်း ဒဏ်ရာပြင်းစွာ ရရှိသွားခဲ့ရပေသည်။

ချောင်အန်း ဝေဒနာခံစားနေရသည်ကိုကြည့်ရင်း အလွန်ပင် စိတ်မကောင်းဖြစ်နေမိသည်။ လုသိုင်းကျောင်းမျက်နှာငယ်ရအောင် သူကလုပ်ခဲ့မိပြီ ဖြစ်သည်။

ယောင်ဖေးဟုန်မှာ ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ဖြင့် တောင့်တောင့်ကြီး ရပ်နေမိသည်။ ယောင်ကျင်းရင်သည် အပြစ်တစ်စုံတစ်ရာမျှ မပြောဘဲ ယောင်ဖေးဟုန်အား စိုက်ကြည့်မြဲ စိုက်ကြည့်နေ၏။



ထို့ကြောင့် ယောင်ဖေးဟုန်မှာ မနေတတ် မထိုင်တတ်ဘဲ ဖြစ်လာသည်။ သူက ခေါင်းမော့ကာ ဖခင်အား မရဲတရဲ ကြည့်လာသည်။ ယောင်ကျင်းရင် ချက်ချင်း မျက်နှာလွှဲလိုက်သည်။

ဖခင်ကပင် စကားမဆိုလာ၍ ယောင်ဖေးဟုန် စိတ်ထိခိုက်သွားသည်။ ယောင်ကျင်းရင်က စံအိမ်မှ လူများအား လက်ဖွေ့ယမ်းကာ ...

"ချောင်အန်းကို သီးသန့်အဆောင်ဆီခေါ်သွား၊ သမားတော်လာတာနဲ့ ကုသလို့ရအောင် ပြင်ဆင်ထားလိုက်"

စံအိမ်မှ သင်တန်းသားများက ချောင်အန်းအား ချီပိုးကာ ခေါ်ဆောင်သွားကြသည်။ မကြာမီ သမားတော် ရောက်ရှိလာသည်။ ယောင်ကျင်းရင်က ကြိုဆိုကာ ချောင်အန်းထံ ခေါ်ဆောင်သွားသည်။

မကြာမီ လူများရှင်းသွားပြီး ယောင်ဖေးဟုန်တစ်ဦးတည်းသာ အဖော်ကင်းမဲ့ဟန်ဖြင့် ထီးထီးကြီး ကျန်ရစ်ခဲ့ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အရှုံး

ပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်သည်။ အားလုံးက လုသိုင်းကျောင်း အနိုင်ရဗိုလ်စွဲလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသော်လည်း လက်တွေ့တွင် အရေးနိမ့်သွားခဲ့လေသည်။

ထိုသို့ အရေးနိမ့်ရသည့်အကြောင်းအရင်းတွင် ယောင်ဖေးဟုန်က အဓိကကျနေ၏။ ရှုံးနိမ့်ခဲ့ရခြင်းအတွက် လူအများသာမက လုသိုင်းကျောင်းတစ်ခုလုံးလည်း မခံချိမခံသာ ဖြစ်ခဲ့ကြရလေသည်။

သို့သော် မည်သူကမျှ ယောင်ဖေးဟုန်ကို အပြစ်မတင်ခဲ့ကြပါချေ။ ယောင်ဖေးဟုန်သည် အပြစ်ပြောမခံရသော်လည်း အလွန်ပင် စိတ်ဓာတ်ကျဆင်းသွားလေသည်။

“ငါ့ကြောင့် ငါ့ကြောင့်”

ဟူ၍ တစ်ချိန်လုံး ရေရွတ်နေမိတော့သည်။ ထို့အပြင် ...

“ငါသာ သိုင်းပညာ တတ်မြောက်ခဲ့ရင် အခုလို အဖြစ်မျိုးနဲ့ ကြုံတွေ့ရမှာမဟုတ်ဘူး”

သူက ဒေါသကြီးသည်၊ စိတ်မြန်သည်။ ထို့ကြောင့် သိုင်း



ပညာသင်ခွင့် မရခဲ့ခြင်းဖြစ်သည်။

“ငါ သည်အတိုင်း ဆက်နေသွားရင် နောက်ဆယ်နှစ်ကြာလည်း သိုင်းပညာ သင်ရမှာမဟုတ်ဘူး”

ယောင်ဖေးဟုန်သည် အမျိုးမျိုး တွေးတောစဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်သည်။ တစ်နေ့တာ ကုန်ဆုံးတော့မည် မဟုတ်ပါလား။

လူတိုင်းက မိမိတို့၏ လုပ်ငန်းများကို သိမ်းဆည်းရန် ပြင်ဆင်နေကြသည်။ သို့သော် ယောင်ဖေးဟုန်က ယခုမှ လုပ်ငန်းစတော့မည် ဖြစ်သည်။

အဝတ်အစားအချို့နှင့် အသုံးအဆောင်အချို့ကို အဝတ်အိတ်ထဲသို့ ထည့်လိုက်သည်။ ငွေစအနည်းငယ်ကို အင်္ကျီရင်ဘတ်ကြားထည့်လိုက်သည်။

ခရီးထွက်ရန် ပြင်ဆင်နေခြင်းဖြစ်လေသည်။ သူက အဝေးသို့ ထွက်သွားတော့မည်ဖြစ်သည်။ မည်သည့်နေရာသို့ သွားရမည်ကား မသိနိုင်သေးပါ။

စိတ်ဓာတ်ကျကာ ခြေဦးတည့်ရာထွက်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။ ယောင်ဖေးဟုန်သည် မည်သူမျှ မရိပ်မိအောင် တိတ်တဆိတ် ထွက်လာခဲ့သည်။

လူစည်ကားနေသော လမ်းများကို ရှောင်ကာ လူပြတ်



သော လမ်းကြိုလမ်းကြားမှ ဖြတ်သန်းလာခဲ့သည်။ သို့ဖြင့် မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။ ယောင်ဖေးဟုန် သက်ပြင်းချလိုက်သည်။

"ဟူး ... တော်ပါသေးရဲ့၊ ငါထွက်လာတာ ဘယ်သူမှ မသိလို့"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ကျုပ်တော့သိတယ်"

ကြည်လင်သောစကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဟင်"

ယောင်ဖေးဟုန် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ကပျာကယာ နောက်လှည့်ကြည့်လိုက်ရာ သူ့အား ပြုံးပြုံးကြီးကြည့်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ယွမ်ချင်းဖြစ်သည်။

"ဟင် ခင်ဗျား"

ယွမ်ချင်းက ...

"မင်း ဘယ်သွားမလို့လဲ"

"ကျွန်တော်"

ယောင်ဖေးဟုန် ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။ ယွမ်ချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



“မင်းက ခြေဦးတည့်ရာ ထွက်သွားတော့မလို့ မဟုတ်လား”

ယွမ်ချင်းအား ဆရာကြီးလုအာစိုင်းကပင် လေးလေးစားစား ဆက်ဆံသည်ကို ယောင်ဖေးဟုန် သိထားပါ၏။ သို့တိုင် သူ့အား အနှောင့်အယှက်ပေးလာသည်ဟု မကျေမနပ် ဖြစ်သွားသည်။

“ခင်ဗျားနဲ့ မဆိုင်ပါဘူး”

ယွမ်ချင်း ပြုံးလိုက်ပြန်သည်။

“ဟုတ်ပါတယ် ... ကျုပ်နဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ မင်း အခုလို ထွက်သွားမှာကို မလိုလားလို့ပါ”

“ဘာဆိုင်လို့လဲဗျ”

“ဆိုင်တာပေါ့၊ မင်းက သိုင်းပညာကို ကြိုးစားပြီးသင်ယူမယ်ဆိုရင် အခုလို ဘယ်ဖြစ်ပါ့မလဲ”

ယောင်ဖေးဟုန် မျက်လုံးပြူးလိုက်သည်။

“ကြိုးစားရင် ... ဟုတ်လား”

“ဟုတ်တယ်”

“ကျွန်တော်က ဘာကိုကြိုးစားရမှာလဲ”

“သိုင်းပညာကိုပေါ့”

“ဟား ဟား ဟား”

ယောင်ဖေးဟုန် ကောက်ကာငင်ကာ ရယ်ချလိုက်လေသည်။ ယွမ်ချင်း ကြောင်အမ်းအမ်းဖြစ်သွား၏။



“မင်း ဘာရယ်တာလဲ”

“သဘောကျလို့ပေါ့ဗျာ”

ယွမ်ချင်း မျက်မှောင်ကုတ်လိုက်၏။

“ဘာကို သဘောကျတာလဲ၊ ရှင်းပြစမ်းပါဦး”

ယောင်ဖေးဟုန် အံကြိတ်လိုက်သည်။

“ကျွန်တော်က မကြိုးစားတာမှ မဟုတ်တာ၊ ကြိုးစားခွင့် မရတာဗျ”

ယွမ်ချင်း တွေဝေသွား၏။

“မင်းက သိုင်းပညာသင်ချင်တယ်၊ ဒါပေမဲ့ ဘယ်သူကမှ သင်မပေးကြဘူး မဟုတ်လား”

“ဟုတ်တယ် ... သည်အတိုင်းပဲ”

ယွမ်ချင်း ခေါင်းခါယမ်းလိုက်သည်။

“မဖြစ်နိုင်တာ”

“ဗျာ”

“မင်းပြောတာ မဖြစ်နိုင်ဘူး”

“ဘာကြောင့် မဖြစ်နိုင်ရမှာလဲ”

ယွမ်ချင်းက ...

“မင်းအဖေဟာ သိုင်းကျောင်းကိုဦးစီးနေတဲ့ လူတစ်ယောက်ပဲ၊ ဆရာကြီးလုကလည်း သူ့ကို ယုံကြည်အားထားတယ်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံး ရှိနေပါလျက်နဲ့ မင်းကို သိုင်းပညာ သင်ခွင့်မပေးဘူး ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ”

ယောင်ဖေးဟုန် မဲ့ပြုံးပြုံးလိုက်သည်။

“ကျွန်တော်ဟာ ဒေါသကြီးတယ်၊ စိတ်မြန်တယ်ဆိုပြီး သူတို့က သင်မပေးကြဘူးလေ”

ယွမ်ချင်းသည် ယောင်ဖေးဟုန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ ယောင်ဖေးဟုန်၏ ပုံပန်းသဏ္ဍာန်နှင့် ပြောပုံဆိုပုံက ဒေါသကြီးပြီး စိတ်မြန်သူဖြစ်ကြောင်း ဖော်ပြနေလေသည်။

ယောင်ဖေးဟုန်ပြောသည့်စကားနှင့် ဆက်စပ်ကြည့်လိုက်သောအခါ ယွမ်ချင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ယောင်ဖေးဟုန်၏ အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

“ဒါဖြင့် မင်းပြုပြင်လိုက်ပေါ့”

“ဗျာ”

“မင်းက ဒေါသမကြီးဘူး၊ စိတ်မမြန်ဘူးဆိုရင် သူတို့က မင်းကို သိုင်းပညာသင်ပေးကြမှာပေါ့”

ယခုတစ်ကြိမ် ကြောင်အမ်းအမ်းဖြစ်သွားရသူမှာ ယောင်ဖေးဟုန် ဖြစ်လေသည်။ ယွမ်ချင်းက ...

“မင်း သဘောပေါက်ပြီလား”



ယောင်ဖေးဟုန်က ...

“ကျွန်တော် ပြုပြင်လိုက်ရင် သိုင်းပညာသင်ရမှာလား”

“ဒါပေါ့”

ယောင်ဖေးဟုန် ရုတ်တရက် လက်မခံနိုင်ပါ။

“မဖြစ်နိုင်ပါဘူးဗျာ”

ယွမ်ချင်းက ...

“ဘာကြောင့် မဖြစ်နိုင်ရမှာလဲ”

“သူတို့က ကျွန်တော့်ကို သင်ပေးကြမှာမဟုတ်ဘူး”

ယွမ်ချင်းက ...

“နေပါဦး ... မင်းက သူတို့ ကျေနပ်အောင် ပြုပြင်ခဲ့ဖူးလို့လား”

“ကျွန်တော်”

ယွမ်ချင်းသည် ယောင်ဖေးဟုန်ကိုကြည့်ပြီး ပြုံးလိုက်လေသည်။

“မင်းဘက်က မပြုပြင်ခဲ့ဖူးဘူး မဟုတ်လား”

ယောင်ဖေးဟုန် ဘာမျှ မပြောတော့ပါ။ ယွမ်ချင်းက ...

“အေး မင်းဘက်က ပြုပြင်ပြလိုက်ပါ၊ ဒါဆို သူတို့လည်း သဘောထားပြောင်းလဲလာပါလိမ့်မယ်”

ယောင်ဖေးဟုန် စိတ်လှုပ်ရှားနေ၏။ ယွမ်ချင်း၏စကားကို

www.burmeseclassic.com

www.burmeseclassic.com



မယုံရဲရဲဖြစ်နေမိသည်။

"ငါပြုပြင်လိုက်ရင် သိုင်းပညာသင်ရမှာလား"

ဟု စိတ်ထဲ တွေးနေမိလေသည်။ ယောင်ဖေးဟုန် တွေဝေနေသည်ကို မြင်လျှင် ယွမ်ချင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"စိတ်ချ ... မင်းသာပြုပြင်လိုက်ပါ၊ မင်း သိုင်းပညာသင်ရပါလိမ့်မယ်"

ယောင်ဖေးဟုန် တွေဝေငေးမောနေဆဲ။ အတော်ကလေးကြာတော့မှ သက်ပြင်းချလိုက်သည်။

"ဖြစ်နိုင်မယ်မထင်ပါဘူးဗျာ"

ယွမ်ချင်းက ...

"မင်းက မကြိုးစားဘဲ စိတ်ပျက်အားလျှော့နေတာကိုး"

"ကျွန်တော်"

ယွမ်ချင်း လက်ကာပြလိုက်သည်။

"ကောင်းပြီ၊ မင်းကို ငါကူညီမယ်၊ မင်းထက်က ပြုပြင်မယ်လို့သာ ငါ့ကို ကတိပေး၊ မင်းကို သိုင်းပညာသင်ပေးအောင် ဆရာကြီးလုကို ငါသွားပြောပေးမယ်"

"ဗျာ"

ယောင်ဖေးဟုန် ငိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေ



သည်။ ဆရာကြီးလုသည် ယွမ်ချင်းကို လေးစားသဖြင့် ယွမ်ချင်းသွားပြောပေးပါက သူ့အား သိုင်းပညာသင်ပေးလိမ့်မည်ဟု ယုံကြည်လာလေတော့သည်။ ယွမ်ချင်းက ...

"မင်း ဘယ်လိုသဘောရသလဲ"

"တ ... တကယ်ပြောနေတာလားဗျာ"

"ဒါပေါ့"

"ဒါဆို ကျွန်တော်ပြုပြင်ပါ့မယ်ဗျာ"

"မင်းကတိပေးမလား"

"ဟုတ်ကဲ့ ကတိပေးပါတယ်"

ယွမ်ချင်း ပြုံးလိုက်သည်။

"ကောင်းပြီ ... မင်း ပြန်တော့၊ ဆရာကြီးလုကို ပြောပေးဖို့ ငါ့တာဝန်ထား ... ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့"

ယောင်ဖေးဟုန်သည် ယွမ်ချင်းအား အကြိမ်ကြိမ် ဦးညွှတ်လိုက်သည်။ အကြိမ်ကြိမ် ကျေးဇူးတင်စကားပြောလိုက်သည်။ ထို့နောက် ပျော်ရွှင်မြူးထူးစွာ ခုန်ပေါက်ပြေးလွှားသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အစီအစဉ်

ယွမ်ချင်းသည် ကတိတည်သူဖြစ်သည့်အတိုင်း ယောင်ဖေးဟုန် သိုင်းပညာသင်ကြားနိုင်ရေးအတွက် ဆရာကြီးလုအာစိုင်းနှင့် သွားရောက်တွေ့ဆုံခဲ့လေသည်။

လုအာစိုင်းက ယွမ်ချင်းရောက်လာသဖြင့် ဝမ်းပန်းတသာ ကြိုဆိုလိုက်လေသည်။

"မိတ်ဆွေယွမ်ချင်း ရောက်လာတာ အတော်ပဲ၊ သည်ကနေ့ အားရပါးရ ညှို့ခံပြုစုရမှာပေါ့"

ယွမ်ချင်းက ...

"ဆရာကြီးပြောပုံအရ နောက်တစ်ခါဆို ညှို့မခံနိုင်တော့ဘူးလားဗျာ"

ရယ်မောရင်း အပျော်အပျက် မေးလိုက်ခြင်းဖြစ်လေသည်။ လုအာစိုင်းလည်း ရယ်မောလိုက်သည်။

"ဟုတ်တယ် ... ကျုပ် ညှို့ခံနိုင်တော့မယ် မထင်ဘူး"

"ဘာကြောင့်များလဲဗျာ"



လုအာစိုင်းက ရှင်းပြလိုက်သည်။

"ခုတစ်လော ကျုပ်လည်း သိုင်းကျောင်းမှာ အနေများပြီး သိုင်းလောကထဲ မထွက်ဖြစ်တာ ကြာပြီ၊ ဒါကြောင့် သိုင်းလောကကို ခရီးတစ်ခေါက်လောက် ထွက်လိုက်ဦးမယ်လို့ စိတ်ကူးထားတာပါ"

အိမ်ရှင်မရှိသဖြင့် ညှို့သည်ကို ညှို့မခံနိုင်တော့သည့်သဘောမျိုး ဖြစ်လေသည်။ လုအာစိုင်းက မကြာမီ ခရီးထွက်တော့မည်ဖြစ်ကြောင်း ယွမ်ချင်း နားလည်သွားလေသည်။

"ဒါဖြင့် ကျုပ် အခုလာခဲ့မိတာ ကံကောင်းသွားတယ်လို့ ဆိုရမှာပဲ"

"ဟုတ်တယ် ဟုတ်တယ် ... အခုချက်ချင်း စားသောက်ပွဲကြီး ပြင်ဆင်ခိုင်းလိုက်ပါ့မယ်လေ"

ယွမ်ချင်း လက်ကာပြလိုက်သည်။

"ခဏနေပါဦးဗျာ"

"မိတ်ဆွေက ဘာပြောချင်သေးလို့လဲ"

ယွမ်ချင်းက ...

"ကျုပ် အခုလာမိတာ ကံကောင်းတယ်ဆိုတာက စားသောက်ဖို့ မဟုတ်ပါဘူးဗျာ"

လုအာစိုင်း မျက်မှောင်ကုတ်သွား၏။

"တခြားကိစ္စတစ်ခုရှိလို့ ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

"မိတ်ဆွေ သည်မြို့မှာလာပြီး လူတစ်ယောက်ကို"

ယွမ်ချင်း ခေါင်းခါယမ်းလိုက်သည်။

"သည်ကိစ္စအတွက် မဟုတ်ပါဘူး"

လုအာစိုင်း အံ့ဩသွားလေသည်။

"ဒါဖြင့် ဘယ်လိုကိစ္စများ ပေါ်လာပြန်လို့လဲ"

ယွမ်ချင်းက ...

"ယောင်ဖေးဟုန်ရဲ့ကိစ္စပါဗျာ"

"ယောင်ဖေးဟုန်"

"ဟုတ်ပါတယ် ... ဆရာယောင်ကျင်းရင်ရဲ့သား ယောင်ဖေးဟုန်ပါ"

လုအာစိုင်းက မျက်နှာကြီးရှုံ့မဲ့သွား၏။

"သည်ကောင်လေးက ဘယ်လိုပြဿနာများ ရှာလိုက်ပြန်ပြီလဲ"

ဟု ညည်းတွားလိုက်လေသည်။ ယွမ်ချင်း ပြုံးလိုက်သည်။

"သူက ပြဿနာရှာတာ မဟုတ်ပါဘူး၊ သူ့ရဲ့သိုင်းပညာသင်ကြားမှုကိစ္စပဲ"

ယွမ်ချင်းက ယောင်ဖေးဟုန်အား သဘောကျနေပုံရသည်ဟု လုအာစိုင်း ရိပ်မိလိုက်လေသည်။



"သည်ကောင်လေးက သူ့ကိုသိုင်းပညာသင်ပေးဖို့ မိတ်ဆွေဆီမှာ အကူအညီတောင်းလိုက်ပြီထင်တယ်၊ ဒါဆိုရင်တော့ လုံးဝသင်မပေးပါနဲ့လို့ ကျုပ်မေတ္တာရပ်ခံပါရစေဗျာ"

"သူက"

"ဟာ ... သူက အတော်ဆိုးတာ၊ ဒေါသကြီးပြီး စိတ်မြန်တယ်၊ ထစ်ခနဲဆို သူပဲ၊ သူသာ သိုင်းပညာတတ်မြောက်သွားမယ်ဆိုရင် ဘယ်လိုနေမလဲ ... စဉ်းစားကြည့်ပေါ့ဗျာ"

ယွမ်ချင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"သူ့ရဲ့စိတ်နေသဘောထားကို ပြုပြင်လိုက်မယ်ဆိုရင်ရောဗျာ"

"ဒါ"

"အင်မတန် ဆိုးသွမ်းမိုက်မဲတဲ့လူတွေတောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲပြီး လူကောင်းဖြစ်သွားကြတဲ့ သာဓကတွေ အများကြီး ရှိတာပဲမဟုတ်လားဗျာ"

လုအာစိုင်း ငိုင်သွားလေသည်။ ယွမ်ချင်း ဆက်ပြောလိုက်သည်။

"ယောင်ဖေးဟုန်ဟာ သည်လောက်ဆိုးတဲ့ ကောင်လေးတစ်ယောက်မဟုတ်သေးပါဘူး၊ သူ့ကို ပြုပြင်ပေးလိုက်မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လူတော်လူကောင်းလေး တစ်ယောက် ဖြစ်လာမှာပါ”

လုအာစိုင်းက သက်ပြင်းချလိုက်သည်။

“မိတ်ဆွေပြောတာ မှန်ပါတယ် ... သူ့ကို ကျုပ် သတိထား စောင့်ကြည့်နေတာကြာပါပြီ၊ သူ့ရဲ့စိတ်ကို ပြုပြင်လိုက်မယ်ဆိုရင် မိတ်ဆွေပြောသလို လူတော်လူကောင်းလေးတစ်ယောက် ဖြစ်လာမှာပါ”

ယွမ်ချင်း ဝမ်းသာသွားသည်။ သူ၏စကားကို လုအာစိုင်းက လက်ခံလိုက်သည် မဟုတ်ပါလား။ ယောင်ဖေးဟုန်အတွက် မျှော်လင့်ချက် ရှိလာပြီဖြစ်လေသည်။

“သူ့ရဲ့ချို့ယွင်းချက်ကို ပြုပြင်ပေးပါ့မယ်လို့ ကျုပ်ကိုကတိပေးခဲ့ပါတယ်၊ ကျုပ်ကလည်း သူ သိုင်းပညာသင်ရအောင် ကူညီမယ်လို့ အာမခံလိုက်တယ်”

လုအာစိုင်းက ...

“မိတ်ဆွေရဲ့စကားကို ကျုပ် သိပ်ပြီး နားမရှင်းဘူး၊ ယောင်ဖေးဟုန်က မိတ်ဆွေဆီမှာ”

ယွမ်ချင်း ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်က သင်ပေးနိုင်မှာမဟုတ်ပါဘူး၊ ဆရာကြီးလုပဲ သင်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ”

လုအာစိုင်းက ယွမ်ချင်း၏စကားကို မငြင်းဆန်နိုင်ပါချေ။



“ယောင်ဖေးဟုန်သာ သူ့ချို့ယွင်းချက်ကို တကယ်တမ်း ပြုပြင်မယ်ဆိုရင် ကျုပ်သင်ပေးပါ့မယ်၊ သူ့သိုင်းပညာတတ်မြောက် ရစေမယ်လို့ ကျုပ် အာမခံပါတယ်”

“ဆရာကြီးလုဟာ တကယ့်သိုင်းသမားကောင်းကြီး တစ်ယောက် ဝီသပါပေတယ်ဗျာ”

ယွမ်ချင်း၏ကျေးဇူးကြောင့် ယောင်ဖေးဟုန်သိုင်းပညာသင် ယူနိုင်တော့မည်ဖြစ်လေသည်။ ယွမ်ချင်းက ...

“ကျုပ်တစ်ခု ပြောပြရစေဦး ... ဆရာလုပ်တယ်လို့တော့ မထင်စေချင်ပါဘူးဗျာ”

လုအာစိုင်းက ...

“ဟာ ... မဟုတ်တာ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်လေ”

ယွမ်ချင်းက ...

“ဆရာကြီး ခရီးထွက်တဲ့အခါ ယောင်ဖေးဟုန်ကိုပါ ခေါ်သွားရင် ပိုကောင်းမလားလို့ပါ”

“ငြှော”

“လူငယ်ဆိုတော့ သိုင်းလောကထဲ ခရီးသွားရရင် ပိုပြီး လွတ်လပ်ပျော်ရွှင်လာမယ်၊ အတွေ့အကြုံတွေ ရလာမယ်၊ သူ့ရဲ့စိတ်ကို ပိုပြီး ပြောင်းလဲလာနိုင်စေတာပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



လုအာစိုင်း လက်ခံလိုက်သည်။

"မိတ်ဆွေရဲ့အကြံ ကောင်းပါတယ်၊ ယောင်ဖေးဟုန် မျက်စိပွင့်လာမယ်၊ အမြင်ကျယ်လာမယ်၊ အတွေ့အကြုံ ဗဟုသုတတွေ ရလာမယ်၊ ကျုပ် ခရီးထွက်တာနဲ့ သူ့ကို ခေါ်သွားလိုက်ပါ့မယ်"

ယွမ်ချင်းလည်း ယောင်ဖေးဟုန်အတွက် စိတ်ချရပြီဖြစ်၍ လုအာစိုင်းနှင့်အတူ အခြားသိုင်းလောကအကြောင်းများ ဆက်လက်ပြောဆိုဆွေးနွေးလိုက်လေတော့သည်။

* * *



## သဲလွန်စ

ယောင်ဖေးဟုန် မယုံနိုင်အောင် ဖြစ်နေ၏။

သူ့အား သိုင်းပညာသင်ပေးရန် အကြိမ်ပေါင်းများစွာ ငြင်းဆန်ခဲ့သည့် လုအာစိုင်းသည် ယွမ်ချင်း၏ ဖျောင်းဖျတိုက်တွန်းမှုကြောင့် သိုင်းပညာသင်ပေးရန် လက်ခံလိုက်ပြီ မဟုတ်ပါလား။

ယွမ်ချင်းက ယောင်ဖေးဟုန်အား လုအာစိုင်းထံသို့ ခေါ်သွားပြီး ကိုယ်တိုင်အပ်နှံပေးခဲ့လေသည်။

လုအာစိုင်းက ...

"ယောင်ဖေးဟုန် ... ဆရာယွမ်ချင်းရဲ့မျက်နှာကို ထောက်ထားပြီး မင်းကို ငါသိုင်းပညာသင်ပေးမယ်၊ ဒါပေမဲ့ မင်းရဲ့ချို့ယွင်းချက်တွေကို ပြုပြင်ရလိမ့်မယ်"

ယောင်ဖေးဟုန် ဦးညွှတ်လိုက်သည်။

"စိတ်ချပါခင်ဗျာ ... ကျွန်တော် အစွမ်းကုန် ကြိုးစားပြုပြင်သွားပါ့မယ်လို့ ကတိပေးပါတယ်"

ထိုအခါ ဖခင်ဖြစ်သူ ယောင်ကျင်းရင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား ... ကတိတစ်လုံးကို လွယ်လွယ်နဲ့ပေးလို့ မဖြစ်ဘူးနော်၊ ကတိပေးပြီးရင် ကတိအတိုင်း လိုက်နာစောင့်ထိန်းရလိမ့်မယ်"

ဟု သတိပေးလိုက်လေသည်။ ယောင်ဖေးဟုန်က ...

"ကျွန်တော်ဟာ ကတိတည်တဲ့ယောကျ်ားကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါ့မယ် ဖေဖေ"

ယောင်ဖေးဟုန် အလွန်ဝမ်းသာနေ၏။ ကတိတွေ အထပ်ထပ် ပေးနေသည်။ သူ၏ချို့ယွင်းချက်များကို အမှန်တကယ် ပြုပြင်သွားတော့မည်ဟု လုအာစိုင်းနှင့်ယောင်ကျင်းရင်တို့ ယုံကြည်သွားကြလေတော့သည်။

ယောင်ဖေးဟုန်၏ကိစ္စ ပြီးပြတ်သွားပြီဖြစ်၍ ယွမ်ချင်းက် နှုတ်ဆက်လိုက်သည်။

"ကဲ ... ကျုပ်ကို ခွင့်ပြုကြပါဦးဗျာ"

"ဟာ မိတ်ဆွေကြီး ... သွားတော့မလို့လား၊ အေးအေးဆေးဆေး နေပါဦးလား"

"ကျုပ်မှာ မပြီးပြတ်သေးတဲ့ကိစ္စလေးတွေ ရှိနေသေးလို့ပါ၊ နောက်တော့ အေးအေးဆေးဆေးလာခဲ့ပါဦးမယ်၊ ဆရာကြီးလုလည်း ခရီးထွက်ဖို့ ပြင်ဆင်ရဦးမယ် မဟုတ်လား"

"ကောင်းပြီလေ ... နောင်များမှ တွေ့ကြတာပေါ့"

ယောင်ကျင်းရင်က ...



"ယောင်ဖေးဟုန် ... မင်းပဲ ဆရာယွမ်ချင်းကို လိုက်ပို့လိုက်ပါ"

"ဟုတ်ကဲ့ ဖေဖေ"

ယောင်ဖေးဟုန်က ယွမ်ချင်းအား အပြင်ဘက်သို့ လိုက်လံပို့ဆောင်ပေးလိုက်လေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်းက ယောင်ဖေးဟုန်ကို ကြည့်ပြီး ပြုံးလိုက်သည်။

"ငါ့ဘက်က တာဝန်ကျေပြီနော်"

ယောင်ဖေးဟုန် ဦးညွှတ်လိုက်သည်။

"ဆရာယွမ်ချင်းရဲ့ ကျေးဇူး ကြီးမားလှပါတယ်ဗျာ၊ ကျွန်တော့်ဘက်ကလည်း တာဝန်ကျေရမယ်လို့ ကတိပေးပါတယ်"

"အေး ... ယောကျ်ားဆိုတာ ကတိတည်ရတယ်၊ သိုင်းပညာကိုလည်း မပျင်းမရိ ဖွံ့လုံ့လထားပြီး အစွမ်းကုန် ကြိုးစားသင်ယူသွားပါလို့ မှာချင်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် အစွမ်းကုန် ကြိုးစားသွားပါ့မယ်ခင်ဗျာ"

"မင်းလည်း ခရီးထွက်ရမယ်ဆိုတော့ ပြင်ဆင်လိုက်ဦး ငါလည်း သွားတော့မယ်"

"ဟုတ်ကဲ့"

ယွမ်ချင်းက နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။ ယောင်ဖေးဟုန်သည် ယွမ်ချင်း၏ နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့၏။



ယွမ်ချင်း ခပ်လှမ်းလှမ်းသို့ ရောက်သွားတော့မှ ရုတ်တရက် ယောင်ဖေးဟုန်သည် ယွမ်ချင်းနှင့် ပတ်သက်နေသောကိစ္စတစ်ခုကို သတိရလာလေသည်။

"ဆရာယွမ်ချင်း"

သူ၏ခေါ်သံကြောင့် ယွမ်ချင်း ခြေလှမ်းရပ်သွား၏။ ပြေးလိုက်လာသော ယောင်ဖေးဟုန်အား လှည့်ကြည့်ရင်း ...

"မင်း ဘာပြောစရာရှိသေးလို့လဲ"

ဟု မေးလေသည်။ ယောင်ဖေးဟုန်က ...

"ဆရာယွမ်ချင်းကို ပြောပြစရာတစ်ခု ရှိလို့ပါဗျာ"

"ဘာများလဲကွ"

"ဆရာယွမ်ချင်း သည်ကိုပထမဆုံးရောက်လာတဲ့နေ့ကို မှတ်မိတယ် မဟုတ်လားခင်ဗျာ"

"အေးလေ ဘာဖြစ်လို့လဲ"

ယောင်ဖေးဟုန်က ...

"အဲသည်နေ့က ဆရာယွမ်ချင်းနောက်ကို လူတစ်ယောက် တိတ်တဆိတ် လိုက်လာပါတယ်"

"ဟင်"

ယွမ်ချင်း အံ့ဩသွားလေသည်။ ယောင်ဖေးဟုန်အား စိုက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်ကို လူတစ်ယောက်လိုက်လာတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်သူလဲ ပြောစမ်းပါဦး"

ယောင်ဖေးဟုန်က ...

"ပန်သိုင်းကျောင်းက ဦးစီးသိုင်းဆရာ ဖေးဟိုပါ"

"ဖေးဟို"

ယွမ်ချင်း တီးတိုးရေရွတ်လိုက်သည်။ ယောင်ဖေးဟုန်က...

"ဖေးဟိုဟာ အတော်ဆိုးတဲ့လူပါ၊ သူက သိုင်းပညာလည်း တော်တယ်၊ ကျွန်တော်တို့နဲ့ဆိုရင် တကယ့်ပြိုင်ဘက်တွေပေါ့"

ယွမ်ချင်းသက်ပြင်းချလိုက်သည်။ သူ့အနေနှင့် ပန်သိုင်းကျောင်းမှ သိုင်းဆရာတစ်ယောက်နှင့် ပတ်သက်စရာအကြောင်းမရှိပါချေ။

"သူက ငါ့နောက်ကိုလိုက်လာတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ ... ဆရာယွမ်ချင်း ထွက်သွားတော့ သူက ကျွန်တော့်ကို လာမေးပါသေးတယ်"

"ဩော်"

"ဆရာယွမ်ချင်းကို ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်နေသလဲ၊ အို မေးလိုက်တာ စုံနေတာပါပဲဗျာ"



ယွမ်ချင်းက ...

"သူက ငါ့ကို သည်လောက်တောင် စိတ်ဝင်စားနေပုံထောက်ရင် အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်"

ယောင်ဖေးဟုန်က ...

"ကျွန်တော်လည်း နဂိုကတည်းက ကြည့်မရလို့ဘာမှ မသိဘူးလို့ အော်ဟစ်ပစ်လိုက်တာ၊ အဲဒါ ကျွန်တော့်ကို ထောင်ထိုးကြိတ်သွားသေးတယ်"

ယွမ်ချင်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။ တစ်စုံတစ်ခုအား အလေးအနက် ထားပြီး စဉ်းစားနေပုံရလေသည်။ အတော်လေးကြာမှ ...

"ကောင်းပြီ ... ပောသည်ရုပ်ပုံကို မင်းကြည့်လိုက်စမ်း"

အင်္ကျီရင်ဘတ်ကြားမှ စာရွက်တစ်ရွက်ကို ထုတ်ယူကာ ဖြန့်ချလိုက်လေသည်။ လူတစ်ယောက်၏ပုံတူရေးဆွဲထားသော စာရွက်ဖြစ်သည်။

စာရွက်မှာ ခေါက်ရိုးကျိုးနေပြီး ဝါကျင့်ကျင့်အရောင်သန်းနေ၏။ ရေးဆွဲထားသောပုံတူကလည်း မှေးမှိန်နေပြီဖြစ်သည်။ ယွမ်ချင်းက ...

"မင်းပြောတဲ့ ဖေးဟိုဆိုတာ သည်လူလား"

ယောင်ဖေးဟုန် ဇဝေဇဝါဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"တူတော့တူတယ် … ဒါပေမဲ့"

ယွမ်ချင်း ပြုံးလိုက်သည်။

"သည်ပုံရေးဆွဲထားတာ နှစ်အတော်ကြာနေပြီဆိုတော့ နည်းနည်းပါးပါး ပြောင်းလဲမှုတော့ ရှိမှာပေါ့လေ"

ယောင်ဖေးဟုန်က …

"တူတာတော့ အတော်ကလေး တူပါတယ် ခင်ဗျာ"

ယွမ်ချင်းက …

"အေး မင်းအခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းကို ဆရာကြီးလုအာစိုင်း မျှော်နေတော့မယ်၊ သွားလိုက်ဦး"

"ဟုတ်ကဲ့"

ယောင်ဖေးဟုန်သည် ယွမ်ချင်းအား ဦးညွတ်ကာ ထွက်လာခဲ့လေတော့သည်။

✷



နောက်တစ်နေ့ နံနက် …။

လုအာစိုင်းက စီစဉ်ထားသည့်အတိုင်း သိုင်းလောကသို့ ခရီးထွက်တော့မည် ဖြစ်လေသည်။ ယောင်ဖေးဟုန်ကိုလည်း တစ်ပါတည်း ခေါ်သွားမည်ဖြစ်သည်။

ယောင်ကျင်းရင်နှင့်အဖွဲ့သားများက လည်းကောင်း၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများကလည်းကောင်း လိုက်လံပို့ဆောင် နှုတ်ဆက်ကြလေသည်။

အားလုံးသည် ယောင်ဖေးဟုန် သိုင်းပညာသင်ရတော့မည် ဖြစ်၍ ဝမ်းသာနေကြလေသည်။

"ယောင်ဖေးဟုန် ကြိုးစားနော်"

"အရင်လို ဒေါသမကြီးရတော့ဘူးနော်"

"သိုင်းပညာသင်ပြီး ပြန်လာတဲ့အခါ တို့တတွေ တံခွန်လုပွဲကို အတူတူ ဝင်နွှဲကြတာပေါ့"

စသည် စသည်ဖြင့် မှာကြားကြသည်။ နှုတ်ဆက်ကြသည်။ ယောင်ဖေးဟုန်သည် အားလုံးကို ပြန်လည်နှုတ်ဆက်ရင်း ယွမ်ချင်းကို ရှာဖွေနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယွမ်ချင်းကား ပျောက်ချင်းမလှ ပျောက်ဆုံးနေ ၏။ ယွမ်ချင်း အဘယ့်ကြောင့် ရောက်မလာသည်ကို ယောင်ဖေးဟုန် နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။ သို့ဖြင့် ...

"ကဲ ... သွားကြစို့"

လူအားစိုင်းက ခရီးထွက်ရန် နှိုးဆော်လိုက်သောအခါ ယောင်ဖေးဟုန်လည်း ဘာမှ မတတ်သာတော့ဘဲ လိုက်ပါသွား လေတော့သည်။

✷ ✷ ✷



## ပျောက်သောသူ

ယောင်ဖေးဟုန်က သိုင်းပညာသင်ရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားခဲ့သည်။ ထို့အတူ ယွမ်ချင်းက ယောင်ဖေးဟုန်ထံမှ မမျှော်လင့်ဘဲ သဲလွန်စရလိုက်သဖြင့် စိတ်လှုပ်ရှားနေမိလေသည်။

"နှစ်တွေကြာသွားပြီဆိုတော့ သူ့ရဲ့ရုပ်သွင်က ပြောင်းလဲသွားနိုင်တာပဲ၊ ပန်သိုင်းကျောင်းကို သွားပြီး စုံစမ်းကြည့်ရမယ်"

ထို့နောက် ပန်သိုင်းကျောင်းသို့ မယောင်မလည်ဖြင့် ထွက်လာခဲ့လေသည်။ ယခုနှစ် တံခွန်လုပွဲတွင် ပန်သိုင်းကျောင်းအနိုင်ရ ဗိုလ်စွဲခဲ့သဖြင့် ပန်သိုင်းကျောင်းတစ်ခုလုံး ဝမ်းသာပျော်ရွှင်နေကြလေသည်။

သိုင်းကျောင်းပိုင်ရှင် ပန်ဟောင်းက စားသောက်ပွဲကြီး ကျင်းပရန် စီစဉ်ပေးလေသည်။ အသားငါးများ ဝယ်သူက ဝယ်ကြသည်။ အရက်ဝယ်သူ၊ ထင်းသယ်သူ၊ အခမ်းအနားပြင်ဆင်သူ စသည် စသည်ဖြင့် သိုင်းကျောင်းတစ်ခုလုံး မအားမလပ် ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတစ်နေရာမှ အကဲခတ်ကြည့်နေသော ယွမ်ချင်းက ...

"သူတို့တစ်တွေ အောင်ပွဲရတဲ့အထိမ်းအမှတ်နဲ့ စားသောက်ပွဲကြီး ကျင်းပဖို့ ပြင်ဆင်နေတာပဲ၊ ပန်သိုင်းကျောင်းထဲဝင်ပြီး စုံစမ်းဖို့ ငါ့အတွက် အခွင့်အရေးပဲ"

ယခုအချိန်တွင် ပန်သိုင်းကျောင်းအတွင်းသို့ ဝင်သွားပါက ရုတ်တရက် သူ့အား မည်သူကမှ သတိထားမိကြမည် မဟုတ်ပေ။ ထိုအခွင့်အရေးကို အသုံးချရန် ယွမ်ချင်း ဆုံးဖြတ်လိုက်လေသည်။

သိုင်းကျောင်းရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။ ထိုအချိန်မှာပင် ...

'ခွပ်ခွပ် ခွပ်ခွပ်'

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။ မြင်းလှည်းတစ်စီး သိုင်းကျောင်းရှေ့သို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ယွမ်ချင်း အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။ မြင်းလှည်းပေါ်မှ လူတစ်ယောက် ဆင်းလာပြီး သိုင်းကျောင်းအတွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။ ယွမ်ချင်း မျက်လုံးပြူးသွားသည်။

"ဖေးဂူ"



ထိုလူကား သူအလွန်တွေ့ချင်နေသော ဖေးဂူဖြစ်လေသည်။ ထိုလူက သိုင်းကျောင်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုလူစီးနင်းလာသော မြင်းလှည်းမှာ ဆက်၍ မောင်းနှင်လာခဲ့ရာ ယွင်ချင်းအနီးသို့ ရောက်ရှိလာလေသည်။ ယွမ်ချင်းက ...

"ခဏနေပါဦး"

မြင်းလှည်းကို တားပြီး မြင်းလှည်းသမားကို မေးလိုက်လေသည်။

"စောစောက ခင်ဗျားရဲ့မြင်းလှည်းပေါ်က ဆင်းသွားတဲ့လူဟာ ပန်သိုင်းကျောင်းကလား"

မြင်းလှည်းသမားက ...

"ဟုတ်ပါတယ် ... ဦးစီးသိုင်းဆရာ ဖေးဟိုပါ"

"ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ"

ယွမ်ချင်းက မြင်းလှည်းသမားအား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။ သူက ပန်သိုင်းကျောင်းသို့ မသွားတော့ပါ။ ယခုလောလောဆယ် သွားစရာမလိုတော့ပါ။

ယောင်ဖေးဟုန် ပြောပြသည့်အတိုင်း ပန်သိုင်းကျောင်းမှ ဦးစီးသိုင်းဆရာဖေးဟိုသည် သူ သဲကြီးမဲကြီး ရှာဖွေနေသော လူဆိုးမားပြသိုင်းသမားဆိုး ဖေးဂူဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဖေးဟို (ဝါ) ဖေးဂူအား ရှာဖွေတွေ့ရှိလိုက်ပြီဖြစ်သည်။ ယွမ်ချင်းက အလောတကြီး လုပ်ကိုင်ဆောင်ရွက်စရာ မလိုတော့သဖြင့် နောက်လှည့်ပြန်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

✷



ထို့ည ...။

ပန်သိုင်းကျောင်း၌ အောင်ပွဲခံကာ စားသောက်ပွဲကြီး ကျင်းပခဲ့လေသည်။ သိုင်းကျောင်းမှ လူအားလုံး ထိုစားသောက်ပွဲကြီး၌ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြလေသည်။

ဦးစီးသိုင်းဆရာ ဖေးဟိုကလည်း ပါဝင်ဆင်နွှဲခဲ့သည်။

ဖေးဟိုသည် ယွန်ချောင်း၊ ရန်လောင်တို့နှင့်အတူ စားသောက်နေခဲ့ လေသည်။ ယွန်ချောင်းက ...

"ဆရာဖေးဟို ရောက်လာမှပဲ ကျွန်တော်တို့ ပန်ကျောင်းက တံခွန်လုပွဲမှာ ပထမရုဗိုလ်စွဲခဲ့တာ"

ရန်လောင်က ...

"ဟုတ်တယ် ... ပန်ကျောင်းအောင်မြင်အောင် ဆရာဖေးဟိုရဲ့ဆောင်ရွက်မှုတွေဟာ ချီးကျူးဂုဏ်ယူစရာပါပဲဗျာ"

နှစ်ယောက်သား ဖေးဟိုကို ချီးကျူးမြှောက်ပင့်ပြောဆိုနေကြလေတော့သည်။ ဖေးဟိုက ...

"မင်းတို့ကို ငါ့ရဲ့သိုင်းပညာတချို့ ထပ်ပြီးသင်ပေးမယ်၊ မင်းတို့ ကြိုးစားကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ယွန်ချောင်းတို့ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

ထိုစဉ် ...

သင်တန်းသားတစ်ယောက်က အနီးသို့ရောက်ရှိလာပြီး ဖေးဟိုကို ဦးညွှတ်လိုက်လေသည်။

"ဆရာ့ကို လူတစ်ယောက်က စာတစ်စောင်ပေးခိုင်းလိုက်ပါတယ် ခင်ဗျာ"

စာတစ်စောင်ကို ရိုရိုသေသေပေးလေသည်။ ဖေးဟိုက စာကို ယူလိုက်သည်။

"ဘယ်သူက ပေးသွားတာလဲ"

"ဆရာ့ရဲ့မိတ်ဆွေဟောင်းတစ်ယောက်လို့ ပြောသွားပါတယ် ခင်ဗျာ"

"မိတ်ဆွေဟောင်း"

ဖေးဟိုသည် မိတ်ဆွေဟောင်းဟု တီးတိုးရေရွတ်လိုက်ပြီး စာကို အကျီရင်ဘတ်ကြား၌ သိမ်းဆည်းလိုက်သည်။

"ကဲ ... မင်းသွားနိုင်ပြီ"

"ဟုတ်ကဲ့"

စာလာပို့သူလည်း ချက်ချင်း ပြန်ထွက်သွားလေသည်။

ဖေးဟိုသည် ယွန်ချောင်းတို့နှင့်အတူ ဟန်မပျက် ဆက်



လက်စားသောက်နေလိုက်ပြီး အတန်ကြာမှ ထိုင်ရာမှ ထလိုက်သည်။

"ကဲ ... မင်းတို့ စားသောက်နေကြဦး"

ယွန်ချောင်းတို့ကို ထားပစ်ခဲ့ကာ ထွက်လာခဲ့လေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ဖေးဟိုသည် သူ၏အခန်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။ ဖယောင်းတိုင်တစ်တိုင် ထွန်းကာ အခန်းတံခါးများကို ပိတ်လိုက်လေသည်။ ပြီးမှ အင်္ကျီရင်ဘတ်အကြားမှ စာကို ထုတ်ယူကာ ဖတ်ကြည့်လိုက်လေသည်။ စာထဲ၌ ...

ဖေးရှူ

ခင်ဗျားက မြောက်ပိုင်းလွင်ပြင်ဒေသက ထွက်ပြေးလာပြီးသည့်မြို့ကလေးမှာ ဓာတ်မြုပ်နေပေမယ့် ခုချိန်မှာ ပြေးမလွတ်နိုင်တော့ပါဘူး။ ကျုပ်တို့ စာရင်းရှင်းလိုက်ကြတာပေါ့။

ယွမ်ချင်း

ဟု ရေးထားလေသည်။ ဖေးဟို သက်ပြင်းချလိုက်လေသည်။

"ယွမ်ချင်း ယွမ်ချင်း ... မင်းက ငါ့နောက်ကို သဲကြီးမဲကြီးလိုက်နေတာကိုး"

ယွမ်ချင်း ရောက်လာသည်ကို သူသိရှိထားပြီး ဖြစ်ပါသည်။



ထို့ကြောင့် သတိထားကာ ရှောင်တိမ်းနေခဲ့သည်။ သို့သော် ယွမ်ချင်းက သူ့အား တွေ့ရှိသွားပြီဖြစ်သည်။ ရှေ့ဆက် ရှောင်တိမ်းနေ၍ ရတော့မည် မဟုတ်ပါ။ ယွမ်ချင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

"စာတော့ရောက်လာပြီ ... လူရော"

ယွမ်ချင်းက မကြာမီ သူ့ထံသို့ရောက်လာတော့မည် ဖြစ်သည်။ ယွမ်ချင်း ရောက်မလာမီ သူက သွားတွေ့လိုက်ခြင်းမှာ အကောင်းဆုံးဖြစ်မည်ဟုလည်း နားလည်လိုက်သည်။

ဖေးဟိုက အဝတ်အစားလဲလိုက်သည်။ ထို့နောက် ပြတင်းတံခါးဖွင့်ကာ အပြင်ဘက် ခုန်ထွက်လိုက်လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဖေးဟိုသည် ပန်ကျောင်းမှ တိတ်တဆိတ် ထွက်လာခဲ့လေသည်။ ပန်ကျောင်းအပြင်ဘက်ရောက်လျှင် မလှမ်းမကမ်း၌ အသင့်စောင့်ကြိုနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဖေးဟို လှမ်းမေးလိုက်သည်။

"ယွမ်ချင်းလား"

"ဟုတ်တယ်"

ထိုလူထံမှ အေးတိအေးစက် အသံထွက်ပေါ်လာသည်။ ဖေးဟိုက ...

"ဒါပေါ့ ... ကျုပ်နောက်လိုက်ခဲ့"

စကားဆုံးလျှင် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွားလေသည်။ ယွမ်ချင်းကလည်း တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com